# အသင်းတော်



ဆရာ ရှမွေလနှိုင်လင်း

# အသင်းတော်

## ဆရာ ရှမွေလနိုင်လင်း

## ၂၀၂၃

# မာတိကာ


သင်ခန်းစာ ( ၁ ) အသင်းတော်၏ပိုင်ရှင် - - - - - - - - - - - - - - - - - - - - - - - - - - -၈

သင်ခန်းစာ ( ၂ ) အသင်းတော်များ - - - - - - - - - - - - - - - - - - - - - - - - - - - - - - -၃၀

သင်ခန်းစာ ( ၃ ) ဘုရားသခင်၏အလိုတော် - - - - - - - - - - - - - - - - - - - - - - - - -၄၅

သင်ခန်းစာ ( ၄ ) သင်းအုပ်ဆရာ၏အရည်အချင်းများ - - - - - - - - - - - - - - - - - ၅၀

သင်ခန်းစာ ( ၅ ) ဓမ္မဟောင်း၌ယဇ်ပုရောဟိတ်ကိုမည်ကဲ့သို့ကြည့်ရှုသနည်း - - ၆၇

သင်ခန်းစာ ( ၆ ) သင်းအုပ်ဆရာကိုမည်ကဲ့သို့ကြည့်ရှုရမည်နည်း - - - - - - - - - -၇၂

သင်ခန်းစာ ( ၇ ) အသင်းတော်၌အစေခံသော ဆရာ/မ၌လိုအပ်သောအချက်များ - -

- - - - - - - - - - - - - - - - - - - - - - - - - - - - – - - - - - - - - - - - - - - - - - ၇၆

သင်ခန်းစာ ( ၈ ) သင်းထောက်များ၏အရည်အချင်း - - - - - - - - - - - - - - - - - -၈၂

သင်ခန်းစာ ( ၉ ) သင်းထောက်များ၏တာဝန်ဝတ္တရားများ - - - - - - - - - - - - - - - ၉၁

သင်ခန်းစာ ( ၁၀ ) သင်းထောက်များသိသင့်သောအချက်များ - - - - - - - - - - - -၉၄

သင်ခန်းစာ ( ၁၁ ) သင်းသူ/သင်းသားများ သင်းအုပ်အပေါ်၌ထားရမည့်တာဝန်

ဝတ္တရားများ- - - - - - - - - - - - – - - - - - - - - - - - - - - - - - - - - - - - - - - - - - ၁၀၁

သင်ခန်းစာ ( ၁၂ ) အသင်းတော်၌အသင်းသူ၊အသင်းသားများ၏တာဝန်ဝတ္တရား

များ - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - ၁၁၆

သင်ခန်းစာ ( ၁၃ ) အသင်းသူ၊ အသင်းသားများ၏ကျင့်ဝတ်များ - - - - - - - - -၁၂၆

သင်ခန်းစာ ( ၁၄ ) အသင်းတော်ကိုပျက်စီးစေသောအသက်တာအချက် (၂၁) ချက်

- - -- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - ၁၃၃

သင်ခန်းစာ (၁၅ ) အသင်းတော်၌ ယုံကြည်သူများတစ်လုံးတစ်ဝဖြစ်စေသော

အချက် (၁၀ ) ချက် - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - — - ၁၄၄

သင်ခန်းစာ ( ၁၆ ) အသင်းသူ/အသင်းသားလိုအပ်သောအချက်များ- - - - - ၁၄၆

# အမှာစာ

အသင်းတော်နှင့်ဆိုင်သော စာအုပ်ကိုရေးသားရသောအခွင့်ကိုပေးတော်မူသော ဘုရားရှင်ရဲ့ကျေးဇူးတော်ကို ရှေးဦးစွာချီးမွမ်းပါသည်။ ဤစာအုပ်ကိုဖတ်ရှုလေ့လာခြင်းအားဖြင့် သင်းအုပ်ဆရာများအတွက်သော်၎င်း၊ သင်းထောက်လူကြီးများအတွက်သော်၎င်း၊ ယုံကြည်သူများအတွက်သော်၎င်း၊ ဝိညာဉ်ပိုင်းအတွက်များစွာအကျိုးသက်ရောက်မှုရှိမည်ဟု ယုံကြည်မျှော်လင့်ပါသည်။ အသင်းတော်၏ပိုင်ရှင်သည် မည်သူဖြစ်သည်ကို ကောင်းကောင်းနားလည်ကြမည်ဟု ယုံကြည်ပါသည်။ လူတိုင်းကြည့်ရှုလေ့လာလိုသူများအတွက်သာ ပြုစုရေးသားထားခြင်းဖြစ်သည်။ အလွယ်တကူနားလည်နိုင်အောင် ရေးသားထားခြင်းဖြစ်သည်။ ဤစာအုပ်ကိုလေ့လာ ဖတ်ရှုသူအစီရောက်တိုင်းအပေါ် ဘုရားသခင်ကောင်းကြီးပေးပါစေ။

စာစီစစ်သူ - Sayama Khin Oo Lin

စာစီစစ်သူ - Saya Ezekiel Aung

စာစီစစ်သူ - Sayama Helen

စာမူရေးသားသူ - pastor Samuel Nai Lin

ကွန်ပြူတာ - Pastor Samuel Nai Lin

ကွန်ပြူတာစာရိုက်သူ - Pastor Samuel Nai Lin

**အမေရိကန်ပြည်ထောင်စုမှရေးသားထားခြင်းဖြစ်သည်။ (၀၃/၁၈/၂၀၂၂)။**

သင်ခန်းစာ ( ၁ )

# အသင်းတော်၏ပိုင်ရှင်

## ၁။ အသင်းတော်၏ပိုင်ရှင်သည်မည်သူဖြစ်သနည်း

ခရစ်တော်က ငါ့အသင်းကိုငါတည်ဆောက်မည်ဟုဆိုသည်။ အသင်းတော်၏ပိုင်ရှင်သည်ခရစ်တော်ဖြစ်သည်။ အသင်းတော်ကို ခရစ်တော်က တည်ဆောက်ရမည်ဖြစ်သည်။ ထိုအသင်းတော်ကို ငရဲတံခါးသည် မနိုင်ရာဟုဆိုသည်။ ဆိုလိုသောအရာသည်(ငရဲတံခါးကိုပိတ်ရမည်)ဟုဆိုလိုခြင်းဖြစ်သည်။ သို့သော်လည်း သင်းအုပ်ကပိုင်သောအသင်းတော်၊သင်းထောက်ကပိုင်သောအသင်းတော်၊ အသင်းသားများကပိုင်သောအသင်းတော်၊စာတန်ကပိုင်သောအသင်းတော်၊ လူမျိုးရေးကပိုင်သော အသင်းတော်၊ လူမှုရေးအဖွဲ့အစည်းကပိုင်သောအသင်းတော်၊ များဖြစ်သောကြောင့် ပျောက်ဆုံးဝိညာဉ်များအတွက် ကောင်းကင်တံခါးကိုပိတ်ပေးကြပြီး၊ ငရဲတံခါးကိုဖွင့်ပေးနေကြသည်။ ခရစ်တော်ကတည်ဆောက်သောအသင်းတော်သည် အလွန်နည်းပါးသည်။

**မဿဲ၊ ၁၆း၁၈ ငါဆိုသည်ကား၊ သင်သည် ပေတရုဖြစ်၏။ ဤကျောက်ပေါ်မှာ ငါ့အသင်းကို ငါတည်ဆောက်မည်။ ထိုအသင်းကို မရဏာနိုင်ငံ၏တံခါးတို့သည် မနိုင်ရာ။**

# ၂။ အသင်းတော်သည်မည်သည့်အချိန်မှစတင်လာသနည်း

ပင်တေကုတ္တေပွဲနေ့ရောက်သောအခါ ဘုရားသခင်ကိုချစ်ကြသောသူများ အပေါင်းတို့သည် နေရာအနှံ့မှ ယေရုရှလင်မြို့သို့ရောက်လာ၍၊ တညီတညွတ်တည်း စည်းဝေး၍နေကြသည်။ ထိုအချိန်၌၊ သန့်ရှင်းသော ဝိညာဥ်တော်ဆင်းသက်၍၊ တမန်တော်များသည် သန့်ရှင်းသောဝိညာဥ်တော်နှင့် ပြည့်ဝကြသဖြင့်၊ တန်ခိုးကိုရ ကြသည်။ ထိုအချိန်မှစ၍၊ တမန်တော်များသည်ယုဒလူ များ၏အပြစ်ကိုဖော်ပြ လျက်၊ တရားကိုဟောကြသည်။ ထိုတရားကိုအသင့်နှလုံးသွင်းမိသော သူတို့သည် ခရစ်တော်ကိုကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်လက်ခံသောသူများသည် ဗတ္တိဇံကို ခံ၍၊ ထိုနေ့၌အရေအတွက်အားဖြင့် သုံးထောင်ရှိသည်။ ထိုသို့အားဖြင့် အသင်း တော်ကိုစတင်လာခဲ့ကြသည်။ အောက်ပါကျမ်းစာ၌ဖော်ပြသောအရာများသည် ရှေး ယုံကြည်သူများ၏ အသက်တာဖြစ်သည်။ ကယ်တင်ခြင်းသို့ ရောက်သောသူတို့ကို လည်းနေ့စဉ်မပြတ် ခရစ်တော်သည် သင်းဝင်စေသည်။

**တ၊ ၂း၄၁-၄၇ ထိုစကားကို အသင့်နှလုံးသွင်းမိသော သူတို့သည် ဗတ္တိဇံကိုခံ၍၊ ထိုနေ့၌အရေအတွက်အားဖြင့် သုံးထောင်မျှလောက်သော သူတို့သည်ဝင်ကြ၏။ ၄၂ ထိုသူများသည် တမန်တော်တို့၏ဆုံးမဩဝါဒကိုခံခြင်း၊ အပေါင်းအသင်းဖွဲ့ ခြင်း၊မုန့်ကိုဖဲ့ခြင်း၊ ပဌာနပြုခြင်းတို့ကို အမြဲဆောင်ရွက်၍နေကြ၏။ ၄၃ လူအ ပေါင်းတို့သည် ကြောက်လန့်ခြင်းရှိသည်ဖြစ်၍ တမန်တော်တို့သည် များစွာသော နိမိတ်လက္ခဏာ၊ အံ့ဘွယ်သောအမှုတို့ကို ပြုကြ၏။ ၄၄ ယုံကြည်သော သူအပေါင်း**

**တို့သည် တစုတဝေးတည်းနေကြသဖြင့်၊ မိမိတို့၌ရှိသမျှကို ဆက်ဆံ၍သုံးဆောင်ကြ၏။ ၄၅မိမိတို့ဥစ္စာပစ္စည်းများကိုရောင်းပြီးလျှင်၊ လူများဆင်းရဲသည်အတိုင်း အသီးအသီးတို့အား ဝေ၍ခြင်းကို ပြုကြ၏။ ၄၆ ထိုသူတို့သည်လည်း ဗိမာန်တော်၌ နေ့တိုင်းအစဉ်တညီတညွတ်တည်းနေ၍၊ကိုယ်အိမ်၌ မုန့်ကိုဖဲ့ လျက်ကြည်ဖြူ ရွှင်လန်းဝမ်းမြောက်သောစိတ်နှင့် အစာအာဟာရကိုသုံးဆောင်ကြ၏။၄၇ ဘုရားသခင်ကိုလည်းချီးမွမ်း၍ လူအပေါင်းတို့ရှေ့မှာ မျက်နှာပွင့်လန်းခြင်း အခွင့်ကိုရကြ၏။ ကယ်တင်ခြင်းသို့ ရောက်သောသူတို့ကိုလည်းနေ့စဉ်မပြတ် သခင်ဘုရားသည် သင်းဝင်စေတော်မူ၏။**

# ၄။ အသင်းတော်၏ဦးခေါင်းသည် မည်သူနည်း

အသင်းတော်၏ဦးခေါင်းသည် ခရစ်တော်ဖြစ်သည်။ ကိုယ်ခန္ဓာ၌ ဦးခေါင်းသည် အရေးကြီးသည်။ ဦးခေါင်းမရှိလျှင်ကိုယ်ခန္ဓာသည် အသေဖြစ်သည်။ ထို့နည်းတူခရစ်တော်ကဦးမဆောင်သော အသင်းတော်သည် အသေဖြစ်သည်။ ခရစ်တော်သည် အလုံးစုံတို့၏ အချုပ်အချာဦးခေါင်းဖြစ်သည်။ ထို့ကြောင့် အသင်းတော်သည် ခရစ်တော်၏အုပ်စိုးခြင်းကိုဝန်ခံ၍၊ခရစ်တော်ကစေခိုင်းသောအရာများကိုလုပ်ဆောင်ရမည်ဖြစ်သည်။ ခပ်သိမ်းသော အထွဋ်အမြတ်၊ အာဏာစက်၊ တန်ခိုး၊ ယခုဘဝနောင်ဘဝ၌ ခေါ် ဝေါ်သမုတ်သောဘွဲ့နာမ ကိုခရစ်တော်၌အပ်ထားသည်။ အလုံးစုံတို့ကိုခြေဘဝါးတော်အောက်သို့ ချထား၍၊ အသင်းတော်၏ဦးခေါင်းဖြစ်သည်။

**ဧ၊ ၁း၁၉-၂၂ ယုံကြည်သောငါတို့၌ ပြတော်မူသော အလွန်ကြီးလှစွာသော တန်ခိုးတော်ကား အဘယ်မျှလောက်ကြီး  သည်ကိုရင်း၊ သင်တို့သည်သိစေခြင်းငှါ၊ သင်တို့၏ ဥာဏ်မျက်စိကို လင်းစေပါမည်အကြောင်း ဆုတောင်း ပဌနာပြု၏။ ၂၀ ထို တန်ခိုးတော်ကား၊ ခရစ်တော်ကိုသေခြင်းမှထမြောက်စေတော်မူ၍ ခရစ်တော်၌ပြုပြင် သော မဟာ  တန်ခိုးအာနုဘော်အရှိန်ကဲ့သို့ဖြစ်၏။၂၁ ခပ်သိမ်းသော အထွဋ်အမြတ်၊ အာဏာစက်၊ တန်ခိုး၊ အစိုးရခြင်းမှစ၍ ယခုဘဝနောင်ဘဝ၌ ခေါ် ဝေါ်သမုတ်သော ဘွဲ့နာမအလုံးစုံတို့အထက်၊ ကောင်းကင်အရပ်၌ မိမိလက်ျာတော်ဘက်မှာ အလွန်မြင့် မြတ် သောနေရာကို ခရစ်တော်အား ပေးတော်မူ၍၊ ၂၂ ခြေဘဝါးတော်အောက်သို့ အလုံးစုံတို့ကို ချထားသဖြင့်၊အသင်းတော်ဘို့အလိုငှါ၊ သူ့ကိုအလုံးစုံတို့၏ အချုပ်အ ခြာဦးခေါင်းဖြစ်စေတော်မူ၏။**

# ၅။ ခရစ်တော်၏ကိုယ်သည်မည်သည့်အရာနည်း

**ဧ၊ ၁း၂၃ ထိုအသင်းတော်ကား၊  အလုံးစုံတို့ကို အလုံးစုံတို့နှင့် ပြည့်စုံစေ တော်မူသော  သူ၏ပြည့်စုံခြင်းတည်းဟူသော ခရစ်တော်၏ကိုယ် ဖြစ်သတည်း။**

အသင်းတော်သည် ခရစ်တော်၏ကိုယ်ဖြစ်သည်။  အသင်းတော်သည် အဆောက်အအုံမဟုတ်၊  ယုံကြည်သူများဖြစ်သည်။ယုံကြည်သူများ၏အထဲ၌၊ ခရစ်တော်သည် ဝိညာဉ်တော်အားဖြင့် ကျိန်းဝပ်၍၊ ခရစ်တော်၏ကိုယ်ဖြစ်ကြသည်။ ခရစ်တော်၏၊  ကိုယ်ကိုတည်ဆောက်ဖို့ရန်  ရွေးကောက်ခြင်းခံရသောသူများကိုဤ ကဲ့သို့တွေ့ရသည်။

ဧ၊ ၄း၁၁-၁၅ ခရစ်တော်၏ကိုယ်တော်ကိုတည်ဆောက်၍ဓမ္မဆရာ၏ အမှုကို ပြုတတ်မည်အကြောင်း၊ ၁၂ သန့်ရှင်းသူတို့ကိုပြင်ဆင်ခြင်းအလို့ငှါ၊ ထိုသခင်သည် လူအချို့တို့ကို **တမန်တော်အရာ၌ရင်း၊** အချို့တို့ကို **ပရောဖက်အရာ၌ရင်း၊** အချို့တို့ကိုသာသနာပြုအရာ၌ရင်း၊ အချို့တို့ကို **သင်းအုပ်ဆရာ၊ ဆရာအရာ၌ရင်း၊** ခန့်ထားတော်မူ၏။ ၁၃ ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့ရင်း၊ ဘုရားသခင်၏သားတော်ကို သိကျွမ်းခြင်းသို့ရင်း၊ တညီတညွတ်တည်းရောက်၍ ခရစ်တော်၏ပြည့်စုံခြင်း ပမာဏအရပ်တည်း**ဟူသော ကြီးရင့်သော လူ**၏အဖြစ်သို့ ရောက်ကြသည်တိုင်အောင်ဖြစ်သတည်း။ ၁၄အကြောင်းမူကား၊ သူတပါးတို့ သည် လူပရိယာယ်နှင့် အပြစ်သို့သွေးဆောင်ခြင်းငှါ လှည့်ဖြား ပြောဆိုသဖြင့်၊ ငါတို့သည်နောက်တဖန် ခပ်သိမ်းသော ဩဝါဒ လေတိုက်၍ဖရိုဖရဲလွင့်သွားသော သူငယ် မဖြစ်ဘဲလျက်၊ ၁၅မေတ္တာစိတ်နှင့်သမ္မာတရားကို ဟောပြောသဖြင့်၊ ဦးခေါင်းတည်းဟူသော ခရစ်တော်မှာ အရာရာတို့၌ ကြီးပွားကြမည် အကြောင်းတည်း။

၁ကော၊ ၁၂း၂၇-၃၀ သင်တို့သည် ခရစ်တော်၏ ကိုယ်ဖြစ်ကြ၏။ အသီးအသီး အင်္ဂါတော်ဖြစ်ကြ၏။ **၂၈ဘုရားသခင်သည်ပဌမအရာ၌တ**မန်တော်တို့ကိုရင်း၊ ဒုတိယအရာ၌ ပရောဖက်တို့ကိုရင်း၊ တတိယ အရာ၌ ဆရာတို့ကိုရင်း၊ ထိုနောက် တန်ခိုးပြသော သူတို့ကိုရင်း၊ ထိုနောက်အနာရောဂါကို ငြိမ်းစေနိုင်သော အခွင့်ရှိသော သူတို့ကိုရင်း၊ သင်းထောက်တို့ကိုရင်း၊ စီရင် အုပ်စိုးသော သူတို့ကိုရင်း၊ အမျိုးမျိုးသော ဘာသာစကား ကိုပြောနိုင်သော သူတို့ကိုရင်း၊ အသင်းတော်၌ ခန့်ထားတော်

**မူ၏။ ၂၉ သင်းဝင်သူရှိသမျှတို့သည် တမန်တော်ဖြစ်ကြ သလော။ ရှိသမျှတို့သည် ပ ရောဖက်ဖြစ်ကြသလော။ ရှိသမျှတို့သည် ဆရာဖြစ်ကြသလော။ ရှိသမျှတို့သည် တန်ခိုးကို ပြနိုင်ကြသလော။ ၃၀ ရှိသမျှတို့သည် အနာရောဂါကို ငြိမ်းစေနိုင်သော အ ခွင့်ရှိကြသလော။ ရှိသမျှတို့သည် အမျိုးမျိုးသော ဘာသာစကားကို ပြောနိုင်ကြ သလော။ ရှိသမျှတို့သည် ထိုဘာသာစကား၏ အနက်ကို ဘော်ပြနိုင်ကြသလော။**

**၁ကော၊ ၁၂း၁၂-၁၃ ဥပမာကား၊ ကိုယ်တခုတည်း၌ အင်္ဂါအများရှိသည်ဖြစ်၍ ထိုတခုတည်းသောကိုယ်အင်္ဂါ အပေါင်းတို့ သည်များလျက်နှင့် ကိုယ်တခုတည်းဖြစ် သကဲ့သို့၊ ထိုနည်းတူ ခရစ်တော်ဖြစ်၏။ ၁၃ အကြောင်းမူကား၊ ယုဒလူဖြစ်စေ၊ ဟေလသလူဖြစ်စေ၊ ကျွန်ဖြစ်စေ၊ လူလွတ်ဖြစ်စေ၊ ငါတို့ရှိသမျှသည် ဝိညာဉ်တော်တ ပါးတည်းအားဖြင့် တကိုယ်တည်းထဲသို့ ဗတ္တိဇံကိုခံကြ၏။ငါတို့ရှိသမျှသည် တစိတ် တဝိညာဉ် တည်းထဲသို့လည်း သောက်ကြ၏။**

ယုံကြည်သူများသည် ခရစ်တော်၏ကိုယ်အင်္ဂါများဖြစ်ကြသည်။ ခရစ်တော်၏ကိုယ်ကိုတည်ဆောက်ဖို့ရန်အတွက်တမန်တော်များ၊ပရောဖက်များ၊ ဆရာများ၊ တန်ခိုးပြသော သူများ၊အနာရောဂါကို ငြိမ်းစေနိုင်သောအခွင့်ရှိသော သူများသင်းထောက်များ၊ စီရင် အုပ်စိုးသော သူများ၊ အမျိုးမျိုးသော ဘာသာစကား ကိုပြောနိုင်သော သူတို့ကိုဒင်း၊ အသင်းတော်၌ ခန့်ထား၍၊ ဝိညာဉ်တော်တစ်ပါး တည်းဟူသော ခရစ်တော်သည်အကျွန်ုပ်တို့၏ကိုယ်ထဲ၌ရှိ၍၊ခရစ်တော်၏ကိုယ်အင်္ဂါ အသီးသီးဖြစ်ကြသည်။ အသင်းတော်၌ဆုတောင်းခြင်း၊ ဧဝံဂေလိတရားဟောပြော

ခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၊ အသင်းတော်၌ပါဝင်လုပ်ဆောင်ခြင်းများသည် ခရစ်တော်၏ကိုယ်ကိုတည်ဆောက်ခြင်းဖြစ်သည်။

## ၆။ အသင်းတော်သည် မည်သူ၏အုပ်စိုးခြင်းကိုဝန်ခံရမည်နည်း

အသင်းတော်သည် ခရစ်တော်၏အုပ်စိုးခြင်းကိုဝန်ခံရမည်ဖြစ်သည်။ အဘယ်ကြောင့်ခရစ်တော်၏အုပ်စိုးခြင်းကိုဝင်ခံရမည်သနည်း၊ အသင်းတော်၏ဦးခေါင်းသည် ခရစ်တော်ဖြစ်သောကြောင့် ဖြစ်သည်။ မိန်းမ၏ဦးခေါင်းသည် ယောကျ်ားဖြစ်သောကြောင့် မိန်းမသည်ကိုယ့်ယောကျ်ား၏အုပ်စိုးခြင်းကို ဝန်ခံသကဲ့သို့ အသင်းတော်သည်လည်း အရာရာ၌၊ ခရစ်တော်၏အုပ်စိုးခြင်းကို ဝန်ခံရမည်ဖြစ်သည်။ ခရစ်တော်ကိုအုပ်စိုးစေခြင်းသည် သူ၏စကားကိုနားထောင်၍၊ သူစေခိုင်းသောအရာများကိုလုပ်ဆောင်ခြင်းဖြစ်သည်။ သင်းအုပ်မှစ၍၊သင်းသူသင်းသားများအားလုံးသည် ခရစ်တော်၏စကားကို နေ့ရက်အစဉ်တိုင်းနာခံလိုက်လျှောက်ရမည်ဖြစ်သည်။

**ဧ၊ ၅း၂၄ အသင်းတော်သည် ခရစ်တော်၏ အုပ်စိုးတော်မူခြင်းကို ဝန်ခံသကဲ့သို့၊ မိန်းမတို့လည်း ကိုယ်ခင်ပွန်း၏ အုပ်စိုးခြင်းကို အရာရာ၌ဝန်ခံရကြမည်။**

# ၇။ အသင်းတော်သည် ခရစ်တော်၏မည်သည့်အရာနည်း

ခရစ်တော်သည် အသင်းတော်၏ သတို့သားလောင်းဖြစ်၍၊ အသင်းတော်သည်ခရစ်တော်၏သတို့သမီးလောင်းဖြစ်သည်။ မကြာခင်လက်ထပ်တော့မည်ဖြစ်သည်။ ထို့ကြောင့် သတို့သားကိုမျှော်လင့်လျှက် သန့်သန့်ရှင်းရှင်း အသက်ရှင်ဖို့ရန်ဖြစ်သည်။ယခုမှာပင်လျှင်များစွာသော အသင်းတော်များသည်ညစ်ညူးကြသည်။ ဤလောကနဲ့ မိဿဟာယဖွဲ့၍ညစ်ညူးကြသည်။ခရစ်တော်ကို အကြွင်းမဲ့ချစ်သော စိတ်ပျောက်၍၊ ဤလောကကိုသာချစ်ကြသည်။ အသင်းတော်များသည် စာတန်၏လှည့်ဖြားခြင်းကိုခံရ၍၊ စာတန်ဦးဆောင်သော အသင်းတော်များဖြစ်လာကြသည်။

**၂ကော၊ ၁၁း၂-၃ အကြောင်းမူကား၊ ငါသည်သင်တို့ကို သီလနှင့် ပြည့်စုံသော သတို့သမီးကညာကဲ့သို့ ခရစ်တော်အား ဆက်အံ့သောငှါ၊ သင်တို့ကို လင်တဦးနှင့် ထိမ်းမြားဆောင်နှင်းပြီးသောကြောင့် ဘုရားသခင်၏ အလိုတော် အတိုင်း စိုးရိမ်သောစိတ်နှင့်သင်တို့ကို စောင့်ရှောက်လျက် နေ၏။ ၃ မြွေသည်မိမိပရိယာယ်အားဖြင့် ဧဝကိုလှည့်စားသကဲ့သို့၊ သင်တို့သည် စိတ်ဆွေးမြေ့ယိုယွင်း၍၊ ခရစ်တော်ကို အကြွင်းမဲ့ချစ်သောစိတ် ပျောက်မည်ဟု စိုးရိမ်ခြင်းရှိ၏။**

# ၈။ ခရစ်တော်၏ကိုယ်တည်းဟူသောအသင်းတော်နှင့်ကွာလျှင် မည်သည့်အရာဖြစ်မည်နည်း

အသင်းတော်သည် ခရစ်တော်၏ကိုယ်ဖြစ်သည်။ ထို အသင်းတော်သည် ယုံကြည်သူများကိုဆိုခြင်း ဖြစ်သည်။ ခရစ်တော်က ငါသည် မှန်သောစပျစ်နွယ်ပင် ဖြစ်သည်ဟု ဆိုသည်။ သင်တို့သည်အခက်များဖြစ်ကြသည် ဟုဆိုသည်။ စပျစ်ခက်သည် အပင်၌မတည်လျှင် သွေ့ခြောက်သောအခက် ဖြစ်မည်ဖြစ်သည်။ ထို့နည်းတူ ကိုယ်ခန္ဓာ၌ရှိသောအင်္ဂါအများရှိကြသည်။ ထိုအင်္ဂါများသည် ကိုယ်ခန္ဓာနှင့်ကွာလျှင် ပျက်စီးသွားမည်ဖြစ်သည်။ ထို့ ကြောင့်ယုံကြည်သူများသည်လည်းအသင်းတော်တည်းဟူသော ခရစ်တော်၏ကိုယ်နှင့်ကွာလျှင် အသက်တာခမ်းခြောက်မည် ဖြစ်သည်။ ငြိမ်သက်ခြင်း၊ပျော်ရွှင်ခြင်း၊ဝမ်းမြောက်ခြင်းရှိမည်မဟုတ်။အိမ်ထဲ၌သော်ငင်း၊အိမ်ပြင်၌သော်ငင်း၊ မြို့ထဲ၌သော်ငင်း၊ တော၌သော်ငင်း၊ အသက်တာသွေ့ခြောက်သွားမည် ဖြစ်သည်။ လင်မယားသည် နှစ်ယောက်မဟုတ်၊ တစ်ယောက်တည်းဖြစ်သည်။ ထို လင်မယားသည် ကွာသောအခါ အလွန်နာကြင်ခြင်းဝေဒနာကိုခံစားရကြသည်။ထို့နည်းသူ ယုံကြည်သူများသည်လည်း ခရစ်တော်၏ကိုယ်တည်းဟူသော အသင်းတော်နှင့်ကွာလျှင် ဝိညာဉ်ပိုင်း၌ပျက်စီးခြင်းသို့ရောက်မည်ဖြစ်သည်။ ကိုယ်ပါဝင်သော အသင်းတော်အပေါ်မှာ သစ္စာရှိဖို့ ရန်လိုသည်။

ယောဟန်၊ ၁၅း၁-၇ ငါသည် မှန်သောစပျစ်နွယ်ပင်ဖြစ်၏။ ငါ့ခမည်းတော်သည်လည်း ဥယျာဉ်စောင့်ဖြစ်တော်မူ၏။ ၂ငါ၌အသီးမသီးသောအခက်ရှိသမျှတို့ကို ခုတ်ပစ်တော်မူ၏။ အသီးသီးသောအခက်ရှိသမျှတို့ကို သာ၍ သီးစေခြင်းငှါ သုတ်သင် ရှင်းလင်းတော်မူ၏။ ၃သင်တို့သည် ငါဟောပြောသောစကားအားဖြင့် ယခုပင်ရှင်းလင်းလျက်ရှိကြ၏။ ၄ငါ၌တည်နေကြလော့။ငါသည်လည်း သင်တို့၌တည်နေမည်။ စပျစ်ခက်သည် အပင်၌မတည်လျှင်၊ ကိုယ်အလိုအလျောက် အသီးမသီးနိုင်သကဲ့သို့၊ သင်တို့သည် ငါ၌မတည်လျှင် အသီးမသီးနိုင်ကြ။ ၅ ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည်အခက်များဖြစ်ကြ၏။ အကြင်သူသည် ငါ၌တည်၍ ငါသည် လည်းသူ့၌တည်၏၊ ထိုသူသည် များစွာသောအသီးကိုသီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှု ကိုမျှ မတတ်နိုင်ကြ။ ၆ငါ၌ မတည်သောသူသည် သွေ့ခြောက်သောအခက်ကဲ့သို့ ပြင်သို့ပစ်လိုက်ခြင်းကိုခံရ၏။ ထိုသို့သော အခက်များကို လူတို့သည်စုသိမ်း၍ မီးထဲသို့ ချလိုက်ကြသဖြင့် မီးလောင်ခြင်းသို့ ရောက်ကြ၏။ ၇ သင်တို့သည် ငါ၌တည်၍ ငါ့စကားသည်သင်တို့၌တည်လျှင်၊ သင်တို့သည်တောင်းချင်သမျှကို တောင်း ၍ရကြလိမ့်မည်။

## ၉။ အသင်းတော်ကိုမည်သည့်အရာနှင့်သန့်ရှင်းစေရမည်နည်း

ကိုယ်ခန္ဓာသန့်ရှင်းဖို့ရန်အတွက် မိမိကိုယ်ကိုသောက်သုံးရေအားဖြင့်၊သန့်ရှင်းစေသကဲ့သို့၊ခရစ်တော်၏ကိုယ်တည်းဟူသော အသင်းတော်ကို နှုတ်ကပတ်တော်

ရေအားဖြင့် သန့်ရှင်းစေရမည်ဖြစ်သည်။ ဘုရားသခင်၏အသင်းတော်တည်းဟူသောယုံကြည်သူများသည်၊ ကျမ်းစာဖတ်ခြင်း၊ တရားနာခြင်း၊ အားဖြင့်အမြဲတမ်းကိုယ်ကိုကိုယ်သန့်ရှင်းစေရမည်ဖြစ်သည်၊၊ သို့မဟုတ်လျှင်၊ ဇာတိနဲ့အသက်ရှင်၍၊ လောကီသားများကဲ့သို့ ဘုရားနှင့်ဝေးကြမည်ဖြစ်သည်။

**ဧ၊ ၅း၂၆-၂၇ ထိုအသင်းတော်သည် သန့်ရှင်းလျက် အပြစ်ကင်းလျက်ရှိသည်ဖြစ်၍၊ ၂၇ အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှ စသည်တို့နှင့် လွတ်လပ်သဖြင့်၊ အသရေတင့်တယ်လျက် ရှိသော အသင်းတော်ကို ခရစ်တော်သည်မိမိအားဆက်သအံ့သောငှါ၊နှုတ်ကပတ်တော်ရေ၌ ဆေးကြော ခြင်းအားဖြင့်စင်ကြယ်သန့်ရှင်းစေမည်အကြောင်း၊ ထိုအသင်းတော်အဘို့အလို့ငှါကိုယ်ကို ကိုယ်စွန့်တော်မူ၏။**

# ၁၀။အသင်းတော်၌အခြားသော ဘာသာစကားပြောရမည်လော

ကျမ်းစာ၌ မသိသော ဘာသာစကားဟူ၍ မတွေ့ရချေ။ အခြားသော ဘာသာစကားဟူ ၍တွေ့ရသည်။ များစွာသော သူများသည် အသင်းတော်၌ မသိသောဘာသာစကားကို ပြောကြသည်။ မည်သူမှ နားမလည်နိုင်သော စကားများဖြစ်သည်။ ကျမ်းစာ၌ အခြားသော ဘာသာစကားကို ပြောသောသူ့ရှိလျှင် စကားပြန် အများဆုံး သုံးယောက်ရှိရမည်ဟု ဆိုသည်။ ထို့ ကြောင့် အသင်းတော်၌ အခြားသော ဘာသာစကားပြောသောသူရှိလျှင် စကားပြန်နှင့် ဟောပြောစေ၊စကားပြန် မရှိလျှင်၊ အသင်းတော်၌ ဟောပြောသောသူသည် တိတ်ဆိတ်စွာနေ၍၊ ဘုရားသခင်အားသာ

ပြောစေဟု တွေ့ရသည်။ ထို အရာ များကိုလည်း အသင်းတော်၌ သတိထားဖို့လို သည်။

**၁ကော၊ ၁၄း၂၆-၂၈ ညီအစ်ကိုတို့၊ အဘယ်သို့နည်း။ သင်တို့စည်းဝေးကြ သောအခါ၊ ဆာလံသီချင်းကို ရသောသူ၊ ဆုံးမဩဝါဒ စကားကို ရသောသူ၊အခြား သောဘာသာစကားကို ရသောသူ၊ဗျာဒိတ်တော်ကိုရသောသူ၊ အနက်ဘော်ပြရာ ကိုရ သောသူ၊ အသီးအသီးရှိကြသည်ဖြစ်၍၊ ခပ်သိမ်း သောအမှုတို့ကို တည်ဆောက်ခြင်း အလို့ငှါ စီရင်ကြ လော့။ ၂၇ အခြားသော ဘာသာစကားဖြင့် ဟောပြော သော သူရှိ လျှင်၊ နှစ်ယောက်ဖြစ်စေ၊ အများဆုံးဆိုသော် သုံးယောက်ဖြစ်စေ၊ တယောက်နောက် တယောက် ပြော၍ တယောက်သောသူသည် အနက်ကိုဘော်ပြစေ။ ၂၈ စကားပြန်မရှိ လျှင်၊ ဟောပြောသောသူသည် အသင်းတော်၌ တိတ်ဆိတ်စွာနေ၍ မိမိအားရင်း၊ ဘုရား သခင်အားရင်း ပြောစေ။**

## ၁၀။ အသင်းတော်၌ ဘုရားစကားနားမထောင်သောသူကိုမည် ကဲ့သို့ပြုရမည်နည်း

အသင်းတော်၌၊ တစ်ယောက်နှင့်တစ်ယောက် မဟုတ်မမှန်ဘဲ၊ အပြစ်တင် ခြင်းခံရလျှင်၊ သူ၏အပြစ်ကိုဖော်ပြ၍၊ အရင် ဆုံးမရမည်။ သူသည်လက်မခံလျှင်၊ လူနှစ်ဦးသုံးဦးကိုခေါ်၍၊ဆုံးမရမည်။ သူသည်ထပ်၍ နားမထောင်လျှင်၊အသင်း တော်အားပြော၍၊ အသင်းတော်အားဖြင့်သူ၏အပြစ်ကိုဖော်ပြ၍ သွန်သင်ရမည်။

အသင်းတော်၏စကားကို နားမထောင်လျှင်၊သာသနာ ပလူကဲ့သို့ရင်း၊ အခွန်ခံ ကဲ့သို့ရင်း ထိုသူကိုမှတ်ရမည်။ အသင်းတော် နာမည်စရင်းမှ ပယ်ရှားခြင်းမဟုတ် ဘဲ၊ အသင်းတော်၌ မည်သည့်တာဝန်များကိုလုံးဝ မပေးအပ်ဖို့ရန်ဆိုလိုခြင်း ဖြစ်သည်။

**မဿဲ၊ ၁၈း၁၅-၁၈ ထို့ကြောင့် သင်၏ညီအစ်ကိုသည် သင့်ကိုပြစ်မှားလျှင်၊ သူ့ဆီသို့သွား၍ နှစ်ယောက်တည်းချင်း သူ၏ အပြစ်ကိုပြ၍ဆုံးမလော့။ သူသည် သင်၏စကားကိုနားထောင်လျှင် ညီအစ်ကို ကိုရပြီ။ ၁၆ သို့မဟုတ် သင်၏စကားကို နားမထောင်လျှင်။ လူနှစ်ဦးသုံးဦး သက်သေခံ၍စကားရှိသမျှတို့ကို တည် စေခြင်းငှာ ကိုယ်နှင့်အတူ လူတဦးနှစ်ဦးကိုခေါ် ဦးလော့။ ၁၇ ထိုသူတို့၏စကားကို နားမထောင် လျှင် အသင်းတော်အားကြားပြောလော့။ အသင်းတော်၏စကားကို နားမထောင် လျှင်၊ သာသနာ ပလူကဲ့သို့ရင်း၊ အခွန်ခံကဲ့သို့ရင်း ထိုသူကိုမှတ်လော့။ ၁၈ ငါအမှန် ဆိုသည်ကား၊ မြေကြီးပေါ်မှာသင်တို့ ချည်နှောင်သမျှသည် ကောင်းကင်ဘုံ၌ ချည်နှောင်လျက် ရှိလိမ့်မည်။ မြေကြီးပေါ်မှာဖြည်လွှတ်သမျှသည် ကောင်းကင်ဘုံ ၌ ဖြည်လွှတ်လျက် ရှိလိမ့်မည်။**

## ၁၁။ အသင်းတော်၌လိင်တူဆက်ဆံခြင်းကိုလက်ခံရမည်လော

အသင်းတော်၌ ယောကျာ်းချင်း၊ မိန်းမချင်း ပေါင်းဖော်ခြင်းများကိုလက်ခံရ မည်လော။ လက်မခံရ၊ လက်မထပ်ပေးရဘုရားသခင် ရှေ့တော်၌ ရွံရှာဘွယ်သော အရာ ညစ်ညူးသောအရာဖြစ်သည်။ ယခုကာလသည် နောက်ဆုံးသော ကာလဖြစ်

သောကြောင့် လိင်တူဆက်ဆံခြင်းကို ရွံရှာဘွယ်ဖြစ်သည်ကို မသိကြ။ ဘုရားရှေ့၌ ညစ်ညူးသော အရာဖြစ်သည်ဟု မသိကြချေ။ ထို့ကြောင့် အကောင်းကိုမကောင်း၊ မကောင်းကိုအကောင်းဟူ၍၎င်း၊ မဟုတ်ကိုအဟုတ်၊ အဟုတ်ကိုမဟုတ်၍ လူ များ လက်ခံသော ခေတ်ရောက်နေပြီ။ လိင်တူဆက်ဆံခြင်းကို ထောက်ခံသော အသင်းတော်များနှင့် တိုင်းနိုင်ငံများစွာရှိနေပြီ။ ထိုအရာများကို အသင်းသူ၊အသင်းသားများ အားလုံးသိဖို့ရန် သွန်သင်ပေးဖို့ရန်လိုသည်။

**ဝတ်၊ ၁၈း၂၂-၂၅ မိန်းမနှင့် ပေါင်းဘော်သကဲ့သို့ ယောကျ်ားချင်းမပေါင်းဘော်ရ။ ရွံရှာဘွယ်အမှုဖြစ်၏။ ၂၃ ကိုယ့်ကိုကိုယ် ညစ်ညူး စေ၍ တိရစ္ဆာန်နှင့်မပေါင်းဘော်ရ။ မိန်းမသည်လည်း မိမိနှင့် တိရစ္ဆာန်၏ ပေါင်းဘော်ခြင်းကို မခံရ။ ရွံရှာဘွယ်သော ရော နှောခြင်းဖြစ်၏။ ၂၄ ထိုသို့သော အမှုအားဖြင့် ကိုယ်ကို ကိုယ် မညစ်ညူးစေရ။ သင်တို့ရှေ့မှာ ငါနှင်ထုတ်သော လူအမျိုး မျိုးတို့သည်၊ ထိုသို့သော အမှုကို ပြု၍ ညစ်ညူးကြ၏။ ၂၅ သူတို့ ပြည်သည်လည်း ညစ်ညူး၏။ ညစ်ညူးသော အပြစ်ကြောင့် ငါဆုံးမ၍၊ ထိုပြည်သည် မိမိ သားတို့ကို အော့အန်လိမ့်မည်။**

# ၁၂။ အသင်းတော်သည်မည်သည့်တည်ရာနည်း

အသင်းတော်သည် လူမှုအဖွဲ့အစည်းမဟုတ်၊ အသက်ရှင်သော ဘုရား၏အသင်းတော်ဖြစ်သည်။ သမ္မာတရား၏ အမှီတကဲဖြစ်၏။သမ္မာတရား၏တည်ရာ

လည်းဖြစ်၏။ထို့ကြောင့် အသင်းတော်အားဖြင့်သာ သမ္မာတရားကြားနိုင်မည်ဖြစ်သည်။

**၁တိ၊ ၃း၁၄-၁၅သင်ရှိရာသို့ ငါမြန်မြန်လာမည်ဟုမြော်လင့်ခြင်းရှိသော်လည်း တာရှည်စွာနေလျှင်၊ သင်သည်ဘုရားသခင်၏အိမ်ထောင်၌ အဘယ်သို့ကျင့်ကြံပြုမူရမည်ကို သိစေခြင်းငှါ ဤသို့ငါရေး၍ ပေးလိုက်၏။ ထိုအိမ်တော်ကား၊ အသက်ရှင်တော်မူသော ဘုရားသခင်၏အသင်းတော်ဖြစ်၏။ ၁၅ ထိုအသင်းတော်ကား၊ သမ္မာတရား၏ အမိုတကဲဖြစ်၏။ သမ္မာတရား၏တည်ရာလည်းဖြစ်၏။**

# ၁၃။ အသင်းတော်၏တာဝန်သည် မည်သည့်အရာနည်း

အသင်းတော်၏တာဝန်သည် မြေကြီးစွန်းတိုင်အောင်သွား၍ လူများကယ်တင်ခြင်းသို့ ရောက်၍ သမ္မာတရားကိုသိဖို့ရန် ဧဝံဂေလိတရားကို ဟောပြောဖို့ရန်ဖြစ်သည်။ အသင်းတော်သည် ခရစ်တော်၏ သေခြင်းမှအသက်ရှင်ခြင်းအကြောင်းကို သက်သေခံဖို့ရန်ဖြစ်သည်။ သို့သော်လည်း များစွာသော အသင်းတော်များသည် သက်သေမခံကြချေ။ အလွန်ဝမ်းနည်းဖို့ကောင်းသည်။ အသက်ရှင်သော အသင်းတော်သည် ခရစ်တော်အကြောင်းကို သက်သေခံရမည်ဖြစ်သည်။ သေနေသော အသင်းတော်သည် သက်သေခံမည်မဟုတ်၊ ထိုသို့သောအားဖြင့် သေနေသော အသင်းတော်နှင့် အသက်ရှင်သော အသင်းတော်ကို ပိုင်းခြား၍သိနိုင်သည်။

**တ၊ ၁း၈ထိုသို့မရှိသော်လည်း၊ သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်**

ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြ လိမ့်မည်ဟု မိန့်တော်မူ၏။

မာကု၊ ၁၆း၁၅-၁၆ သင်တို့သည် လောကီနိုင်ငံအရပ်ရပ် ရှိသမျှသို့သွား၍၊ ဝေနေယျသတ္တဝါအပေါင်းတို့အားဧဝံဂေလိတရားကို ဟောကြလော့။ ၁၆ ယုံကြည်၍ ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတံ့။ မယုံကြည်သောသူ မူကားအပြစ်စီရင်ခြင်းကို ခံရလတံ့။

မဿဲ၊ ၂၈း၁၈-၂၀ ယေရှုသည် အနီးအပါးသို့ ချဉ်းတော်မူပြီးလျှင်၊ ကောင်းကင်ဘုံ၌ရင်း၊ မြေကြီးပေါ်၌ရင်း၊ စီရင်ပိုင် သော အခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ။ ၁၉ သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့် ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊သန့်ရှင်းသော ဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကို ပေးကြလော့။ ၂၀ ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြ လော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ် ရှိသည်ဟု တပည့်တော်တို့ အား မိန့်တော်မူ၏။

# ၁၄။ အသင်းတော်၌ခွဲခြားခြင်းရှိရမည်လော

ခရစ်တော်ကို ယုံကြည်လက်ခံသောသူများသည် တစ်လုံးတစ်ဝတည်းဖြစ်၍ လူမျိုးရေးခွဲခြားခြင်းများမရှိတော့ချေ။ အောက်ပါကျမ်းစာ၌ ဖော်ပြသည်အတိုင်း ခရစ်တော်၌ရှိလျှင်၊ အာဗြဟံ၏ အမျိုးအနွယ်ပင်ဖြစ်ကြသဖြင့်၊ဂတိတော်အတိုင်း

ထာဝရအမွေကိုခံရမည့်သူများဖြစ်ကြသည်။ ခရစ်တော်၌ တစ်လုံးတစ်ဝတည်းဖြစ်၍ လူမျိုးရေးမရှိတော့ချေ။

**ဂ၊ ၃း၂၆-၂၉ အဘယ်သို့နည်းဟူမူကား၊ သင်တို့အပေါင်းသည် ယေရှုခရစ်ကို ယုံကြည်သဖြင့် ဘုရားသခင်၏သား ဖြစ်ကြ၏။ ၂၇ခရစ်တော်၌ ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည် ခရစ်တော်ကို ယူတင်ဝတ်ဆောင်သောသူဖြစ်ကြ၏။ ၂၈ ယေရှုခရစ်၌ယုဒလူမရှိ၊ ဟေလသလူမရှိ၊ ကျွန်မရှိ။ လူလွတ်မရှိ၊ ယောကျ်ားမရှိ၊ မိန်းမမရှိ၊ထိုသခင်၌ သင်တို့အပေါင်းသည် တလုံးတဝတည်းဖြစ်ကြ၏။ ၂၉ ခရစ်တော်နှင့်စပ်ဆင်လျှင်အာဗြဟံ၏ အမျိုးအနွယ်ပင်ဖြစ်၍၊ ဂတိတော်အတိုင်း အမွေခံ၏ အရာ၌ တည်ကြ၏။**

# ၁၅။ အသင်းတော်၌သာဓု၊သစ္စာရှိသောငယ်သားကောင်း

အသင်းတော်ထဲ၌ ယုံကြည်သူများကို တာဝန်အသီးသီးကို ဘုရားသခင်အပ်ထားသည်။ ကိုယ့်တာဝန်ကျရာ၌၊သစ္စာရှိစွာဖြင့်ပါဝင်၍၊ ချီဆောင်ခြင်းနေ့ရက်တိုင်အောင်လုပ်ဆောင်ဖို့ရန်ဖြစ်သည်၊ ထိုသို့လုပ်ဆောင်လျှင်၊ ခရစ်တော်နှင့်တွေ့ဆုံသောအခါ၊ သာဓု၊ သစ္စာရှိသော ငယ်သားကောင်းဟုအခေါ် ခံရမည်ဖြစ်သည်။ ဆိုးညစ်ပျင်းရိသောငယ်သား မဖြစ်ဖို့အရေးကြီးသည်။ အသင်းတော်အပေါ်၌ သစ္စာရှိခြင်း၊ သင်းအုပ်၊ သင်းထောက်၊ လူလူချင်းအပေါ်၌သစ္စာရှိဖို့လိုသည်။ သစ္စာမရှိသောသူကို ဘုရားသခင်သည် ကြီးသောအမှုအပ်မည်မဟုတ်ပေ။

မဿဲ၊ ၂၅း၂၀-၃၀ အခွက်ငါးဆယ်ကို ခံသောသူသည်ချဉ်းကပ်၍ အခြားသောအခွက်ငါးဆယ်ကိုဆက်လျက်၊သခင်၊ ကိုယ်တော်သည်အကျွန်ုပ်၌ အခွက်ငါးဆယ်ကို အပ်ပေးတော်မူ၏။ အခြားသောအခွက်ငါးဆယ်ကို အကျွန်ုပ် အမြတ်ရပါပြီဟု လျှောက်လေ၏။၂၁ အရှင်ကလည်း၊ သာဓု၊ သစ္စာရှိသော ငယ်သားကောင်း။ သင်သည် အမှုငယ်၌သစ္စာစောင့်လေပြီ။ များ စွာသော အမှုအခွင့်ကို သင်၌ငါအပ်ပေးမည်။ သင်၏သခင်နှင့်အတူ စည်းစိမ်ကိုဝင်စားလော့ဟု မိန့်တော် မူ၏။ ၂၂ အခွက်နှစ်ဆယ်ကို ခံသောသူသည်လည်းချဉ်းကပ်၍ သခင်၊ ကိုယ်တော်သည် အကျွန်ုပ်၌ အခွက်နှစ် ဆယ်ကို အပ်ပေးတော်မူ၏။ အခြားသောအခွက်နှစ်ဆယ်ကို အကျွန်ုပ် အမြတ်ရပါပြီဟု လျှောက်လေသော်၊ ၂၃အရှင်က၊ **သာဓုသစ္စာရှိသောငယ်သားကောင်း၊ သင်သည်အမှုငယ်၌သစ္စာစောင့်လေပြီ။** များစွာသော အမှုအခွင့်ကို သင်၌ငါအပ်ပေးမည်။ သင်၏ သခင်နှင့်အတူ စည်းစိမ်ကိုဝင်စားလော့ဟု မိန့်တော်မူ၏။ ၂၄အခွက်တဆယ်ကို ခံသောသူသည်လည်း ချဉ်းကပ်၍ သခင်၊ ကိုယ်တော်သည် ခဲယဉ်းသောသူဖြစ် သည်နှင့် ကိုယ်မစိုက်မပျိုးသောအရပ်၌ရိတ်၍၊ ကိုယ်မဖြန့်မကြဲသောအရပ်၌ စုသိမ်းတတ်သည်ကို အကျွန်ုပ် သိ၍၊ ၂၅ ကြောက်သောကြောင့်၊ အခြားသို့သွား၍ ကိုယ်တော်၏ ငွေအခွက်တဆယ်ကိုမြေ၌ဝှက်ထားပါပြီ။ ယခု ကိုယ်တော်၏ ဥစ္စာရှိပါသည်ဟု လျှောက်၏။ ၂၆ အရှင်ကလည်း၊ **ဆိုးညစ်ပျင်းရိသောငယ်သား၊** ငါသည် ကိုယ်မစိုက်မပျိုးသောအရပ်၌ ရိတ်၍၊ ကိုယ် မဖြန့်မကြဲသောအရပ်၌ စုသိမ်းသည်ကို သင်သိသည်မှန်လျှင်၊ ၂၇ ငါ့ငွေကို ပွဲစားလက်သို့အပ်

ရမည်။ ထိုသို့အပ်လျှင် ငါပြန်လာသောအခါ ငွေရင်းနှင့်အတိုးကိုရနိုင်၏။ ၂၈ထို့ကြောင့် အခွက်တဆယ်ကို ထိုသူ၏ လက်မှနှုတ်ကြ။ အခွက်တရာရှိသောသူကို ပေးကြ။ ၂၉ အကြောင်းမူကား၊ အကြွင်းသူသည်ရတတ်၏။ ထိုသူ၌ ကြွယ်ဝပြည့်စုံစေခြင်းငှါ ပေးဦးမည်။ အကြွင်သူ သည် ဆင်းရဲ၏။ ထိုသူ၌ရှိသမျှကိုပင် နှုတ်လိမ့်မည်။ ၃၀ အသုံးမရသော ထိုငယ်သားကိုငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာ၊ ပြင်အရပ်မှောင်မိုက်ထဲသို့ နှင် ထုတ်ချလိုက်ကြဟု စီရင်တော်မူ၏။

# ၁၆။ အသင်းတော်ကိုမည်သူကဖျက်ဆီးချင်သနည်း

အသင်းတော်သည် အလိုအလျှောက်ဖြစ်ပေါ်လာသော အရာမဟုတ်၊ ခရစ်တော်သည် အသက်ပေး၊အသွေးသွန်းခြင်းအားဖြင့်တည်ဆောက် သောအသင်းတော်ဖြစ်သည်။ ထို အသင်းတော်ကို စာတန်ကကြိုက်သည်မဟုတ်၊ ထို့ကြောင့်အတွင်း၌၊ ကြမ်းတမ်းသော တောခွေးတို့သည်သိုးများကို မသနားဘဲ သင်တို့အထဲသို့ဝင်မည်ဖြစ်သည်ဟု သတိပေးထားကြောင်း တွေ့ရသည်။ မှားသောစကားကို ပြောတတ်သော လူတို့သည်သင်တို့အထဲ၌လည်း ပေါ်လာမည်ဟူ၍သတိပေးထားသည်၊ အတွင်း၌၊ ကြမ်းတမ်းသော တောခွေးသည် ကျွန်တော်၊ ကျွန်မတို့မဖြစ်ဖို့ ရန်အရေးကြီးသည်။

**တ၊ ၂၀:၂၈-၃၁ ထို့ကြောင့် သင်တို့သည် ကိုယ်ကို သတိနှင့် ကြည့်ရှုကြလော့။ဘုရားသခင်သည် မိမိအသွေးနှင့် ဝယ်တော်မူသောအသင်းတော်ကို လုပ်ကျွေး**

**စေခြင်းငှါ၊ သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့ကို အအုပ် အချုပ် ခန့်ထားတော်မူသော သိုးစုတစုလုံးကိုလည်း သတိနှင့် ကြည့်ရှုကြလော့။ ၂၉ အကြောင်းမူကား၊ ငါ မရှိသည်နောက်၊ ကြမ်းတမ်းသော တောခွေးတို့သည်သိုးများကို မသနားဘဲ သင်တို့ အထဲသို့ဝင်မည်ကိုရင်း၊ ၃၀တပည့်တော်များကိုသွေးဆောင်ခြင်းငှါ၊ မှားသောစကားကို ပြောတတ်သောလူတို့သည် သင်တို့အထဲ၌လည်း ပေါ်လာမည်ကိုရင်း ငါသိ၏။ ၃၁ ထိုကြောင့် စောင့်ရှောက်၍နေကြလော့။ ငါသည်သုံးနှစ်ပတ် လုံးနေ့ညမပြတ်လူအပေါင်းတို့ကိုမျက်ရည်နှင့်တကွ ဆုံးမ၍ နေကြောင်းကိုအောက်မေ့ကြ လော့။**

# ၁၇။ အသင်းတော်၏ဝန်ကိုမည်သူ၌အပ်ရမည်နည်း

အသင်းတော်၌အနည်းနှင့်အများ ပြဿနာများရှိတတ်ကြသည်၊ ထိုပြဿနာများအားလုံးကို ကိုယ်ကိုတိုင်ထမ်းလျှင်ပင်ပန်းမည်ဖြစ်သည်။ ထို့ကြောင့်ကိုယ်တိုင်မထမ်းဘဲ ဘုရားကိုအပ်နှံ၍၊ ပေါ့ပါးစွာဖြင့်ပါဝင် ဆက်ကာပ်ဖို့ရန်ဖြစ်သည်။

**မဿဲ၊ ၁၁း၂၈-၃၀ ဝန်လေး၍ ပင်ပန်းသော သူအပေါင်းတို့၊ ငါ့ထံသို့ လာကြလော့။ ငါသည် ချမ်းသာပေးမည်။ ၂၉ ငါ့ထမ်းဘိုးကို တင်၍ ထမ်းကြလော့။ ငါ့ထံ၌ နည်းခံကြလော့။ ငါသည်နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ် သဘောရှိ၏။ သင်တို့ စိတ်နှလုံးသည်သက်သာခြင်းကိုရလိမ့်မည်။ ၃၀ အကြောင်းမူကား၊ ငါ့ထမ်းဘိုးသည် ထမ်းလွယ်၏။ ငါ့ဝန်လည်း ပေါ့၏ဟု မိန့်တော်မူ၏။**

# ၁၈။ အသင်းတော်၌ပေးကမ်းခြင်း

တဲတော်ထဲ၌ ဘုရားအမှုကိုဆောင်သောသူများသည် ယဇ်ပုရောဟိတ်များဖြစ်ကြသည်။ ယဇ်ပုရောဟိတ်များကို ဘုရားသည် အမွေခံနယ်မြေများကိုမပေး။ သူတို့အမွေခံ စရာ ဣသရေလအမျိုးသားတို့၏ ဥစ္စာဆယ်ဘို့တဘို့ကို ဘုရားသခင်သည် အာရုန်အမျိုးတည်းဟူသော ယဇ်ပုရောဟိတ်များကိုပေးသည်။ ဣသရေလအမျိုးသားများက ယဇ်ပုရောဟိတ်များကို ဥစ္စာဆယ်ဘို့တဘို့ပေးကြသည်မဟုတ်၊ ဘုရားသခင်အားပေးကြသည်။ ဘုရားသခင်သည်လည်း ဣသရေလအမျိုးသားများ၏ ဥစ္စာဆယ်ဘို့တဘို့လက်ခံ၍၊ယဇ်ပုရောဟိတ်များကိုပြန်၍၊ ပေးခြင်းဖြစ်သည်။ ထိုနည်းတူ ယခုအချိန်၌လည်း ယုံကြည်သူများက ဥစ္စာဆယ်ဘို့တဘို့ကို အသင်းတော်၌ပေးကြသည်။ ထိုသို့ပေးခြင်းသည် သင်းအုပ်ကိုပေးခြင်းမဟုတ်ပဲ၊ ဘုရားသခင်ကိုပေးခြင်းဖြစ်သည်။ ဘုရားသခင်က သင်းအုပ်များကိုပြန်ကျွေးမွေးခြင်းဖြစ်သည်ကို ယုံကြည်သူတိုင်းနားလည်ဖို့ရန်လိုသည်။

**တောလည်ရာကျမ်း၊ ၁၈း၂၀-၂၄ တဖန် ထာဝရဘုရားသည် အာရုန်အား မိန့်တော်မူသည်ကား၊ ဣသရေလအမျိုးသားတို့ နေရာပြည်၌ သင့်အမွေခံရာမြေ၊သူတို့နှင့်ရော၍ ပိုင်သောအဘို့ မရှိရ။ ငါသည်ကားသူတို့တွင် သင်ပိုင်သောအဘို့ သင့်အမွေဥစ္စာဖြစ်၏။ ၂၁လေဝိသားတို့သည် ပရိသတ်စည်းဝေးရာ တဲတော်အမှုကိုဆောင်ရွက်သောကြောင့်၊ သူတို့အမွေခံ စရာ ဣသရေလအမျိုးသားတို့၏ ဥစ္စာဆယ်ဘို့တဘို့ကို ငါပေးပြီ။ ၂၂ ယခုမှစ၍ ဣသရေလအမျိုးသားတို့သည် ကိုယ်အပြစ်ကို**

ခံ၍ သေဘေးနှင့် မတွေ့မည်အကြောင်း၊ ပရိသတ်စည်းဝေးရာ တဲတော်အနီးအပါး သို့ မချဉ်းမကပ် ရကြ။ ၂၃ လေဝိသားတို့သည် ပရိသတ်စည်းဝေးရာ တဲ တော်အမှု ကို ဆောင်ရွက်၍၊ ကိုယ်အပြစ်ကို ကိုယ်ခံရကြ မည်။ သူတို့သည် ဣသရေလအမျိုး သားတို့နှင့် ရော၍အမွေမခံရကြဟု သင်တို့အမျိုးအစဉ်အဆက် စောင့်ရ သော ပညတ်ဖြစ်သတည်း။ ၂၄ ဣသရေလအမျိုးသားတို့သည်ထာဝရဘုရား အား ပူဇော်သကာပြုသော ကိုယ်ဥစ္စာဆယ်ဘို့တဘို့ကို၊ လေဝိသားအမွေခံစရာဘို့ ငါပေးပြီ။ ထို့ကြောင့် သူတို့ သည် ဣသရေလအမျိုးသားတို့နှင့် ရော၍ အမွေမခံရဟု ငါ့အမိန့် တော်ရှိ၏။

သင်ခန်းစာ ( ၂ )

# အသင်းတော်များ

## ၁။ ရောမမြို့၌ရှိသောအသင်းတော်

ရောမမြို့၌ရှိသော အသင်းတော်ကို ရှင်ပေါလုက စာရေးပို့သောအချိန်သည် ( အေဒီ ၅၇ ) ပတ်ဝန်းကျင်၌ ရေးသားသည်ဟု သိရှိရသည်။ ရောမကျမ်း၌ဝိညာဉ်ပိုင်းဆိုင်ရာသွန်သင်ခြင်းများ အမျိုးမျိုးကိုတွေ့ရသည်။ အထူးသဖြင့် ခရစ်တော်ကိုယုံကြည်လက်ခံသောသူများ၏ ဝိညာဉ်ပိုင်း၌၊ အိပ်မပျော်ဖို့ရန်တိုက်တွန်းတာကိုတွေ့ရသည်။ ခရစ်တော်ကို ယုံကြည်လက်ခံသော အချိန်ကနေစပြီး၊ တစ်ရက်ပြီးတစ်ရက်၊ တစ်လပြီးတစ်လ၊ တစ်နှစ်ပြီးတစ်နှစ်၊ ချီဆောင်ခြင်းနီးသောကြောင့် အိပ်ပျော်ရာမှ နိုးရသောအချိန် ရောက်ပြီဟုတိုက်တွန်းထားကြောင်းကိုတွေ့ရသည်။ ထို့နည်းတူစွာ အကျွန်ုပ်တို့သည်လည်း ဝိညာဉ်ပိုင်း၌ အိပ်မပျော်ဖို့ရန်အရေးကြီးသည်။ ယုံကြည်သူများသည် ဘယ်နေရာ၌ အိပ်ပျော်ကြသနည်း၊ မိမိစိတ်ဆန္ဒ၌အိပ်ပျော်နေကြသည်။ မိမိစိတ်ဆန္ဒကိုငြင်းပယ်၍၊ ဘုရားသခင်၏အလိုတော်သို့လိုက်ခြင်းသည် အိပ်ပျော်ရာမှ နိုးခြင်းဖြစ်သည်။ သင်ဘယ်နေရာ၌ အိပ်ပျော်နေသနည်း။

**ရောမ၊ ၁၃း၁၁-၁၄ ထိုမှတပါး၊ ငါတို့ကို ကယ်တင်သော ကျေးဇူးတော်သည် ငါတို့ ယုံကြည်သော နေ့ရက်၌နီးသည်ထက် ယခုသာ၍ နီးသောကြောင့်ရင်း၊ ၁၂**

ညဥ့်အချိန်ကုန်လု၍ နေ့အချိန်ရောက်လုသောကြောင့်ဝဲ၊ ယခုအခါ အိပ်ပျော်ရာမှ နိုးရသောအချိန် ရောက်ခဲ့ပြီဟု ငါတို့သည် သိ၍ ကာလအချိန်ကို ထောက်လျက်၊ မှောင်မိုက်၏အကျင့်ကို ပယ်ရှား၍၊ အလင်း၏လက်နက်စုံကို ဝတ်ဆင်ဆောင်ရွက်ကြကုန်အံ့။ ၁၃ ပွဲလုပ်ခြင်း၊ ယစ်မျိုးသောက်ကြူးခြင်း၊ မတရားသော မေထုန်၌ မှီဝဲခြင်း၊ ကိလေသာညစ်ညူးခြင်း၊ ရန်တွေ့ခြင်း၊ ဝုဏ်ပြိုင်ခြင်းအမှုတို့ကို ကြဉ်ရှောင်၍၊ နေ့အချိန်၌ကဲ့သို့ တင့်တယ်လျောက်ပတ်စွာ ကျင့်ဆောင် ပြုမူကြကုန်အံ့။ ၁၄သခင်ယေရှုခရစ်ကို ယူတင်ဝတ်ဆောင်ကြလော့။ကိုယ်ကာယ၏တပ်မက်ခြင်းအလိုငှါ မကြံစည် ကြနှင့်။

## ၂။ ကောရိန္သုမြို့၌ရှိသောအသင်းတော်

ကောရိန္သုမြို့၌ရှိသောအသင်းတော်ကို ရှင်ပေါလုက ဖေက်မြို့၌ရှိသော အသင်းတော်ကနေ ( အေဒီ ၅၆ ) လောက်မှာ စာရေးပို့သည်ဟု သိရသည်။ ကောရိန္သုမြို့၌ရှိသောယုံကြည်သူများကို ရှင်ပေါလုက ဝိညာဉ်လူလိုစကားပြောလို့မရဘဲ၊ဇာတိပကတိလူတည်းဟူသော မယုံကြည်သူလိုခရစ်တော်၌ ကလေးလိုစကားပြောရသည်ဟုဆိုသည်။ ဇာတိပကတိလူသည်ကယ်တင်ခြင်းသို့မရောက်သောသူဖြစ်သည်။ ခရစ်တော်၌သူငယ်ကလေးသည် ယုံကြည်သူဖြစ်သော်လည်း မကြီးထွားနိုင်သောကြောင့် ဇာတိလူကဲ့သို့အသက်ရှင်သောသူဖြစ်သည်။ဝိညာဉ်လူသည် ကြီးထွားရင့်ကျက်သောသူဖြစ်သည်။ ဇာတိလူနှင့်ခရစ်တော်၌သူငယ်များရှိသောနေရာ၌ ပြဿနာများတတ်သည်။ ဥပမာ အမိဝမ်းမှ ကလေးသည် မွေးဘွားလာသောအခါ ကလေး

အရာများကိုစွန့်ပစ်၍၊ လူကြီးဘဝသို့ရောက်သကဲ့သို့ ယုံကြည်သူများလည်း ခရစ်တော်၌ သူငယ်ကလေးအရာများ ကိုစွန့်ပစ်၍၊ ဝိညာဉ်လူဖြစ်ဖို့လိုသည်။ ရှင်ပေါလုကလည်း ကောရိန္သုမြို့၌ရှိသောအသင်းတော်သည် ဇာတိအသင်းတော်ဖြစ်သည် ဟုဖော်ပြသည်။

**၁ကော၊ ၃း၁-၃ ညီအစ်ကိုတို့၊ အထက်က ငါသည် ဝိညာဉ်လူတို့အား ဟောပြောသကဲ့သို့ သင်တို့အား ဟောပြော ရသော အခွင့်မရှိဘဲ၊ ဇာတိပကတိ လူတို့အားရင်း၊ ခရစ်တော်၌ သူငယ်ကလေးတို့အားရင်း၊ ဟောပြောသကဲ့ သို့ဟောပြောရ၏။ ၂ယခုတိုင်အောင်သင်တို့သည် ခဲဘွယ်စားဘွယ်ကို မကြေနိုင်သောကြောင့် ငါမကျွေး ရ၊ နို့ကိုသာ တိုက် ရ၏။ ယခုပင်လည်း၊ သင်တို့သည် မကြေနိုင်ကြသေး။ ၃ ယခုပင်လည်း၊ ဇာတိပကတိလူဖြစ်ကြသေး၏။ ဝဏ်ပြိုင်ခြင်း၊ ရန်တွေ့ခြင်း၊ အချင်းချင်း ကွဲပြားခြင်း ရှိသည်ဖြစ်၍၊ သင်တို့သည်ဇာတိပကတိ လူဖြစ်ကြသည် မဟုတ်လော။ လောကီထုံးစံအတိုင်း ကျင့်ဆောင်ကြသည် မဟုတ်လော။**

# ၃။ ဂလာတိပြည်၌ရှိသောအသင်းတော်

ရှင်ပေါလုက အန္တိအုတ်မြို့ကနေ (အေဒီ၄၉)လောက်မှာ ဂလာတိပြည်၌ရှိသော အသင်းတော်ကိုဤကဲ့သို့စာရေးပို့သည်။ ဂလာတိပြည်၌ရှိသော ယုံကြည်သူများကို ပညာမဲ့သည်ဟုဆိုသည်။ အဘယ်ကြောင့် ဆိုသော် သူတို့သည် အခြားသော ဧဝံဂေလိတရားကို လက်ခံကြသောကြောင့် ဖြစ်သည်။(ဂလာတိ၊ ၁း၆-၉) မှာဖတ်လျှင် တွေ့ရမည်ဖြစ်သည်။ရှင်ပေါလုက ငါတို့ မဟောမပြောသော ဧဝံဂေလိတရားကို

ဟောပြောသော လူဖြစ်စေ၊ကောင်းကင်တမန်ဖြစ်စေကျိန်ခြင်းကိုခံစေဟု ပြောထားသည်။ ထို့ကြောင့် ဂလာတိပြည်၌ရှိသောအသင်းတော်သည် ပညာမဲ့သောအသင်းတော်ဖြစ်သည်။ ထို့ကြောင့် အကျွန်ုပ်တို့သည်လည်း လက်ခံပြီးသော ခရစ်တော်၏ဧဝံဂေလိတရား၌ အဆုံးတိုင်အောင်တည်ကြည်ဖို့လိုသည်။ ခရစ်တော်၏ဧဝံဂေလိတရားနှင့် ခွါသောအသက်တာသည် နတ်ဆိုးနှင့်သာပြည့်ကြောင်းကို( လုကာ ၁၁း၂၄-၂၆) မှာတွေ့ရသည်။

**ဂလာတိ၊ ၃း၁-၅ ပညာမဲ့သောဂလာတိလူတို့ လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော ယေရှုခရစ်ကို သူတို့မျက်မှောက်၌ ထင်ရှားစွာပြပြီးသည်ဖြစ်၍၊ သမ္မာတရားကို နားမထောင်စေခြင်းငှါ သင်တို့ကို အဘယ်သူပြုစား သနည်း။ ၂ ပညတ်တရား၏အကျင့်အားဖြင့် ဝိညာဉ်တော်ကို ခံရကြသလော။ သို့မဟုတ်ယုံကြည်ခြင်းတရားကို ကြားနာခြင်းအားဖြင့် ခံရကြသလောဟူသော အရာတခုကိုသာ သင်တို့၌ငါသိလို၏။ ၃ ဤမျှလောက် ပညာမဲ့ကြသလော။ ဝိညာဉ်တော်ကိုအမှီပြု၍လုပ်စရှိပြီးမှ၊ ဇာတိကိုအမှီပြု၍ ပြီးစေကြသလော။ ၄ ဤမျှလောက်ဆင်းရဲခြင်းကို အချည်းနှီး ခံကြပြီလော။ အချည်းနှီး သက်သက်ဖြစ်ရမည်လော။ ၅ ထိုမှတပါးဝိညာဉ်တော်ကို သင်တို့အား ပေး၍၊သင်တို့၌တန်ခိုးများကိုပြသောသူသည် ပညတ်တရား၏အကျင့်အားဖြင့် ပြသလော။ ယုံကြည်ခြင်းတရားကို နာခြင်းအားဖြင့် ပြသလော။**

**ဂလာတိ၊ ၄း၈-၁၆ သို့သော်လည်း အထက်က သင်တို့သည် ဘုရားသခင်ကို မသိသောအခါ၊ ဇာတိအားဖြင့် ဘုရားမဟုတ် သော သူတို့၏အမှုကိုဆောင်ရွက်ကြ၏။**

**၉ ယခုမူကားသင်တို့သည် ဘုရားသခင်ကို သိပြီးမှဟုတ်၍မဆို၊ ဘုရားသင်သည် သင်
တို့ကို သိတော်မူပြီးမှ၊ အားမရှိ၊ ချမ်းသာမပေးနိုင်သော တရားနုဘက်သို့ အဘယ်
ကြောင့် တဖန်ပြောင်းလဲကြသနည်း။ ထိုလောကီ တရား၌ တဖန်ကျွန်ခံခြင်းငှါ
အလိုရှိကြပြီတကား။ ၁၀ နှစ်၊ လ၊ နေ့ရက်၊အချိန်ကာလများကိုစောင့်ကြပြီတကား။
၁၁ ငါသည်သင်တို့ဆီမှာ အချည်းနှီးကြိုးစားအားထုတ်သည်ဟုသင်တို့၏အကြောင်း
ကြောင့် စိုးရိမ် လျက်ရှိ၏။ ၁၂ ညီအစ်ကိုတို့၊ သင်တို့ကဲ့သို့ငါဖြစ်၏။ ငါကဲ့သို့ သင်တို့
ဖြစ်ကြလောဟု ငါတောင်းပန်၏။ သင်တို့သည် ငါ့ကိုအလျှင်းမပြစ်မှားကြ။ ၁၃ငါ
သည် ကိုယ်နာခြင်းရောဂါနှင့်တကွ၊ ဧဝံဂေလိတရားကို သင်တို့အား အထက်က
ဟောပြော ကြောင်းကို သင်တို့သိကြ၏။ ၁၄ ကိုယ်ကာယ၌ငါ ခံရသော စုံစမ်းခြင်းကို
သင်တို့ သည်မထီမဲ့မြင်မပြု၊ငါကိုမပယ်၊ ဘုရားသခင်၏ ကောင်းကင်တမန်ကဲ့သို့၎င်း၊
ယေရှုခရစ်ကဲ့သို့၎င်း၊ လက်ခံကြ၏ ၁၅ သို့ဖြစ်လျှင် သင်တို့ခံရသောမင်္ဂလာကားအ
ဘယ်မင်္ဂလာနည်း။ အထက်ကကိုယ်မျက်စိကိုထုတ်၍ငါ့အား ပေးနိုင်လျှင်၊ ပေးခြင်း
ငှါသင်တို့အလိုရှိသည်ဟု ငါသက်သေခံ၏။ ၁၆ ယခုမူကား၊ ငါသည်သမ္မာတရားကို
သင်တို့အား ဟောပြောသောကြောင့် သင်တို့၏ရန်သူဖြစ်သလော။**

# ၄။ ဖေက်မြို့၌ရှိသောအသင်းတော်

ရှင်ပေါလုက ရောမမြို့ကနေ (အေဒီ ၆၁)လောက်မှာ ဖေက်မြို့မှာရှိသော အသင်းတော်ကို စာရေးပို့ခြင်းဖြစ်သည်။ ဖေက် မြို့မှာရှိသော ယုံကြည်သူများကို

ရှင်ပေါလုက စာတန်၏တိုက်ခိုက်ခြင်းများကို ခံနိုင်ဖို့ရန်၊ ဘုရားသခင် ပြင်ဆင်ပေးသောလက်နက်စုံကို ဝတ်ကြဖို့ရန်အကြံပေးထားကြောင်းတွေ့ရသည်။ ထိုရန်သူသည် အသွေးအသားမရှိသောရန်သူ၊အထွဋ်အမြတ်၌ရှိသောရန်သူ၊ အာဏာစက်ရှိသောရန်သူ၊လောကကိုအုပ်စိုးသောရန်သူ ၊ မိုဃ်းကောင်းကင်၌နေသော နတ်ဆိုးတို့နှင့် ဆိုင်ပြိုင်တိုက်ခိုက်ကြသည်ဟု ဆိုသည်။ ထို့ကြောင့် အကျွန်ုပ်တို့သည်လည်း စာတန်၏တိုက်ခိုက်ခြင်းများကို အချိန်စက္ကန့်တိုင်းမှာ ခံရသောကြောင့် ထိုလက်နက်စုံကို ဝတ်ဆင်ဖို့ရန်လိုအပ်သည်။ စာတန်ကိုတိုက်ခိုက်ဖို့ရန် လူ၌ရှိသော ပညာ၊လူ့အင်အား၊ ငွေအင်အားများအားဖြင့်တိုက်ခိုက်နိုင်မည်မဟုတ်။ ဘုရားသခင်၏တန်ခိုးတော်အားဖြင့်သာ တိုက်ခိုက်နိုင်မည်ဖြစ်သည်။ ယုံကြည်သူများသည်စာတန်၏တိုက်ခိုက်ခြင်းကြောင့် လဲကျသောသူမဖြစ်ဘဲ၊ စာတန်ကိုဆီးတား တိုက်ခိုက်ဖို့ရန်တာဝန်ရှိသည်။ (ယာ ၄း၇)မှာ ဘုရားသခင်၏အလိုတော်သို့လိုက်လျှင်၊ သူသည် အကျွန်ုပ်တို့ထံမှ ထွက်ပြေးမည်ဟု ဆိုသည်။ ဘုရားပြင်ဆင်ပေးသော လက်နက်စုံများသည် သစ္စာရှိခြင်း၊ ဖြောင့်မတ်ခြင်း၊ ဧဝံဂေလိတရားကို ဟောပြောခြင်း၊ ယုံကြည်ခြင်း၊ ကယ်တင်ခြင်း၊ ဝိညာဉ်တော်၏ဓား၊ ဆုတောင်းခြင်းများ ဖြစ်ကြသည်။

**ဧ၊ ၆း၁၁-၁၈ မာရ်နတ်၏ ပရိယာယ်တို့ကို တားဆီးနိုင်မည်အကြောင်း၊ ဘုရားသခင်ပြင်ဆင်တော်မူသော လက်နက်စုံကို ဝတ်ဆောင်ကြလော့။ ၁၂အကြောင်းမူကား၊ ငါတို့သည် အသွေးအသားရှိသောရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်။ အထွဋ်အမြတ်တို့နှင့်ရင်း၊အာဏာစက်တို့နှင့်ရင်း၊**

လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သော မင်းတို့နှင့်၎င်း၊ မိုးကောင်းကင်၌နေ သော နတ်ဆိုးတို့နှင့်၎င်း၊ ဆိုင်ပြိုင်တိုက်လှန် ရကြ၏။၁၃ ထိုကြောင့်၊ ခဲယဉ်း ဆိုးယုတ်သော နေ့ရက်ကာလ ၌ ဆီးတားနိုင်သဖြင့်၊ကိစ္စအလုံးစုံတို့ကို ပြီးစီး၍ ခံရပ် နိုင်မည်အကြောင်း၊ ဘုရားသခင် ပြင်ဆင်တော်မူ သော လက်နက်စုံကိုယူဆောင်ကြ လော့။ ၁၄ သစ္စာတည်းဟူသော ခါးပန်းကိုစည်းလျက်၊ ဖြောင့်မတ်ခြင်း ပါရမီတည်း ဟူသော ရင်အုပ်တန်ဆာကို ဝတ်ဆင်လျက်၊ ၁၅ ငြိမ်သက်ခြင်းနှင့်ယှဉ်သော ဧဝံဂေလိ တရားကို ဟောပြောအံ့သောငှါပြင်ဆင်သော အဖြစ်တည်း ဟူသော ခြေစွပ်ကိုစွပ် လျက် ခံရပ်ကြလော့။ ၁၆မာရ်နတ်ပြစ်ခတ်သော မီးစက်လက်နက်ကို ကာသတ်နိုင် သော ယုံကြည်ခြင်းတည်းဟူသော လွှားကို လည်းခပ်သိမ်းသော လက်နက်တို့အပေါ် မှာ ထပ်ဆင့်၍ ယူဆောင်ကြလော့။ ၁၇ကယ်တင်ခြင်းတည်းဟူသော သံခမောက်လုံး ကို၎င်း၊ ဘုရားသခင်၏နှုတ်ကပတ်တည်းဟူသော ဝိညာဉ်တော်၏ထားကို၎င်း ယူကြ လော့။ ၁၈ ကာလအစဉ် စိတ်နှလုံးပါလျက် ဆုတောင်း ပဌနာပြုခြင်းအမျိုးမျိုးတို့ဖြ င့် ဆုတောင်းကြလော့။ ထိုသို့ ဆုတောင်းခြင်းငှါ အားမလျော့ဘဲလျက်၊ ငါမှစ၍ သန့် ရှင်းသူအပေါင်းတို့အဘို့ ဆုတောင်းလျက် စောင့် ရှောက်ကြလော့။

## ၅။ ဖိလိပ္ပိမြို့၌ရှိသောအသင်းတော်

ရှင်ပေါလုက ရောမမြို့ကနေ (အေဒီ ၆၁)လောက်မှာ ဖိလိပ္ပိမြို့၌ရှိသော အသင်းတော်ကို စာရေးပို့ခြင်းဖြစ်သည်။ အထူးသဖြင့် ခရစ်တော်၌ရှိသော စိတ်သဘောရှိကြဖို့ရန်တိုက်တွန်းခြင်းဖြစ်သည်။ ခရစ်တော်၌ရှိသော စိတ်သဘော

သည် ယုံကြည်သူတိုင်း၌ရှိလျှင် အချင်းချင်းချစ်ကြမည်ဖြစ်သည်။ စိတ်ကွဲပြားခြင်းများရှိမည်မဟုတ်၊ တစ်လုံးတစ်ဝတည်းရှိကြမည်။ အကြံစည်ခြင်းတူမည်ဖြစ်သည်။ သဘော တစ်ညီတစ်ညွတ်တည်းရှိမှာဖြစ်သည်။ ဝမ်းမြောက်စရာဖြစ်မည်။ အဘယ်ကြောင့် အသင်းတော်၌ အချင်းချင်းမချစ်ကြသနည်း၊ ယေရှုခရစ်၌ရှိသော စိတ်သဘောမရှိကြလို့ဖြစ်သည်။ ခရစ်တော်၏စိတ်သဘောထားကို (ယော ၅း၁၉၊ ၃၀၊ ၆း၃၈၊ ၈း၂၉၊ ၁၂း၄၉-၅၀၊ ၁၄း၁၀၊ ၄း၃၄။မ၊၂၆း၄၀-၄၂။ ဟေဗြဲ၊ ၁၀း၇)။ ကျမ်းစာ၌ သေချာစွာဖတ်နိုင်သည်။ ခရစ်တော်၌ရှိသော စိတ်သဘောရှိလျှင် အရာရာ၌စုံလင်ခြင်းသို့ရောက်မှာဖြစ်သည်။

**ဖိလိပ္ပိ၊ ၂း၂-၁၁ သင်တို့သည် အချင်းချင်းချစ်ကြ၍၊ စိတ်မကွဲပြားဘဲ တလုံးတဝတည်း ကြံစည်ခြင်းနှင့်တကွ၊ သဘော တညီတညွတ်တည်းရှိသောအားဖြင့်၊ ငါ ဝမ်းမြောက်စရာအကြောင်းကိုစုံလင်စေကြလော့။ ၃ရန်တွေ့လိုသောစိတ်၊အချည်းနှီးကျော်စောကိတ္တိကို တပ်မက်သောစိတ်ရှိ၍ အဘယ်အမှုကို မပြုကြ နှင့်။ သူတပါးသည် ကိုယ်ထက်သာ၍ ကောင်းမြတ်သည်ဟု နှိမ့်ချသော စိတ်ရှိ၍ တယောက်ကိုတယောက် ထင်မှတ်ကြလော့။ ၄ ကိုယ်အမှုအရာကိုသာမရှုမမှတ်ဘဲ၊ သူ့အမှုအရာကိုအချင်းချင်းရှုမှတ်ကြလော့။ ၅ ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကိုသင်တို့၌လည်း ရှိစေကြလော့။ ၆ ထိုသခင်သည်ဘုရားသခင်၏သဏ္ဌာန်တော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ဘုရားသခင်နှင့် ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍မထင်မမှတ်လျက်ပင်၊ ၇ မိမိအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဌာန်ကို ယူဆောင်လျက်၊ လူ**

**ကဲ့သို့သောအဖြစ်၌ ဘွားမြင်ခြင်းကို ခံတော်မူ၏။ ၈ထိုသို့ လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျက်၊ အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏။ ၉ ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်ကို အလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ် သော ဘွဲ့နာမကို ပေးသနားတော်မူ၏။ ၁၀ အကြောင်းမူကား၊ ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်၌ရှိသော သတ္တဝါ တည်းဟူသော ခပ်သိမ်းသော သတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတော်ကို ဒူးထောက်၍၊ ၁၁ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့်ဝန်ခံသဖြင့်၊ ခမည်းတော်ဘုရား၏ ဘုန်းအသရေ တော်ကို ထင်ရှားစေကြမည်အကြောင်းတည်း။**

# ၆။ ကောလောသဲမြို့၌ရှိသောအသင်းတော်

ရှင်ပေါလုသည်ရောမမြို့ကနေ (အေဒီ ၆၁) လောက်မှာ ကောလောသဲမြို့၌ရှိသောအသင်းတော်ကို စာရေးပို့ခြင်းဖြစ် သည်။ ကောလောသဲမြို့၌ရှိသော ယုံကြည်သူများကိုအထက်အရာတို့ကိုရှာကြဖို့ရန် စာရေးခြင်းဖြစ်သည်။ သင်တို့သည် ခရစ်တော်နှင့်အတူသေ၍၊ ခရစ်တော်နှင့်အတူ ထမြောက်ကြသည်မှန်လျှင်၊ ခရစ်တော်ထိုင်နေရာအရပ်အထက်အရာတို့ကိုရှာကြဖို့ရန်တိုက်တွန်းထားသည်။ ထို့နည်းတူယုံကြည်သူများသည် အထက်အရာအတွက် အသက်ရှင်ကြဖို့ရန်လိုအပ်သည်။ မြေကြီးပေါ်မှာရှိသော အရာတို့ကို စွဲလမ်းသောစိတ်မရှိ ကြဖို့ရန်အရေးကြီးသည်။ ဘုရားသခင်သည် မြေကြီးကိုမီးနှင့်ရှို့ဖို့ရန်ထားကြောင်းကို လည်း

ကျမ်းစာ၌တွေ့ရသည်။(၁ပေ၊ ၃း၇-၁၂)။ကောင်းကင်ရောက်သောအခါ၊ ဤလောက ကိုသုံးသောသူသည် မသုံးသကဲ့သို့ဖြစ်မည်ဟုကျမ်းစာ၌ဆိုသည်။(၁ကော၊ ၇း၃၁)။ ထို့ကြောင့် အသက်ရှင်ချိန် ခဏလေးမှာ ယခုဘဝကိုသာနှစ်သက်၍၊ အသက်ရှင် သောသူများမဟုတ်ဘဲ၊ နောင်ဘဝအတွက်သာ အသက်ရှင်ကြဖို့ရန်တိုက်တွန်းလို ပါသည်။ အကျွန်ုပ်တို့အသက်သည် ယခုခရစ်တော်နှင့်အတူဘုရားသခင်၌ဝှက်ထား လျက်ရှိသည်။ ယခုမိမိအသက်သည် ကိုယ်ပိုင်သောအသက်မဟုတ်ဘဲ၊ဘုရားသခင် ပိုင်သော အသက်ဖြစ်သည်။ လောကအရာများသည် ထာဝရမတည်မြဲကြောင်းကို လည်းကျမ်းစာ၌တွေ့ရသည်။ (၁ယော၊၂း၁၅-၁၇)။

**ကောလောသဲ၊ ၃း၁-၁၁ အထက်ဆိုခဲ့ပြီးသည်အတိုင်း၊ သင်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်ကြသည်မှန်လျှင်၊ ဘုရား သခင်၏ လက်ျာတော်ဘက် မှာ ခရစ်တော်သည် ထိုင်နေတော်မူရာအရပ်၌ရှိသော အထက်အရာတို့ကို ရှာကြ လော့။ ၃ မြေကြီးပေါ်မှာရှိသော အရာတို့ကို စွဲလမ်းသောစိတ်မရှိကြနှင့်။ အထက် အရာတို့ကိုသာ စိတ်စွဲလမ်းခြင်း ရှိကြလော့။ ၃ အကြောင်းမူကား၊ သင်တို့သည် သေ သောသူ ဖြစ်၍ သင်တို့အသက်သည် ခရစ်တော်နှင့်အတူ ဘုရား သခင်၌ ဝှက်ထား လျက်ရှိ၏။၄ ငါတို့အသက်တည်းဟူသော ခရစ်တော်သည်ထင်ရှားတော်မူသောအခါ၊ ငါတို့သည်လည်း ထိုသခင်နှင့် အတူ ဘုန်းကြီး၍ ထင်ရှားကြလတံ့။ ၅ ထို့ကြောင့် မ တရားသော မေထုန်၌မှီဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊ ကိလေသာပူပန်ခြင်း၊ ဆိုးညစ် သောတပ်မက်ခြင်း၊ ရုပ်တုကို ကိုးကွယ်ခြင်းဖြစ်သော လောဘလွန်ကျူးခြင်းတည်း**

ဟူသော၊ မြေကြီးပေါ်မှာ ရှိသော သင်တို့၏ ကိုယ်အင်္ဂါတို့ကို သေစေကြလော့။ ၆ထို အမှုများကြောင့် ဘုရားသခင်၏အမျက် တော်သည် ငြင်းဆန်သောသူတို့အပေါ်၌ သင့်ရောက် ပေ၏။၇ထိုသူတို့နှင့် သင်တို့သည်လည်း အထက်က ပေါင်းဘော်သောအခါ၊ ထိုအမှုများ၌ ကျင်လည်ကြ၏။ ၈ ယခုမူကား၊ ထိုအမှုအလုံးစုံတို့ကိုရင်း၊ အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ မနာလိုခြင်း၊သူ့အသရေ ပျက်အောင် ပြောဆိုခြင်း၊ ညစ်ညူးသောစကားကို သုံးခြင်းတို့ကိုရင်း၊ သင်တို့နှုတ်မှပယ်ရှင်းကြလော့။ ၉ အချင်းချင်း မုသာစကားကို မပြောမသုံးကြနှင့်။ အကြောင်းမူကား၊ သင်တို့သည် လူဟောင်း၏ အကျင့်တို့ နှင့်လူဟောင်း၏ ကိုယ်ကို ချွန်ပယ်၍၊ ၁၀ဖန်ဆင်းတော်မူသောသူ၏ ပုံသဏ္ဌာန်နှင့်အညီ၊ မှန်သောပညာအားဖြင့် အသစ်ပြုပြင်သောလူသစ်ကို ယူတင်ဝတ်ဆောင်သောသူ ဖြစ်ကြ၏။ ၁၁ ထိုဖန်ဆင်းပြုပြင်တော်မူရာ၌ ဟေလသလူမရှိ၊ ယုဒလူမရှိ၊ အရေဖျားလှီးမင်္ဂလာခံခြင်းမရှိ၊ မခံခြင်းမရှိ၊ လူရိုင်းမရှိ၊ သကုသိလူမရှိ၊ ကျွန်မရှိ၊ လူလွတ်မရှိ၊ ခရစ်တော်သည် အလုံးစုံတို့၌ အလုံးစုံဖြစ်တော်မူ၏။

# ၇။ သက်သာလောနိတ်မြို့၌ရှိသောအသင်းတော်

ရှင်ပေါလုသည် ကောရိန္သုမြို့မှသည် (အေဒီ ၅၁) လောက်မှာ သက်သာလောနိတ်မြို့၌ရှိသောအသင်းတော်ကိုစာရေးပို့ခြင်းဖြစ်သည်။ သက်သာလောနိတ်မြို့၌ရှိသော ယုံကြည်သူများသည် ခရစ်တော်၏ ဧဝံဂေလိတရားကြောင့် ကြီးစွာသော ဆင်းရဲခြင်းကိုခံရကြသည်။ သို့သော်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ဆိုင်သော

ဝမ်းမြောက်ခြင်းနှင့်တကွ နှုတ်ကပတ်တရားတော်ကို ခံယူကြသည်။ ထို့ကြောင့် ရှင်ပေါလုက ငါတို့ကဲ့သို့သောသူ၊ သခင်ဘုရားကဲ့သို့သောသူဖြစ်ကြသည်ဟုဆိုသည်။ သူတို့၏သတင်းသည်လည်းမာကေဒေါနိပြည်၊အာခါယပြည်၌ ယုံကြည်သော သူအပေါင်းတို့အား ပုံသက်သေပေးသောသူ များဖြစ်ကြသည်။ သူတို့၏ယုံကြည်ခြင်း၏ သိတင်းသည် အရပ်ရပ်တို့၌ နှံ့ပြားကြောင်းကိုလည်းတွေ့ရသည်။ ရှင်ပေါလု သည် တစုံတခုကိုမျှ ပြောစရာမရှိကြောင်းကိုသိရသည်။ အကျွန်ုပ်တို့၏ယုံကြည်ခြင်းသည်လည်း အသင်းတော်အတွက်သော်ငင်း၊မိသားစုများအတွက်သော်ငင်း၊ ယုံကြည်သော သူအပေါင်းတို့အားငင်း၊ ပုံသက်သေဖြစ်ဖို့ရန်လိုအပ်သည်။

**၁သက်၊ ၁း၅-၈ ငါတို့သည် သင်တို့နှင့်အတူနေသောအခါ သင်တို့အတွက် အဘယ်သို့သော သူဖြစ်သည်ကို သင်တို့ သိကြသည်နှင့်အညီ၊ ငါတို့ဟောပြောသော ဧဝံဂေလိတရားသည်၊ သင်တို့၌ စကားသက်သက်ဖြစ်သည်မဟုတ်။ တန်ခိုးနှင့်ငင်း၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်ငင်း၊ဝိစိကိစ္ဆာမရှိဘဲ အမှန်သိခြင်းနှင့်ငင်းပြည့်စုံသော တရားဖြစ်၏။ ၆ သင်တို့သည် ကြီးစွာသောဆင်းရဲခြင်းကို ခံရသော်လည်း၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့်ဆိုင်သော ဝမ်းမြောက်ခြင်းနှင့်တကွ နှုတ်ကပတ်တရားတော်ကို ခံယူ၍၊ ငါတို့ကဲ့သို့သောသူ၊ သခင်ဘုရားကဲ့သို့သော သူဖြစ်ကြ၏။ ၇သို့ဖြစ်၍၊ မာကေဒေါနိပြည်၊ အာခါယပြည်၌ ယုံကြည်သော သူအပေါင်းတို့အား သင်တို့သည် ပုံသက်သေပေးသောသူဖြစ်ကြ၏။ ၈ အဘယ်သို့နည်းဟူမူကား၊ သင်တို့ထံက၊ သခင်ဘုရား၏ နှုတ်ကပတ်တရားတော်အသံသည်၊ မာကေ ဒေါနိပြည်၊ အခါယ**

ပြည်၌ ကျော်စောသည်သာမက၊ ဘုရားသခင်ကို သင်တို့ ယုံကြည်ခြင်း၏ သိ တင်းသည် အရပ်ရပ်တို့၌ နှံ့ပြားလေ၏။ သို့ဖြစ်၍ ငါတို့သည် တစုံတခုကိုမျှ ပြော စရာအကြောင်းမရှိ။

၁သက်၊ ၂း၁၃-၁၄ ငါတို့ဟောပြောသော ဘုရားသခင်၏ နှုတ်ကပတ်တရား ကို သင်တို့သည် ခံယူကြသောအခါ၊လူ၏ နှုတ်ထွက်စကားကို မခံမယူဘဲ၊ ဘုရားသခင်၏နှုတ်ကပတ်တော်အမှန်ဖြစ်သည်နှင့်အညီ၊ယုံကြည်ခြင်းသို့ရောက် သော သင်တို့အထဲ၌ပြုပြင်သော ဘုရားသခင်၏နှုတ်ကပတ်တရားကို ခံယူကြသည် အကြောင်းအရာကို ငါတို့သည် အစဉ်မပြတ်ချီးမွမ်းကြ၏။ ၁၄အဘယ်သို့နည်းဟူ မူကား၊ယုဒပြည်၌ ယေရှုခရစ်၏ဘာသာကို ခံယူသော ဘုရားသခင်၏ သင်းဝင်သူ တို့သည် ယုဒလူတို့လက်မှ ဆင်းရဲခံရသကဲ့သို့၊ ညီအစ်ကိုတို့၊ သင်တို့သည် မိမိတို့ အမျိုးသားချင်းတို့ လက်မှ ထိုနည်းတူခံရသောအားဖြင့်၊ ယုဒပြည်၌ရှိသော တပည့် တော်ကဲ့သို့သောသူ ဖြစ်ကြ၏။

၁သက်၊ ၅း၁-၅ ညီအစ်ကိုတို့၊ ကပ်ကာလအချိန်များကို သင်တို့အား ရေး၍ ပေးလိုက်စရာအကြောင်းမရှိ။ ၂ အဘယ်ကြောင့်နည်းဟူမူကား၊ သူခိုးသည် ညဥ့် အခါလာသကဲ့သို့၊ သခင်ဘုရား၏ နေ့ရက်သည် လာလိမ့်မည်ကို သင်တို့သည် သေချာ စွာသိကြ၏။ ၃ ငြိမ်ဝပ်ခြင်းရှိ၏၊ ဘေးအန္တရာယ်နှင့် ကင်းလွတ်၏ဟု ဆိုစဉ်တွင်၊ ကိုယ်ဝန်ဆောင်သော မိန်းမ၌ သားဘွားခြင်းဝေဒနာရောက်သကဲ့သို့၊ သူတို့အပေါ်၌ လျင်မြန်စွာသော ပျက်စီးခြင်းရောက်၍ လွတ်ခြင်းအခွင့် မရှိရကြ။ ၄ သို့သော်လည်း၊

ညီ အစ်ကို တို့၊ ထို နေ့ ရက်သ ည်သူ ခိုး ကဲ့ သို့ သ င်တို့ အ ပေါ်သို့ ရော က်လာ မ ည် အကြောင်း၊ သင်တို့သည် မှောင်မိုက်၌ နေကြသည်မဟုတ်။ ၅ သင်တို့အပေါင်းသည် အလင်း၏သား၊ နေ့၏သားဖြစ်ကြ၏။ ညဥ့်၏သား ၊ မှောင်မိုက်၏သားမဟုတ်။

## ၈။ အသင်းတော်ခုနစ်ပါးကိုခရစ်တော်ကစာရေးပို့ခြင်း

(က) ဧဖက်မြို့၌ရှိသော အသင်းတော်သည် ( မေတ္တာလျော့သောအသင်းတော်ဖြစ်သည်)။ အေဒီ ၃၃ မှ ၁၀၀ အထိဖြစ်သည်။ ( ဗျာ၊ ၂း၁-၇ )။

(ခ) စမုရနမြို့၌ရှိသောအသင်းတော်သည်။ ( ညှဥ်းဆဲခြင်းကိုခံရသောအသင်းတော်ဖြစ်သည်)။ အေဒီ ၁၀၀မှ ၃၁၃အထိဖြစ်သည်။ ( ဗျာ၊ ၂း၈-၁၁ )။

(ဂ) ပေရဂံမြို့၌ရှိသောအသင်းတော်သည် ရောနှောသောအသင်းတော်ဖြစ်သည်။ အေဒီ ၃၁၃မှ ၆၀၀အထိဖြစ်သည်။ ( ဗျာ၊ ၂း၁၂-၁၇ )။

(ဃ) သွာတိရမြို့၌ရှိသောအသင်းတော်သည် ( အကျင့်ပျက်သောအသင်းတော်ဖြစ်သည်။ (အေဒီ ၆၀၀မှ ၁၅၁၇အထိဖြစ်သည်။ ( ဗျာ၊ ၁း၁၈-၂၉ )။

(င) သာဒိမြို့၌ရှိသောအသင်းတော်သည် ( သေနေသောအသင်းတော်ဖြစ်သည်) အေဒီ ၁၅၁၇မှ၁၇၀၀အထိဖြစ်သည်။ ( ဗျာ၊ ၃း၁-၆ )။

(စ) ဖိလဒေလဖိမြို့၌ရှိသောအသင်းတော်သည် ( သစ္စာရှိသောအသင်းတော်ဖြစ်သည်) အေဒီ ၁၇၀၀မှ၁၉၀၀အထိဖြစ်သည်။ ( ဗျာ၊ ၃း၇-၁၃ )။

(ဆ) လောဒိကိမြို့ရှိသောအသင်းတော်သည် ( မပူမအေးအသင်းတော်ဖြစ်သည်)

အေဒီ ၁၉၀၀ချီဆောင်ခြင်းနေ့ရက်အထိဖြစ်သည်။ ( ဗျာ၊ ၃း၁၄-၂၂ )။

သင်ခန်းစာ ( ၃ )

# ဘုရားသခင်၏အလိုတော်

## ၁။ ကယ်တင်ခြင်းသို့ရောက်သောသူဖြစ်ရမည်

ဘုရားသခင်၏အလိုတော်သည် လူတိုင်းကယ်တင်ခြင်းသို့ရောက်ဖို့ရန်ဖြစ်သည်။ ကယ်တင်ခြင်းသို့မရောက်လျှင်၊ လူတိုင်း ငရဲသို့သွားရမည်။ ကယ်တင်ခြင်းသို့ရောက်သောသူမှ သာလျှင်အသင်းတော်ကိုဦးဆောင်ရမည်။သင်းအုပ်ဖြစ်စေ၊ သင်းထောက်ဖြစ်စေ၊ အမျိုးသမီးများဖြစ်စေ၊လူငယ်ခေါင်းဆောင်ဖြစ်စေ၊ ကလေးသူငယ်များကို သင်ပေးသော ဆရာ၊ဆရာမများဖြစ်စေ၊ ကယ်တင်ခြင်းသို့ရောက်သောသူဖြစ်ရမည်။ လူကန်းသည် လူကန်းကိုလမ်းပြလျှင်၊ နှစ်ယောက်စလုံး တွင်းထဲ သို့ကျမည်ဟုဆိုသည်။ (မဿဲ၊ ၁၅း ၁၄။ဟေရှာယ၊ ၉း၁၆။မာလခိ၊ ၂း၈။ လုကာ၊၆း၃၉ ) ၌ဖော်ပြထားသည်။ လူ၏ဝိညာဉ်သည် ဤစကြာဝဠာထက်တန်ဘိုးရှိသည်၊ ( မဿဲ၊ ၁၆း၂၆ )။ ထို့ကြောင့် ဘုရားသခင်၏အလိုတော်သည် ကယ်တင်ခြင်းသို့ရောက်ဖို့ရန်ဖြစ်သည်။ ကယ်တင်ခြင်းသို့ ရောက်ခြင်းသည် ဝိညာဥ်ပိုင်း၌ မွေးဖွားခြင်းဖြစ်သည်။ ကိုယ်ခန္ဓာပိုင်း၌ ကလေးမွေးဖွားပြီးလျှင် မပြီးသေးချေ။ ကြီးထွားဖို့ရန်လိုသည်။ ထို့နည်းသူ ဝိညာဥ်ပိုင်း၌လည်း ကြီးထွားဖို့ရန်လိုသည်။

**၁တိ၊ ၂း၄ လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကို သိစေခြင်းငှါ၊ ဘုရားသခင်အလိုတော် ရှိ၏။**

## ၂။ သမ္မာတရားကိုသိသောသူဖြစ်ရမည်

လူအများစုသည် ကယ်တင်ခြင်းသို့ရောက်ရုံနဲ့သာ ကျေနပ်နေကြသည်။ ဘုရားသခင်သည် လူတိုင်းကို ကယ်တင်သို့ရောက်၍၊သမ္မာတရားကိုသိစေခြင်းငှါ အလိုတော်ရှိသည်။ ထို့ကြောင့် ကယ်တင်ခြင်းသို့ရောက် ရုံနဲ့ကျေနပ်နေဖို့ရန်မဟုတ်ဘဲ၊သမ္မာတရားကိုလဲသိဖို့ရန်လိုအပ်သည်။ သမ္မာတရားကို သိခြင်းသည် ဝိညာဉ်ပိုင်း၌ ကြီးထွားခြင်းဖြစ်သည်။ကလေးသည် ကြီးထွားနိုင်ဖို့ရန် မိခင်နို့ကို အမြဲတမ်းသောက်သကဲ့သို့၊ ဝိညာဉ်ပိုင်း၌လည်း ကြီးထွားလာဖို့ရန် နှုတ်ကပတ်တော် နို့စစ်ကို အမြဲ တမ်းသောက်ဖို့ရန်လိုအပ်သည်။ ( ဟေဗြဲ၊ ၅း၁၂-၁၄။ ၁ကော၊ ၃း၁-၃။ ၁ပေ၊ ၂း၁-၃ ) ၌တွေ့ရသည်။ ကလေး၌ ရောဂါရှိလျှင်၊ မကြီးထွားနိုင်သကဲ့သို့ ဝိညာဉ်ပိုင်း၌ ဇာတိပကတိနဲ့အသက်ရှင်လျှင် ကြီးထွားနိုင်မည်မဟုတ်ပေ။ ကလေးကြီးထွားလာသော အခါမိဘများက ဝမ်းသာသကဲ့သို့၊ ဝိညာဉ်ပိုင်း၌လည်း ကြီးထွားလာလျှင်၊ ဝိညာဉ်ဖခင်များကဝမ်းမြောက်ကြမည်ဖြစ်သည်။

**၁တိ၊ ၂း၄ လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကို သိစေခြင်းငှါ၊ ဘုရားသခင်အလိုတော် ရှိ၏။**

## ၃။ သမ္မာတရားကိုမှန်ကန်စွာပိုင်းခြားတတ်သောသူဖြစ်ရမည်

သမ္မာတရားသိခြင်းသည် ဝိညာဉ်ပိုင်း၌၊ ကြီးထွားခြင်းသာဖြစ်သောကြောင့် သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော သူဖြစ်ဖို့ရန် ဘုရားသခင်အလိုတော်ရှိ

သည်။ သမ္မာတရားကို မှန်ကန်စွာမပိုင်းခြားတတ်လျှင်၊ ဝိညာဉ်ပိုင်း၌ စားသင့်၊မစား သင့် ကိုသိနိုင်မည်မဟုတ်။ မသမ္မာတရားကိုလဲ ပိုင်းခြားနိုင်မည်မဟုတ်။ ဝိညာဉ် ပိုင်း၌ အလိမ်ခံရမည်ဖြစ်သည်။ သမ္မာတရားကိုလည်း မှန်ကန်စွာ ပိုင်းခြားတတ်လျှင် မည်သူကမျှ လိမ်လည်လို့ရမည်မဟုတ်။ ယခုကာလဝိညာဉ်ရေးရာ၌ အလိမ်ခံရသော သူများစွာကိုတွေ့နေရသည်။ သမ္မာတရားကိုမှန်ကန်စွာ ပိုင်းခြားတတ်ခြင်းသည် ကိုယ်တိုင်အတွက်သော်ရင်း၊ မိသားစုအတွက်သော်ရင်း၊ အသင်း တော် အတွက် သော်ရင်း၊ လုံခြုံခြင်းကိုပေးမည်ဖြစ်သည်။ ယခုအချိန်၌ အတွင်း၌ကြမ်းတမ်းသော တောခွေးများသည်၊ သိုးရေကိုခြုံ၍၊သိုးများထံသို့လာတတ်သော မိစ္ဆာပရောဖက်များ စွာရှိကြသည်။ ( မဿဲ၊ ၇း၁၅ )။ ရှင်ပေါလုသည် တိမောသေကို စာရေးသောအခါ၊ သမ္မာတရားကို မှန်ကန်စွာပိုင်းခြားတတ်သောသူဖြစ်ဖို့ရန်လိုသည်ဟု စာရေးခဲ့သည်။ သမ္မာတရားကို မှန်ကန်စွာပိုင်းခြားတတ် လျှင်၊ ထိုသမ္မာတရားသည် သင်တို့ကိုလွတ် လိမ့်မည်ဟု ယုံကြည်သော ယုဒလူတို့ကို ခရစ်တော်ကလည်း ပြောခဲ့သည်။( ယော၊ ၈း ၃၂ )။ထို့ကြောင့် သမ္မာတရားကိုမှန်ကန်စွာပိုင်းခြားတတ်ခြင်းသည် ကိုယ်ခန္ဓာ ပိုင်း၌၊ ရင့်ကျက်သောသူနှင့် တူသကဲ့သို့ ဝိညာဉ်ပိုင်း၌လည်း ရင့်ကျက်သောသူ သည်။

**၂တိ၊ ၂း၁၅ သင်မူကား၊ ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိ ဘဲ၊ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက်၊ ဘုရားသ ခင်ရှေ့၌ ကိုယ်ကိုကိုယ်ဆက်သခြင်းငှါ ကြိုးစားအားထုတ် လော့။**

## ၄။ ကိုယ်ကိုကိုယ်ဘုရား၌ဆက်သသောသူဖြစ်ရမည်

ကယ်တင်ခြင်းသို့ ရောက်၍ သမ္မာတရားကိုသိသဖြင့်၊ ထိုသမ္မာတရားကို မှန်ကန်စွာပိုင်းခြားယုံသာမက ဘုရားသခင်၌ ကိုယ်ကိုကိုယ်ဆက်သသောသူဖြစ်ဖို့ ရန် ဘုရားသခင်အလိုတော်ရှိသည်။ တစ်နည်းအားဖြင့် လောကအတွက် အသက် ရှင်ခြင်းမဟုတ်တော့ဘဲ၊ ထာဝရအကျိုးရရှိဖို့ရန် အမှုတော်ဆောင်ဖို့ရန် အသက်တာ ကိုဆက်ကပ်လာသည်။ ပျောက်ဆုံးသော ဝိညာဥ်များကို ဖမ်း၍၊ ပြုစုပျိုးထောင်သည် သာမက တပည့်တော်များကို မွေးထုတ်၍ စေလွှတ်သောသူအဖြစ် ဆက်ကပ်လာကြ သည်အထိတိုင်းအောင် ဘုရားသခင်အလိုတော်ရှိသည်။ ဤလောကကိုမီးရှို့ဖို့ သာလျှင်ဖြစ်သည်။၊(၂ပေ၊ ၃း၇-၁၂)။လောကအရာရှိသမျှကိုမချစ်ဖို့ရန်သတိပေး ထားသည်။ (၁ယော၊ ၂း၁၅-၁၇)။ ဤလောကကိုသုံးသောသူသည် မသုံးသကဲ့သို့ ဖြစ်ရလိမ့်မည်။၊ (၁ကော၊ ၇း၃၀-၃၁)။ ဤလောက၏ ဘုန်းစည်းစိမ်ရှိသမျှကို စာတန်ကပိုင်သည်။ (မဿ၊ ၄း၈-၁၁)။ ထို့ကြောင့် သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သောသူသည် ဤလောကအတွက် အသက်မရှင်ဘဲ၊အထက်အရာ အတွက်အသက်ရှင်၍ဘုရားသခင်၏အလိုတော်ကိုဆောင်ဖိုရန်ဆက်ကပ်ကြသည်။ ထို့ကြောင့် ဆရာသမားဖြစ်လျှက်၊ ဘုရားသခင်ရှေ့၌ ကိုယ်ကိုကိုယ်ဆက်သခြင်းငှါ ကြိုးစား အားထုတ် လော့ဟုဆိုခြင်းဖြစ်သည်။

**၁တိ၊ ၂း၁၅ သင်မူကား၊ ဝန်ခံတော်မူသောသူ၊ ရှက်ကြောက် စရာအကြောင်းမ ရှိဘဲ၊သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက်၊ ဘုရားသ**

ခင်ရှေ့၌ ကိုယ်ကိုကိုယ်ဆက်သခြင်းငှါ ကြိုးစား အားထုတ် လော့။

## ၅။ သမ္မာတရား၌ကျင်လည်သောသူဖြစ်ရမည်

ကိုယ်ကိုကိုယ် ဘုရားသခင်၏အလိုတော်ကိုဆောင်ဖို့ရန် ဆက်ကပ်သည်သာမက၊သမ္မာတရား၌ကျင်လည်ဖို့ရန်ဘုရားသခင်အလိုတော်ရှိသည်။ သမ္မာတရား၌ကျင်လည်ခြင်းသည် ဘုရားကြိုက်သော အရာကိုကြိုက်၊ ဘုရားမုန်းသောအရာကိုမုန်းခြင်းဖြစ်သည်။ ပြတ်ပြတ်သားသား ဘုရားဘက်၌ရပ်တည်ခြင်းဖြစ်သည်။ လောဒိကိမြို့၌ရှိသော အသင်းတော်ကို ခရစ်တော်က စာရေးသော အခါ အေးရင်အေး၊ပူရင်ပူနွေးရုံရှိလျှင်၊ ငါ၏ခံတွင်းသည် သင့်ကိုထွေးလုပြီဟုဆိုသည်။(ဗျာ၊ ၃း၁၅-၁၆)။ စကားပြောသောအခါ၌လည်း အဟုတ်ကိုအဟုတ်၊ မဟုတ်ကိုမဟုတ် ဟုပြောရမည်ဟု ဆိုသည်။ (ယာကုပ်၊ ၅း၁၂။ မဿဲ၊ ၅း၃၇)။ ထို့ကြောင့် သမ္မာတရား၌ ကျင်လည်သည်အထိ ဘုရားသခင်အလိုတော်ရှိသည်။

**၃ယော၊ ၁း၃-၄ သင်သည်သမ္မာတရား၌ ကျင်လည်သည်အတိုင်း သင်၌ရှိသော သမ္မာတရား၏အကြောင်းကို ညီအစ်ကို တို့သည်လာ၍ သက်သေခံကြသောအခါ၊ ငါသည် အလွန်ဝမ်းမြောက်ခြင်းရှိ၏။ ၄ ငါ၏သားသမီးတို့သည် သမ္မာတရား၌ကျင်လည်သည်ကို ငါကြား၍ ဝမ်းမြောက်ခြင်းထက် သာ၍ ဝမ်းမြောက်ခြင်းမရှိ။**

သင်ခန်းစာ ( ၄ )

# သင်းအုပ်ဆရာ၏အရည်အချင်းများ

သင်းအုပ်၌လိုအပ်သောအရည်အချင်းများကိုအောက်ပါဖော်ပြရာ ကျမ်းစာ၌ရေးထားသည်ကျမ်းစာအတိုင်းအသက်ရှင်တတ်ဖို့ရန်သာလျှင်အရေးကြီးသည်။ လူများသတ်မှတ်သောအရည်အချင်းများနှင့်ပြည့်ဝသော်လည်း ဘုရားသခင်သတ်မှတ်သောအရည်အချင်းများမရှိလျှင်၊ ဘုရားသခင်ကအသုံးမပြုနိုင်ချေ။

**၁တိ၊ ၃း၁-၇သင်းအုပ်အရာကို တောင့်တသောသူသည် ကောင်းသောအမှုအရာကို တောင့်တသည်ဟူသော စကားသည် မှန်သောစကားဖြစ်၏။ ၂ ထိုကြောင့်၊ သင်းအုပ်သည် အပြစ်တင်ခွင့်နှင့် ကင်းလွတ်သောသူ၊ မယားတယောက်တည်းရှိသောသူ၊ သမ္မာသတိရှိသောသူ။။။ ဣန္ဒြေစောင့်သောသူ၊ လျှောက်ပတ်စွာ ကျင့်သောသူ၊ ဧည့်သည်ဝတ်ကို ပြုတတ်သောသူ၊ ဆုံးမဩဝါဒပေးတတ်သောသူ ဖြစ်ရမည်။ ၃ စပျစ်ရည်နှင့်ပျော်မွေ့ခြင်း၊ သူတပါးကိုရိုက်ပုတ်ခြင်း၊ မစင်ကြယ်သော စီးပွါးကိုတပ်မက်ခြင်းမရှိ၊ စိတ် ဖြည်းညှင်းသောသူ၊ ရန်မတွေ့တတ်သောသူ၊ ငွေကို မတပ်မက်သောသူဖြစ်ရမည်။ ၄ မိမိအိမ်ကိုကောင်းမွန်စွာ အုပ်စိုး၍ သမ္မာသမာဓိရှိသည်နှင့်၊ မိမိသားသမီးကို ဆုံးမနိုင်သောသူ ဖြစ်ရမည်။ ၅မိမိအိမ်ကိုမအုပ်စိုးတတ်လျှင်၊ဘုရားသခင်၏ အသင်းတော်ကို အဘယ်သို့ပြုစုလိမ့်မည်နည်း။ ၆ မာနနှင့်ယစ်မူးလျက်၊ မာရ်နတ်၏ အပြစ် ရောက်မည်ဟု စိုးရိမ်စရာရှိ၍၊ ဘာသာဝင်လူသစ် မ**

**ဖြစ်ရ။ ၇ ကဲ့ရဲ့ပြစ်တင်ခြင်း၊ မာရ်နတ်ဘမ်းမိခြင်းနှင့် ကင်းလွတ်မည်အကြောင်း၊ ပြင်ပလူဘို့တွင်အသရေရှိသောသူ ဖြစ်ရမည်။ (တိတု၊ ၁း၅-၉ )။** ၌လည်း ထပ်မံ၍လေ့လာနိုင်သည်။

၁။ သင်းအုပ်သည် အပြစ်တင်ခွင့်နှင့် ကင်းလွတ်သောသူဖြစ်ရမည်။

၂။ မယားတစ်ယောက်တည်းရှိသောသူဖြစ်ရမည်။

၃။ သမ္မာသတိရှိသောသူဖြစ်ရမည်။

၄။ ဣန္ဒြေစောင့်သောသူဖြစ်ရမည်။

၅။ လျောက်ပတ်စွာ ကျင့်သောသူဖြစ်ရမည်။

၆။ ဧည့်သည်ဝတ်ကို ပြုတတ်သောသူဖြစ်ရမည်။

၇။ ဆုံးမသြဝါဒပေးတတ်သောသူဖြစ်ရမည်။

၈။ စပျစ်ရည်နှင့်ပျော်မွေ့ခြင်းဖြစ်ရမည်။

၉။ သူတပါးကိုရိုက်ပုတ်ခြင်းမရှိသောသူဖြစ်ရမည်၊

၁၀။ မစင်ကြယ်သော စီးပွါးကိုတပ်မက်ခြင်းမရှိသောသူဖြစ်ရမည်၊

၁၁။ စိတ် ဖြည်းညှင်းသောသူဖြစ်ရမည်။

၁၂။ ရန်မတွေ့တတ်သောသူဖြစ်ရမည်။

၁၃။ ငွေကို မတပ်မက်သောသူဖြစ်ရမည်။

၁၄။ မိမိအိမ်ကိုကောင်းမွန်စွာ အုပ်စိုး၍ သမ္မာသတိရှိသောသူဖြစ်ရမည်။

၁၅။ မိမိသားသမီးကို ဆုံးမနိုင်သောသူဖြစ်ရမည်။

၁၆။ မိမိ၏အိမ်ကိုမအုပ်စိုးတတ်လျှင်၊ ဘုရားသခင်၏ အသင်းတော်ကို အဘယ်သို့ ပြုစုလိမ့်မည်နည်း။

၁၇။ မာနနှင့်ယစ်မူးလျှက်၊ မာရ်နတ်၏ အပြစ် ရောက်မည်ဟု စိုးရိမ်စရာရှိ၍၊ ဘာသာဝင်လူသစ် မဖြစ်ရ။

၁၈။ ကဲ့ရဲ့ပြစ်တင်ခြင်း၊ မာရ်နတ်ဘမ်းမိခြင်းနှင့် ကင်းလွတ်မည်အကြောင်း၊ ပြင်ပလူတို့တွင် အသရေရှိသောသူ ဖြစ်ရမည်။

# ၁။ သိုးထိန်းအကြီး

သင်းအုပ်များသည် အသင်းတော်ကိုဦးဆောင်သောအခါ၊ အမိန့်အာဏာနှင့်မဦးဆောင်ရ၊ ကိုယ့်အကျိုးစီးပွားအတွက်မဟုတ်ပဲ၊ စေတနာစိတ်နှင့်ကြည့်ရှု၍၊ သိုးများကိုဦးဆောင်ရမည်ဖြစ်သည်။ သိုးများတည်းဟူသော ယုံကြည်သူများအရှေ့မှာ ပုံသက်သေကိုပြသောသူဖြစ်ဖို့ရန်လည်း ရှင်ပေတရုက သင်းအုပ် များကိုတိုက်တွန်းထားသည်။ သိုးထိန်းအကြီးသည် ခရစ်တော်ဖြစ်သည်။ သင်းအုပ်များသည် ခရစ်တော်၏သိုးများကို ထိန်းသောသူများသာလျှင်ဖြစ်ကြသည်။ ခရစ်တော်၏သိုးများကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်သောသူသည်၊သိုးထိန်းအကြီးတည်းဟူသော ခရစ်တော်ပေါ်ထွန်းလာသောအခါ၊ မညှိုးမနွမ်း၊ မပျက်စီးတတ်သော သိုးထိန်းသရဖူကိုပေးမည်ဖြစ်သည်။

**၁ပေ၊ ၅း၁-၄ သင်းအုပ်အရာ၌ငင်း၊ ခရစ်တော်၏ ဆင်းရဲဒုက္ခဝေဒနာကို သိ**

**မြင်သောသက်သေအရာဥ္စရင်း ခန့်ထား သောသူ၊ ထင်ရှားစေတော်မူလတံ့သော ဘုန်းအသရေတော်ကို ဆက်ဆံသောသူဖြစ်သော ငါပေတရုသည်၊သင်တို့တွင်ရှိသော သင်းအုပ်ချင်းတို့ကိုတောင်းပန်ပါ၏။၂ သင်တို့နှင့်အတူရှိသောဘုရားသခင်၏သိုး တော်စုကိုထိန်းခြင်းအမှုမှာ၊အနိုင်ထိန်းရသောကြောင့် မဟုတ်၊ မစင်ကြယ်သော စီးပွားကို တပ်မက်သောကြောင့်မဟုတ်ဘဲ၊ အလိုလိုစေတနာစိတ်ရှိ၍ ကြည့်ရှု အုပ်ထိန်းကြလော့။ ၃ အသီးအသီးအုပ်သောအသင်းတော်တို့ကို အာဏာထား၍အ စိုးတရပြုသည်မဟုတ်ဘဲ၊ သိုးတော်စု ရှေ့မှာပုံသက်သေ ကိုပြသောသူဖြစ်ကြလော့။ ၄သို့ဖြစ်လျှင်၊သိုးထိန်းအကြီးပေါ်ထွန်းတော်မူသောအခါ၊သင်တို့သည်မညှိုးမနွမ်း တတ်သောဘုန်းကြီးသော ပန်းဦးရစ်သရဖူကို ခံရကြလိမ့်မည်။**

# ၂။ ကောင်းမွန်စွာအုပ်သောသင်းအုပ်

ကောင်းမွန်စွာအုပ်သော သင်းအုပ်သည် ပျောက်ဆုံးသော ဝိညာဉ်များကို ချစ်၍၊ ပျောက်ဆုံးသော ဝိညာဉ်များကိုဖမ်းပြီးလျှင်၊ပြုစုပျိုးထောင် စောင့်ရှောက်၍၊ စေလွှတ်သောသူဖြစ်သည်။ လူ့၏မျက်နှာကိုထောက်ရှုခြင်းမရှိဘဲ၊ သမ္မာတရား အတိုင်း တရားဟောသောသူဖြစ်သည်။ အသင်းတော်ကိုဂရုစိုက်၍၊ အသင်းတော် အပေါ်၌ သစ္စာရှိသောသူဖြစ်သည်။ အသင်းတော်အတွက် ကြိုးစားအားထုတ်သောသူ တို့သည် အလျှုနှစ်ဆကိုအထူးသဖြင့် ခံထိုက်သောသူဖြစ်သည်ဟုဆိုသည်။ ထို့ကြောင့် အသင်းကိုတော်ချစ်၍ ပြုစုစောင့်ရှောက်သော သင်းအုပ်သည် အသင်းတော်မှငွေ ကြေးအားဖြင့် ကြည့်ရှုဖို့ရန်လိုသည်။

**၁တိ၊၅း၁၇-၁၈ ကောင်းမွန်စွာ အုပ်သောသင်းအုပ်တို့သည် အလှူနှစ်ဆကို ခံထိုက်သောသူဖြစ်သည်ဟူ၍ရင်း၊တရားဟောခြင်း၊ ဆုံးမဩဝါဒပေးခြင်းအမှုကို ကြိုးစားအားထုတ်သောသူတို့သည်။ အလှူနှစ်ဆကို အထူးသဖြင့် ခံထိုက်သောသူ ဖြစ်သည်ဟူ၍ရင်း မှတ်ရမည်။ ၁၈အကြောင်းမူကား၊စပါးနင်းနယ်သောနွားဏ်နှုတ် ကိုမချုပ်တည်းရဟုကျမ်းစာလာ၏။တချက်ကား၊လုပ်ဆောင်သောသူသည် အခကို ခံထိုက်ပေးသည်ဟု လာပြန်၏။**

မောရှေ၏ပညတ္တိကျမ်းစာ၌ စပါးနင်းနယ်သောနွား၏နှုတ်ကိုမချုပ်တည်းရဟုဆိုသည်။ ( ၁ကော၊ ၉း၈-၁၀။ တရားဟောရာကျမ်း၊ ၂၅း၄ ) ဧဝံဂေလိတရားဟောပြောသောသူသည် ဧဝံဂေလိတရားအားဖြင့်အသက်ကိုမွေးရမည်ဟု သခင်ဘုရားသည်ပညတ်ထားသည်ဟု ရှင်ပေါလ ရေးထားသည်။ ထို့ကြောင့် သင်းအုပ်ဆရာမိသားစု ကိုအသင်းတော်မှ တာဝန်ယူဖို့ရမည်ဖြစ်သည်။

## ၃။ သင်းအုပ်၌အပြစ်တင်သောစကား

မဟုတ်၊ မမှန်ပဲသင်းအုပ်ကို အပြစ်မတင်ရ၊ သက်သေခံနှစ်ဦး၊ သုံးဦးမရှိဘဲ၊ အပြစ်တင်ခြင်းကိုခံရလျှင်၊ အပြစ်တင်သောသူ၏စကားကိုနား မထောင်ရ၊ ထိုသူကို လူအပေါင်းတို့ရှေ့မှာ အပြစ်တင် ၍ ဆုံးမရမည်။ ထိုသို့ပြုဖို့ရန် ရှင်ပေါလုသည် တိမောသေကိုမှာထားသည်။ ဘုရားသခင်နှင့် သခင်ယေရှုခရစ်အရှေ့မှာရင်း၊ ရွေးကောက်တော်မူသော ကောင်းကင်တမန်တို့အရှေ့မှာရင်း၊ ငါသည် သင့်ကို

သစ္စာပေး၏ဟုဆိုသည်။ သက်သေခံနှစ်ဦး၊သုံးဦးရှိလျှင်၊ သင်းအုပ်ကိုခေါ်၍၊ သူ၏အပြစ်ကိုဖော်ပြနိုင်သည်။

**၁တိ၊ ၅း၁၉-၂၁ သက်သေခံနှစ်ဦးသုံးဦးမရှိလျှင်၊ သင်းအုပ်၌ အပြစ်တင်သော စကားကို နားမထောင်နှင့်။ ၂၀ ကြွင်းသောသူတို့သည် ကြောက်စေခြင်းငှါ အပြစ်ရှိသော သူတို့ကို လူအပေါင်းတို့ရှေ့မှာ အပြစ်တင် ၍ ဆုံးမလော့။ ၂၁ရှေ့မဆွကမစီရင်၊ ငဲ့ကွက်သောစိတ်နှင့်အလျှင်းမပြုဘဲ၊ ဤပြည့်တတ်များကို စောင့်ရှောက်မည်အကြောင်း၊ဘုရားသခင်နှင့် သခင်ယေရှုခရစ်မှာရင်း၊ ရွေးကောက်တော်မူသော ကောင်းကင်တမန်တို့ ရှေ့မှာရင်း၊ ငါသည် သင့်ကို သစ္စာပေး၏။**

# ၄။ သိုးတို့ကိုမကျွေးမွေးသောသိုးထိန်း

သိုးထိန်းတို့သည် သိုးတို့ကိုကျွေးမွေးသောအခါ သိုးနို့ကိုသောက်၍၊သိုးမွေးကိုဝတ်ကြသည်၊ဆူဖြိုးသော သိုးတို့ကိုလည်း သတ်၍စားကြသည်။ သိုးများသည် သိုးထိန်းကိုအကျိုးဖြစ်စေသည်။ သို့သော်လည်း သိုးထိန်းသည်သိုးများကိုမကျွေးမွေးလျှင် သိုးများတို့သည် မည်ကဲ့သို့အသက်ရှင်ကြမည်နည်း။ ထိုသို့သော သိုးထိန်းသည် အလွန်မေတ္တာတရားခေါင်းပါးသော သိုးထိန်းဖြစ်သည်၊ထိုနည်းတူ သိုးများတို့သည် ယုံကြည်သူများဖြစ်၍၊ သိုးထိန်းသည် သင်းအုပ်ဆရာများဖြစ်ကြသည်။ ယုံကြည်သူများ၏အလှူငွေများပေးခြင်း၊ဆယ်ဖို့တဖို့ပေးခြင်းများကိုဝလင်စွာစားသော်လည်း ယုံကြည်သူများကို နှုတ်ကပတ်တော်ကို ဝလင်စွာမကျွေးမွေးသော သင်းအုပ်များလည်းရှိကြသည်။ ထိုသို့သော သင်းအုပ်များသည် မေတ္တာတရား

ခေါင်းပါးသော သင်းအုပ်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်လည်း ထိုသို့သော သင်းအုပ်များမဖြစ်ဖို့ရန်အရေးကြီးသည်။ (ယုံကြည်သူများကို အာဏာနှင့် အတင်းအဓမ္မဖြင့်အုပ်သောသူများ သင်းအုပ်မဖြစ်ဖို့ရန်အရေးကြီးသည်။ ယုံကြည်သူများကို နှုတ်ကပတ်တော်ကို ဝလင်စွာကျွေးမွေး၍ပြုစု စောင့်ရှောက်သော သင်းအုပ်ဖြစ်ဖို့ရန်လိုအပ်သည်။

**ယေဇကျေလ၊ ၃၄း၃ သင်တို့သည် သိုးနို့ကို စားကြ၏။ သိုးမွေးကို ဝတ်ကြ၏။ ဆူဖြိုးသော သိုးတို့ကိုလည်း သတ်ကြ၏။ သို့ရာတွင်၊ သိုးတို့ကို မကျွေးမွေးပါတကား။**

## ၅။ အားနည်းသောသိုးများ

သင်းအုပ်များအနေဖြင့် အသင်းတော်၌ အားနည်းသော သိုးများကိုတွေ့ရမည်ဖြစ်သည်။ ထိုသို့အားနည်းသော သိုးများကို ဂရုစိုက်ဖို့ရန်လိုအပ်သည်။ အားရှိစေမဲ့ ဝိညာဉ်အစာများကိုကျွေးမွေးဖို့ရန်လိုအပ်သည်။ သူတို့၏အားနည်းချက်များသည် သူတို့၏အနာရောဂါကဲ့သို့ဖြစ်သောကြောင့် ဆေးလိမ်းပေးဖို့ရန်လိုအပ်သည်။ သိုးထိန်းတည်းဟူသော သင်းအုပ်၌ တာဝန်ရှိသည်။ အားနည်းသော သိုးများတို့ကို ပို၍အချိန်လည်းပေးသင့်သည်။ သို့မဟုတ်လျှင်ခရစ်တော်နှင့် တွေ့ကြသော အခါအပြစ်တင်ခြင်းကိုခံရမည်ဖြစ်သည်။

**ယေဇကျေလ၊ ၃၄း၄ အားနည်းသောသိုးကိုမ မစကြ၊ နာသောသိုးတို့ကိုဆေး**

**မကုကြ၊အရိုးကျိုးသောသိုးကိုအဝတ်နှင့် မစည်းကြ၊ သူတပါးနှင်သော သိုးကိုလိုက်၍မဆောင်ခဲ့ ကြ၊ ပျောက်သောသိုးကို မရှာကြ၊ အနိုင်အထက်ပြု၍ ကြမ်းတမ်းစွာ စီရင်ကြပြီ။**

## ၆။ သိုးထိန်းမရှိသောသိုးများ

သိုးထိန်းသည် သိုးများ၏အကွယ်အကာဖြစ်သည်။ သိုးများကို တောသားရဲများ၏လက်မှ ကာကွယ်၍ ကွဲပြားခြင်းမရှိအောင် စောင့်ရှောက်ပေးသောသူများဖြစ်သည်။ အကယ်၍သိုးများကွဲပြားပါက တောသားရဲများ၏စားစရာဖြစ်မည် ဖြစ်သည်။ ထို့ကြောင့်အသင်းတော်၌လည်း သိုးများတည်းဟူသော ယုံကြည်သူများ အချင်းချင်းမကွဲပြားအောင် ကြည့်ရှု့စောင့်ရှောက်တတ်ဖို့ရန်လိုအပ်သည်။ ယခု အချိန်၌ တောသားရဲများ တည်းဟူသော စာတန်အသုံးပြုသောသူများ များသည်လာ သောကြောင့် ပို၍ဂရုစိုက်ဖို့ရန်လိုအပ်သည်။

**ယေဇကျေလ၊ ၃၄း၅ သိုးထိန်းသောသူမရှိသောကြောင့် သိုးတို့သည် ကွဲပြားကြ၏။ ကွဲပြားလျက်နေသောအခါ ခပ်သိမ်းသောတောသားရဲစားစရာဖြစ်ကြ၏။ ကွဲပြားလျက်နေသောအခါ ခပ်သိမ်းသော တောသားရဲစားစရာဖြစ်ကြ၏။**

## ၇။ ပျောက်သောသိုးကိုမရှာသောသိုးထိန်း

သိုးထိန်းသည် သိုးဘယ်နှစ်ကောင်ရှိသည်ကိုသိသည်။ သိုးတစ်ကောင် ပျောက်လျှင် လိုက်၍ရှာဖို့ရန်သိုးထိန်း၏တာဝန်ဖြစ်သည်။ ထို့နည်းတူ သင်းအုပ်

များသည်လည်း ယုံကြည်သူများ ဘုရားကျောင်းသို့ရောက်လာမလျှင် အိမ်အထိသွား လည်ဖို့ရန်တာဝန်ရှိသည်။ သွား၍ရှာဖွေဖို့ရန်ဖြစ်သည်။ တွေ့လျှင်ခွန်အားပေး၍ ဘုရားသခင်ထံသို့ ပြန်လည်ဆွဲခေါ်ဖို့ရန်ဖြစ်သည်။ ထိုကဲ့သို့သောသူများကို ကြမ်းတမ်းစွာစကားပြောဆိုခြင်းများကိုရှောင်ရမည်ဖြစ်သည်။

**ယေဇကျေလ၊ ၃၄း၆ ငါ့သိုးတို့သည် တောင်များ၊ မြင့်သောကုန်းများ အပေါ် မှာလဲ၍ မြေတပြင်လုံးတွင် အရပ်ရပ်သို့ ကွဲပြား ပြန့်လွင့်လျက်နေ၍၊ အဘယ်သူမျှ မ လိုက်ရှာကြ။**

## ၈။ သိုးထိန်းများကိုသတိပေးသောအရာများ

အသင်းတော်ကို ကြည့်ရှုသော သိုးထိန်းများသည် သတိပြုဖို့ရန်အတွက်ဤ ကဲ့သို့ သတိပေးထားကြောင်းကိုတွေ့ရသည်။ ဘုရားသခင်၏သိုးများကို သေချာစွာမ ကြည့်ရှုသောသူများ၏ လက်မှသိုးများကိုပြန်နှုတ်မည်ဟုဆိုထားသည်။

**ယေဇကျေလ၊ ၃၄း၇-၁၀ သို့ဖြစ်၍၊ အချင်းသိုးထိန်းတို့၊ ထာဝရဘုရား၏ အမိန့်တော်ကိုနားထောင်ကြလော့။ ၈ အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါ အသက်ရှင်သည်အတိုင်း၊ သိုးထိန်းမရှိ၊ အဘယ်သိုးထိန်း မျှငါ့သိုး တို့ကိုမရှာ၊ သိုးထိန်းတို့သည် ငါ့သိုးတို့ကို မကျွေးမွေး၊ ကိုယ်ကိုသာကျွေးမွေးသဖြင့်၊ ငါ့သိုး တို့သည် လုယူရာ၊ ခပ်သိမ်းသော တောသားရဲစားစရာဖြစ်သောကြောင့်၊ ၉ အချင်း သိုးထိန်းတို့၊ ထာဝရဘုရား၏ အမိန့်တော်ကိုနားထောင်ကြလော့။ ၁၀အရှင်**

**ထာဝရဘုရား မိန့်မှုသည်ကား၊ ငါသည်သိုးထိန်းတို့တဘက်၌နေ၏။ ငါ့သိုးများကို သူ တို့၌ငါတောင်း၍သိုးထိန်းအရာကို နှုတ်မည်။ သိုးထိန်း တို့သည် နောက်တဖန်ကိုယ် ကို မကျွေးမွေးရကြ။ ငါ့သိုးများကို သူတို့ပစပ်မှ ငါနှုတ်၍ နောက်တဖန် မကိုက်မစား ရကြ။**

# ၉။ သိုးထိန်းအကြီးကိုယ်တိုင်

သိုးထိန်းအကြီးသည် ခရစ်တော်ဖြစ်သည်။ ငါသည် ကိုယ်တိုင်လိုက်၍ ငါ့သိုး တို့ကိုရှာမည်ဟုဆိုသည်။ ကွဲပြားလျက်ရှိသော မိမိသိုးတို့ကိုကြိုးစား၍ရှာမည်ဟု ဆိုသည်။ ထို့ကြောင့် သင်းအုပ်များသည်လည်း သိုးများကိုသနား၍၊ ဝလင်စွာ အစာ များကျွေးမွေးသောသူများဖြစ်ဖို့ရန်လိုသည်။ ထိုသို့ဖြစ်လျှင်၊ သိုးထိန်းအကြီး ပေါ်ထွန်းလာသောအခါ၊ ချီးမြှောက်ခြင်း၊ချီးမွမ်းခြင်းကို ခံရမည်ဖြစ်သည်။

**ယေဇကျေလ၊ ၃၄း၁၁-၁၇အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါသည် ကိုယ်တိုင်လိုက်၍ ငါ့သိုးတို့ကိုရှာမည်။ ၁၂ကွဲပြားလျက်ရှိသောမိမိသိုးတို့တွင် သိုးထိန်း ရောက်သောအခါ ကြိုးစား၍ရှာသကဲ့သို့၊ ငါသည်လည်း ငါ့သိုးတို့ကို ကြိုးစား၍ ရှာမည်။ မိုဃ်းအုံ၍မိုက်သော နေ့၌ သူတို့ကွဲပြားသောအရပ်ရပ်တို့က ငါ နှုတ်ဆောင် မည်။ ၁၃အတိုင်းတိုင်းအပြည်ပြည်တို့က ခေါ်ခဲ့၍ စုဝေး စေပြီးလျှင်၊ သူတို့ နေရင်းပြည်သို့ ပို့ဆောင်မည်။ ဣသ ရေလတောင်တို့အပေါ်၊မြစ်တို့အနား အစ ရှိသော နေစရာ အရပ်ရပ်တို့၌ ကျွေးမွေးမည်။၁၄ ကောင်းသောကျက်စားရာအရပ်၌ ကျွေးမွေး မည်။ မြင့်သော ဣသရေလတောင်တို့အပေါ်မှာ သူတို့ ခြံရှိလိမ့်မည်။ သူ**

တို့သည်ဣသရေလတောင်တို့အပေါ်မှာ ကောင်းသောခြင်္ခအိပ်၍၊ ကြွယ်ဝသော ကျက်စားရာ၌ကျက်စားကြလိမ့်မည်။ ၁၅ ငါသည် ငါ့သိုးများကို ကျွေးမွေးမည်။ အိပ်ရာ ကိုလည်း ငါပေးမည်။ ၁၆ ပျောက်သောသိုးကို ငါရှာမည်။ သူတပါးနှင် သော သိုးကိုလိုက်၍ ဆောင်ခဲ့မည်။ အရိုးကျိုးသော သိုးကိုအဝတ်နှင့်စည်းမည်။ အားနည်းသော သိုးကိုမစ မည်။ ဆူဖြိုး၍အားရှိသောသိုးကိုကား၊ တရားအတိုင်း ကျွေးမွေး၍ကွပ်မျက်မည်ဟုအရှင်ထာဝရဘုရားမိန့်တော်မူ၏။ ၁၇အရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ အိုငါ့သိုးတို့၊ တိရစ္ဆာန်အမျိုးမျိုးတို့ကိုရင်း၊ သိုးထီးနှင့် ဆိတ်ထီးတို့ကိုရင်း ငါပိုင်းခြားမည်။

## သင်းအုပ်၌လိုအပ်သောအသက်တာများ

၁။ သင်းအုပ်သည် ကယ်တင်ခြင်းသို့ရောက်သောသူဖြစ်ရမည်။ ( ၁တိ၊ ၂း၄ )။

၂။ သင်းအုပ်သည် သမ္မာတရားကိုသိသောသူဖြစ်ရမည်။ ( ၁တိ၊ ၂း၄ )။

၃။ သင်းအုပ်သည် သမ္မာတရားကို မှန်ကန်စွာပိုင်းခြားတတ်သောသူဖြစ်ရမည်။ ( ၂တိ၊ ၂း၁၅ )။

၄။ သင်းအုပ်သည် ကိုယ်ကိုကိုယ် ဘုရားသခင်၌ဆက်ကပ်အပ်နှံသောသူဖြစ်ရမည်။ ( ၂တိ၊ ၂း၁၅ )။

၅။ သင်းအုပ်သည် သမ္မာတရား၌ ကျင်လည်သောသူဖြစ်ရမည်။ ( ၃ယော၊ ၁း၃-၄ )။

၆။ သင်းအုပ်သည် အသင်းတော်ကိုချစ်သောသူဖြစ်ရမည်။ ( ဧ၊ ၅း၂၄-၂၇ )။

၇။ သင်းအုပ်သည် ပျောက်ဆုံးသော ဝိညာဉ်များကိုချစ်သောသူဖြစ်ရမည်။

( တ၊ ၂၀း၂၂-၂၇ )။

၈။ သင်းအုပ်သည် ပျောက်ဆုံးသောဝိညာဥ်များကို ဖမ်းသောသူဖြစ်ရမည်။

( ၁ကော၊ ၉း၁၉-၂၃ )။

၉။ သင်းအုပ်သည် ဝိညာဥ်များကိုပြုစုပျိုးထောင်သောသူဖြစ်ရမည်။

( မဿဲ၊ ၁၀း၁-၄ )။

၁၀။ သင်းအုပ်သည် သာသနာပြုဆရာ/ ဆရာမ များကို မွေးထုတ်ပေးသောသူဖြစ်ရမည်။ ( မဿဲ၊ ၁၀း၁-၄ )။

၁၁။ သင်းအုပ်သည် သာသနာပြုဆရာ/ ဆရာမများကို စေလွှတ်သောသူဖြစ်ရမည်။

( မဿဲ၊ ၁၀း၅-၁၀။ မဿဲ၊ ၂၈း၁၉-၂၀ )။

၁၂။ သင်းအုပ်သည် ဘုရားအပေါ်၊ အသင်းတော်ပေါ်၊ ယုံကြည်သူများအပေါ် ၌သစ္စာရှိသောသူဖြစ်ရမည်။( လု၊ ၁၆း၁၀ )။

၁၃။ သင်းအုပ်သည် စိတ်ရှည်သောသူဖြစ်ရမည်။ ( ၂တိ၊ ၄း၂-၄ )။

၁၄။ သင်းအုပ်သည် စိတ်နှိမ့်ချတတ်သောသူဖြစ်ရမည် ( သု၊ ၁၁း၂ )။

၁၅။ သင်းအုပ်သည် သည်းခံတတ်သောသူဖြစ်ရမည်။ ( ဧ၊ ၄း၂ )

၁၆။ သင်းအုပ်သည် မိမိ၏အပြစ်များအတွက်ဝန်ခံတတ်သောသူဖြစ်ရမည်။

( ၁ယော၊ ၁း၈-၁၀ )။

၁၇။ သင်းအုပ်သည် မာနကြီးသောသူမဖြစ်ရ။ ( သု၊ ၂၉း၂၃ )။

၁၈။ သင်းအုပ်သည် မျက်နှာလိုက်တတ်သောသူမဖြစ်ရ။

၁၉။ သင်းအုပ်သည် မေတ္တာစေတနာနှင့် တရားဟောသောသူဖြစ်ရမည်။
( ဧ၊ ၄း၁၅ )။
၂၀။ သင်းအုပ်သည် အသင်းတော်ကိုဦးဆောင်တတ်သောသူဖြစ်ရမည်။ ( မဿ၊ ၁၆း၁၄ )။
၂၁။ သင်းအုပ်သည် အသင်းသားများ၏ ပြဿနာများကို ကောင်းမွန်စွာဖြေရှင်းပေး တတ်သောသူဖြစ်ရမည်။
၂၂။ သင်းအုပ်သည် အသင်းတော်၌ မှားယွင်းသောဩဝါဒများမဝင်လာနိုင်အောင် ကာကွယ်သောသူဖြစ်ရမည်။ ( တ၊၂၀း၂၈-၃၀ )။
၂၃။ သင်းအုပ်သည် အသင်းတော်၌ အသင်းသူ/အသင်းသားများကို ဂရုစိုက်သော သူဖြစ်ရမည်။ ( လု၊ ၁၅း၁-၁၀ )
၂၄။ သင်းအုပ်သည် အသင်းတော်၏ပြဿနာများကို မေတ္တာထား၍ဖြေရှင်းသောသူ ဖြစ်ရမည်။ ( မဿ၊၅း၉ )။
၂၅။ သင်းအုပ်သည် ရွှေ၊ ငွေ များကိုတပ်မက်သောသူမဖြစ်ရ။ ( ဆာလံ၊ ၁၁၉း၇၂။ ၁၁၉း၁၂၇ )။
၂၆။ သင်းအုပ်သည် မုသာကိုပြောတတ်သောသူမဖြစ်ရ။ ( ယောဟန်၊ ၈း၄၄ )။
၂၇။ သင်းအုပ်သည် ရန်ကိုတွေ့တတ်သောသူမဖြစ်ရ။ ( မဿ၊ ၁၈း၇ )။
၂၈။ သင်းအုပ်သည် ရန်ငြိမ်းစေတတ်သောသူဖြစ်ရမည်။ ( မဿ၊ ၅း၉ )။
၂၉။ သင်းအုပ်သည် လျှာနှစ်ခွနှင့်စကားပြောသောသူမဖြစ်ရ။ ( မဿ၊ ၅း၃၇ )။

၃၀။ သင်းအုပ်သည် ရက်ရောသောသူဖြစ်ရမည်။ ( တ၊ ၂၀း၃၄-၃၆ )။

၃၂။ သင်းအုပ်သည် ငွေ့သည်ဝတ်ကိုကျေပွန်သောသူဖြစ်ရမည်။ ( က၊ ၁၈း ၁-၁၅ )။

၃၃။ သင်းအုပ်သည် ခရစ်တော်ကိုသာစေ့စေ့ကြည့်ရှု၍ ကြိုးစားအားထုတ်သောသူ ဖြစ်ရမည်။ ( ဟေဗြဲ၊ ၁၂း၁-၃ )။

၃၄။ သင်းအုပ်သည် အသင်းသားများအပေါ်၌ စိတ်ကောက်တတ်သောသူမဖြစ်ရ။ ( ဧ၊ ၄း၂၆-၂၇ )။

၃၅။ သင်းအုပ်သည် ယုံကြည်ခြင်းနှင့်အသက်ရှင်သောသူဖြစ်ရမည်။ ( ဟေဗြဲ၊ ၁၁း၁-၃၊ ၆ )။

၃၇။ သင်းအုပ်သည် ပြတ်သားသောသူဖြစ်ရမည်။ ( ယာ၊ ၅း၁၂ )။

၃၈။ သင်းအုပ်သည် မိမိတပ်မက်ခြင်းကိုချုပ်တည်းသောသူဖြစ်ရမည်။ ( ၁ကော၊ ၉း၂၄-၂၇ )။

၃၉။ သင်းအုပ်သည် ပျင်းရိသောသူမဖြစ်ရ။ ( သု၊ ၆း၆-၁၁ )။

၄၀။ သင်းအုပ်သည် လူ၏အမှုကိုသာဆောင်သောသူမဖြစ်ရ။ ( ဂ၊ ၁း၁၀ )။

၄၁။ သင်းအုပ်သည် ကောင်းသောစစ်သူရဲဖြစ်ရမည်။ ( ၂တိ၊ ၂း၃-၄ )။

၄၂။ သင်းအုပ်သည် ကောင်းသောသံတမန်ဖြစ်ရမည်။ ( ၂ကော၊ ၅း၂၀-၂၁ )။

၄၃။ သင်းအုပ်သည် ကျေးဇူးတော်၌ခိုင်ခံ့သောသူဖြစ်ရမည်။ ( ၂တိ၊ ၂း၁-၂ )။

၄၄။ သင်းအုပ်သည် မတရားသောတိုက်တွန်းခြင်းများကိုလိုက်သောသူမဖြစ်ရ။

( ဆာလံ၊ ၁း၁-၂ )။

၄၅။ သင်းအုပ်သည် ဘုရားကိုအမြဲတမ်းဆည်းကပ်သောသူဖြစ်ရမည်။ ( ဗျော၊ ၂၆း၅ )။

၄၆။ သင်းအုပ်သည် ကျမ်းစာကိုအမြဲဖတ်ရွက်သောသူဖြစ်ရမည်။ ( ယောရှု၊ ၁း၈ )။

၄၇။ သင်းအုပ်သည် ခရစ်တော်၏ကိုယ်ကိုတည်ဆောက်သောသူဖြစ်ရမည်။ ( ဧ၊ ၄း၁၁-၁၂ )။

၄၈။ အထက်ပါဖော်ပြသောအသက်တာများသည် ခရစ်တော်၏ကိုယ်ကို တည်ဆောက်စေသော အသက်တာများဖြစ်သည်။ ( ဧ၊ ၁း၂၀-၂၃ )။

# သင်းအုပ်ဆရာ၏တာဝန်များ (၁၀) ချက်

၁။ ကျမ်းစာသင်ပေးခြင်း။

၂။ တရားဟောခြင်း။

၃။ ဆုံးမဩဝါဒပေးခြင်း။

၄။ ကယ်တင်ခြင်းသို့ရောက်သောသူများကို ရေနှစ်ခြင်းဗတ္တိဇံပေးခြင်း။

၅။ အသင်းဝင်လူသစ်ဆက်ကပ်အပ်နှံပေးခြင်း။

၆။ ပွဲတော်မင်္ဂလာပေးခြင်း။

၇။ လက်ထပ်မင်္ဂလာကောင်းကြီးပေးခြင်း။

၈။ ကြေကွဲဝမ်းနည်းနေသော သူများကိုနှစ်သိမ့် ဆုတောင်းပေးခြင်း။

၉။ ခက်ခဲသောသူများကို ကူညီမစပေးခြင်း။

၁၀။ သဂြိုဟ်ခြင်း။

# အောင်မြင်သောအမှုတော်ဆောင်

၁။ ဇဝံဂေလိသာသနာပြုခြင်းမဟုတ်။

၂။ သင်းအုပ် ဆရာလုပ်ခြင်းမဟုတ်။

၃။ အသင်းတော်တည်ထောင်နိုင်ခြင်းမဟုတ်။

၄။ လူအုပ်ကြီးကိုဦးဆောင်နိုင်ခြင်းမဟုတ်။

၅။ နာမည်ကြီးခြင်းမဟုတ်။

၆။ လူသိများပြားခြင်းမဟုတ်။

၇။ လူချစ်လူခင်များပြားခြင်းမဟုတ်။

၈။ ကောင်းကြီးခံစား၍ ကြွယ်ဝပြည့်စုံခြင်းမဟုတ်။

၉။ အနာရောဂါငြိမ်းစေနိုင်ခြင်းမဟုတ်။

၁၀။ တန်ခိုးပြနိုင်ခြင်းမဟုတ်။

၁၁။ နတ်ဆိုးများကိုနှင်ထုတ်နိုင်ခြင်းမဟုတ်။

၁၂။ ဆုံးမသြဝါဒပေးနိုင်ခြင်းမဟုတ်။

၁၃။ သေသောသူကိုထမြောက်စေနိုင်ခြင်းမဟုတ်။

၁၄။ မြေကြီးစွန်းတိုင်အောင် ဧဝံဂေလိတရားကိုဟောနိုင်ခြင်းမဟုတ်။

၁၅။ ဘုရားသခင်၏အလိုတော်နှင့်အညီ ပျောက်ဆုံးသောဝိညာဉ်များကိုကောင်းကင်သို့ များများပို့သောသူဖြစ်သည်။

သင်ခန်းစာ ( ၅ )

# ဓမ္မဟောင်း၌ယဇ်ပုရောဟိတ်ကိုမည်ကဲ့သို့ကြည့်ရှုသနည်း

ဣသရေလလူမျိုးများသည် အဦးသီးသော အသီးအနှံအမျိုးမျိုးတို့ကို ဘုရားသခင်အားပူဇော်ရသည်။ ဣသရေလအမျိုးသား လှူသောဥစ္စာ၊ ဘောဇဉ် ပူဇော်သက္ကာ၊ အပြစ်ဖြေရာယဇ်၊ ဒုစရိုက်ဖြေရာယဇ်များ ဘုရားကိုပူဇော်ရမည်။ သားဦးကို အငွေငါးကျပ်နှင့်ရွေးရမည်။ မသန့်ရှင်းသော တိရစ္ဆာန်များကိုရွေးရမည်။ သိုး၊ နွား၊ ဆိတ် များ၏သားဦးများကိုဘုရားအားပူဇော်ရမည်။ ချီလွှဲရာ ပူဇော်သက္ကာ၏ရင်ပတ် နှင့် လက်ျာပခုံးကဲ့သို့ သင့်အဘို့ ဖြစ်ရမည်ဟုဆိုသည်။ ထိုအရာများအားလုံးသည် ဘုရားက သူ၏အမှုတော်ဆောင် ယဇ်ပုရောဟိတ် များကိုစားဖို့ရန်ပေးသည်။ဆားနှင့်ယှဉ်သောဘုရားသခင်၏ ပဋိညာဉ်ဖြစ်သည်။ အဘယ်ကြောင့် ဘုရားက သူတို့ကိုပေးသနည်း၊ သူတို့သည် အမွေမြေမရှိ၊ အလုပ်မလုပ် ဘုရား၏အမှုဆောင်သောအမျိုးဖြစ်သောကြောင့်ဖြစ်သည်။

**တော၊ ၁၈း၈-၁၉တဖန် ထာဝရဘုရားသည် အာရုန်အားမိန့်တော်မူသည်ကား၊ဣသရေလအမျိုးသားတို့သည် သန့် ရှင်းစေ၍ ဆက်ကပ်သမျှသော ပူဇော်သက္ကာတို့အထဲက၊ ငါ့အား ချီးမြှောက်သော ပူဇော်သက္ကာတို့ကို သင်၌အပ်၍၊ သင်နှင့်သင်၏သားတို့အဘို့ ဖြစ်စေခြင်းငှါ၊ ထာဝရ ပညတ်တရားအားဖြင့် ငါပေး၏။ ၉မီးသို့မရောက်၊ သန့်ရှင်းသော အရာထဲက သင် တို့ဆိုင်သောအရာဟူမူကား၊ ဣသရေလအမျိုးသား လှူသောဥစ္စာ၊ ဘောဇဉ် ပူဇော်သက္ကာ၊ အပြစ်ဖြေရာယဇ်၊ ဒုစရိုက်ဖြေရာယဇ်ပူဇော်လေသမျှတို့သည်**

သင်နှင့် သင် ၏သားတို့အဘို့ သန့်ရှင်းရကြမည်။ ၁၀ သန့်ရှင်းရာဌာန၌ စားရမည်။ ယောက်ျား အပေါင်းတို့သည် စားရသောအခွင့်ရှိ၏။ သင်တို့အဘို့ သန့်ရှင်းပေ၏။ ၁၁ ထိုမှတပါး ဣသရေလအမျိုးသားတို့ ပူဇော် သော ချီမြှောက်ရာ ပူဇော်သက္ကာ၊ ချီလွှဲရာ ပူဇော်သက္ကာ တို့ကို၊ သင်နှင့် သင်၏သားသမီးတို့အား ထာဝရပညတ် တရားအားဖြင့် ငါပေးပြီ။သင့်အိမ်၌ သန့်ရှင်းသော သူ အပေါင်းတို့ သ ည် စား ရ သော အ ခွ င့် ရှိ ၏ ။ ၁၂ ဣ သ ရေ လ အ မျိုး သား ရွေး ၍ ထာဝရဘုရား အား ပူဇော်သမျှ အကောင်းဆုံးသောဆီ၊ အကောင်းဆုံး သော စပျစ်ရည်၊အကောင်းဆုံးသောဂျုံစပါးကို သင်တို့ အား ငါပေးပြီ။ ၁၃ ထာဝရဘုရားထံတော်သို့ ဆောင်ခဲ့သမျှ အဦး မှည့်သော သစ်သီးကိုလည်းသင်ဆိုင်ရမည်။သင့်အိမ်၌သန့်ရှင်းသော သူအပေါင်းတို့သည် စားရသောအခွင့်ရှိ၏။ ၁၄ ဣသရေလအမျိုး၌ ကျိန်ဆို၍ ပူဇော်သမျှတို့ကို လည်း သင်ဆိုင်ရမည်။ ၁၅ အဦးဘွားသောသား၊ လူဖြစ်စေ၊ တိရစ္ဆာန် ဖြစ်စေ၊ ထာဝရဘုရားထံတော်သို့ ဆောင်ခဲ့သမျှတို့ကို သင်ဆိုင်ရမည်။ သို့ရာတွင် လူ၏သားဦးနှင့် မစင်ကြယ် သော တိရစ္ဆာန်၏သားဦးကို အမှန်ရွေးရမည်။ ၁၆ ရွေးရသော သားတို့ကို အသက်တလလွန်မှ၊ သင်အဘိုး ပြတ်သည်အတိုင်း ဂေရနှစ်ဆယ်နှင့် မျှသော အကျပ်တော်အလိုက် ငွေငါးကျပ်နှင့် ရွေးရမည်။ ၁၇ နွားသားဦး၊ သိုးသားဦး၊ ဆိတ်သား ဦးသည် သန့်ရှင်းသောကြောင့် မရွေးရ။ သူ၏အသွေးကို ယဇ် ပလ္လင်ပေါ်မှာ ဖြန်းရမည်။ ဆီဥကိုလည်း ထာဝရဘုရား အဘို့ မွှေးကြိုင်သောအနံ့ရှိစေ၍၊ မီးဖြင့် ပူဇော်သက္ကာ ပြုရမည်။ ၁၈ အသားမူကား ချီလွှဲရာပူဇော်သက္ကာ၏ရင်ပတ် နှင့် လက်ျာပခုံးကဲ့သို့ သင့်အဘို့ ဖြစ်ရမည်။ ၁၉ ဣသရေလအမျိုးသားတို့သည် သန့်ရှင်းစေ၍ ထာဝရဘုရားအား ဆောင်ခဲ့

**သော ပူဇော်သက္ကာရှိသမျှ တို့ကို သင်နှင့်သင်၏သားသမီးတို့အား ထာဝရ ပညတ် တရားအားဖြင့် ငါပေးပြီ။ သင်အစရှိသော သင်၏အမျိုးအနွယ်နှင့် ဆိုင်၍ ထာဝရဘုရား ရှေ့တော်၌ ဆားနှင့်ယှဉ် သော ထာဝရပဋိညာဉ်ဖြစ် သတည်းဟု မိန့်တော်မူ၏။**

## ဆယ်ဘို့တဘို့သည် ယဇ်ပုရောဟိတ်များခံရမည့်အမွေ

လေဝိအမျိုးသည် အမွေခံမြေမရှိ၊ ဘုရားကလည်းသူတို့ကိုမပေး၊ ဣသရေလလူမျိုးများနှင့် ရော၍ အမွေခံကြသည်။ ထို့ကြောင့်သူတို့သည် မည်သည့်အရာကိုစား၍၊ အသက်ရှင်ရကြမည်နည်း၊ ဣသရေလလူများတို့၏ ဆယ်ဘို့တစ်ကို ဘုရားက လေဝိအမျိုးကိုပေးသည်။ ဆယ်ဘို့တစ်ဘို့မှန်သမျှသည် လေဝိအမျိုးကသာလျှင်စားရမည်။ ဣသရေလဖြစ်သောလူများက သူတို့၏ဆယ်ဘို့တစ်ဘို့ကို ဘုရားအားပေး၍၊ ဘုရားသခင်သည်လည်း သူ၏အမှုတော်ဆောင်များ လေဝိအမျိုးကိုပေးသည်။ဣသရေလလူများက လေဝိအမျိုးကိုကျွေးမွေးသည် မဟုတ်၊ ဘုရားသခင်က လေဝိအမျိုးကိုကျွေးမွေးခြင်းဖြစ်သည်။

**တော၊ ၁၈း၂၀-၂၄တဖန် ထာဝရဘုရားသည် အာရုန်အားမိန့်တော်မူသည်ကား၊ဣသရေလအမျိုးသားတို့နေရာပြည်၌ သင့်အမွေခံရာမြေ၊ သူတို့နှင့်ရော၍ ပိုင်သောအဘို့ မရှိရ။ငါသည်ကား သူတို့တွင်သင်ပိုင်သောအဘို့သင့် အမွေ ဥစ္စာဖြစ်၏။ ၂၁လေဝိသားတို့သည် ပရိသတ်စည်းဝေးရာ တဲတော်အမှုကို ဆောင်ရွက်သောကြောင့်၊ သူတို့အမွေခံ စရာ ဣသရေလအမျိုးသားတို့၏ ဥစ္စာဆယ်ဘို့တဘို့ကို ငါပေးပြီ။ ၂၂ ယခုမှစ၍ ဣသရေလအမျိုးသားတို့သည်**

**ကိုယ်အပြစ်ကို ခံ၍သေဘေးနှင့် မတွေ့မည်အကြောင်း၊ ပရိသတ်စည်းဝေးရာ တဲတော်အနီးအပါးသို့ မချဉ်းမကပ် ရကြ။ ၂၃ လေဝိသားတို့သည် ပရိသတ်စည်းဝေးရာ တဲ တော်အမှုကို ဆောင်ရွက်၍၊ ကိုယ်အပြစ်ကို ကိုယ်ခံရကြ မည်။ သူတို့သည် ဣသရေလအမျိုးသားတို့နှင့် ရော၍ အမွေမခံရကြဟုသင်တို့ အမျိုးအစဉ်အဆက် စောင့်ရ သော ပညတ်ဖြစ်သတည်း။ ၂၄ ဣသရေလ အမျိုးသားတို့သည် ထာဝရဘုရား အားပူဇော်သကာပြုသော ကိုယ်ဥစ္စာဆယ်ဘို့ တဘို့ကို၊ လေဝိသားအမွေခံစရာဘို့ ငါပေးပြီ။ ထို့ကြောင့် သူတို့ သည် ဣသရေ လအမျိုးသားတို့နှင့် ရော၍ အမွေမခံရဟု ငါ့အမိန့်တော်ရှိ၏။**

## ဆယ်ဘို့တဘို့သည်ယဇ်ပုရောဟိတ်များကိုဘုရားကဆုချသောအရာ

ဆယ်ဘို့တစ်ဘို့သည် ဘုရားက လေဝိအမျိုးကို ဆုချသောအရာ ဖြစ်သည်။ သူတို့ရသော ဆယ်ဘို့တစ်ဘို့ထဲက ဘုရားကို ဆယ်ဘို့တစ်ဘို့ပြန်၍ ပေးရကြမည်ဖြစ်သည်။ ကျန်သောအရာများသည် သူတို့အိမ်သူအိမ်သားများနဲ့ စား ရ သော အ ခွ င့် ကို ပေး ထား သ ည် ။ သူ တို့ စား ကြ သော အ ခါ ၊ ကောက်နယ်တလင်းထဲက ယူသော ဆန်စပါးကဲ့သို့ဗုင်း၊ စပျစ်သီးနယ်ရာ ကျင်း ထဲက ယူသောစပျစ်ရည်ကဲ့သို့ဗုင်း၊ မှတ်ရကြသည်။

**တော၊ ၁၈း၂၅-၃၂တဖန် မောရှေအား ထာဝရဘုရားက၊ သင် သည် လေဝိသားတို့အား ဆင့်ဆိုရမည်မှာ၊၂၆ သင်တို့အမွေခံစရာ ငါပေးသော ဣသရေ လ အမျိုးသားတို့၏ ဥစ္စာဆယ်ဘို့တဘို့ကို သင်တို့သည် ခံယူ သောအခါ၊ ထို အဘို့ကို ဆယ်ဘို့ဘို့ ပြန်၍ တဘို့ကို ထာဝရ ဘုရားအားပူဇော်သက္ကာပြုရကြ မည်။ ၂၇ ထိုပူဇော်သက္ကာကို၊ကောက်နယ်တလင်းထဲက ယူသော ဆန်စပါးကဲ့**

သို့ငှင်း၊ စပျစ်သီးနယ်ရာ ကျင်းထဲက ယူသောစပျစ်ရည်ကဲ့သို့ငှင်း၊ သင်တို့အဘို့ မှတ်ရလိမ့် မည်။ ၂၈ ထိုသို့ သင်တို့သည် ဣသရေလအမျိုးသားတို့မှခံယူသောဆယ်ဘို့တဘို့ထဲက၊ထာဝရဘုရားအား ပူဇော် သက္ကာပြုရကြမည်။ ထိုပူဇော်သက္ကာကိုလည်း၊ ယဇ်ပုရောဟိတ်အာရုန်အားလှူရကြမည်။ ၂၉သင်တို့ခံရသမျှသော အလှူတို့အထဲကအကောင်းဆုံးသောအဘို့ သန့်ရှင်း သောအဘို့ကိုနှုတ်ယူ ၍ထာဝရဘုရားအား ပူဇော်သက္ကာပြုရကြမည်။ ၃၀ သို့ဖြစ်၍ သူတို့အား ဆင့်ဆိုရမည်မှာ၊ လေဝိသား တို့သည် အကောင်းဆုံးသောအဘို့ကို နှုတ်ယူပူဇော်ပြီးမှ၊ ကြွင်းသောအဘို့ကို ကောက်နယ်တလင်း၏ ကျေးဇူး၊ စပျစ်သီးနယ်ရာကျင်း၏ ကျေးဇူးကဲ့သို့ မိမိတို့အဘို့ မှတ်ရ လိမ့်မည်။ ၃၀ထိုကြွင်းသောအဘို့ကို၊ ကိုယ်တိုင်မှစ၍ အိမ်သူအိမ်သားတို့သည် စားချင်သောအရပ်ရပ်၌ စားရသော အခွင့်ရှိ၏။ ပရိသတ်စည်းဝေးရာတဲတော်၌ အမှုစောင့် သောအတွက်ငါချသောဆု ဖြစ်၏။ ၃၂ အကောင်းဆုံးသော အဘို့ကို နှုတ်ယူပူဇော်ပြီးမှ၊ ကြွင်းသောအဘို့အားဖြင့် အပြစ်ရောက်စရာအကြောင်း မရှိ။ သေဘေးနှင့် မတွေ့မည်အကြောင်း၊ဣသရေလ အမျိုးသားတို့၏ သန့်ရှင်းသော အရာတို့ကို မညစ်ညူးစေ ရဟု မိန့်တော်မူ၏။

# သင်းအုပ်ဆရာကိုမည်ကဲ့သို့ကြည့်ရှုရမည်နည်း

ဓမ္မာဟောင်း၌၊ ယဇ်ပုရောဟိတ်အမျိုးသည် လေဝိအမျိုးဖြစ်သည်။ထို လေဝိအမျိုးထဲမှအာရုန်မျိုးများကသာလျှင် ဘုရားသခင်အားယဇ်ပူဇော်ရမည် ဖြစ်သည်။ လေဝိအမျိုးများသည် အာရုန်အမျိုးများကို ကူညီ၍အထောက်အမ ပေးဖို့ရန်ဖြစ်သည်။ သူတို့ကိုယ်တိုင် သန့်ရှင်းရာဌါနထဲသို့ဝင်လျှင် သော်ရင်း သေကြမည်ဖြစ်သည်။ ထို့နည်းသူ ယခုယုံကြည်သူများအားလုံးသည် ဘုရားသခင်၏ယဇ်ပုရောဟိတ်များဖြစ်ကြသည်။ သို့သော်လည်း ထို ယဇ်ပုရောဟိတ်အလုပ်ကို လူတိုင်းမလုပ်နိုင်ချေ။ ထိုယဇ်ပုရောဟိတ်အထဲမှ အာရုန်နှင့်သူ၏သားများကဲ့သို့ ယဇ်ပူဇော်ဖို့ရန်၊ သင်းအုပ်ရွေးချယ်၍၊ခန့် ထားသည်။ ထို့ကြောင့် ယုံကြည်သူများက သင်းအုပ်ဆရာ၊ဆရာမများကို အကူအညီအထောက်အမပေးဖို့ရန်လိုသည်။ ဓမ္မဟောင်း၌၊ လေဝိအမျိုးသည် ကိုယ်ပိုင်နယ်မြေမရှိသောကြောင့် ဣသရေလလူများတို့၏အဦးသီးသော အသီး အမျိုးမျိုးမှန်သမျှနှင့်၊ ဆယ်ဘို့တစ်ဘို့ကို ဘုရားအားပေးအရာကို ဘုရားသခင် က လေဝိအမျိုးကိုပေး၍စားကြသည်။ ထို့နည်းသူ သင်းအုပ်များသည်လည်း၊ လောကီအလုပ်ကိုမလုပ် အခြားသောဝင်ငွေမရှိသော ကြောင့် ရှင်ပေါလုက တိ မောသေကိုစာရေးသောအခါဤသို့ရေးသည်။ ဤကျမ်းကို ဖတ်ခြင်းအားဖြင့် ကျမ်းစာ၏ဆိုလိုရင်းကို ပို၍နားလည်ကြမည်ဟုယုံကြည်ရသည်။

**၁တိ၊ ၅း၁၇ ကောင်းမွန်စွာ အုပ်သောသင်းအုပ်တို့သည် အလှူနှစ်ဆကို ခံ**

**ထိုက်သောသူဖြစ်သည်ဟူ၍ရှင်း၊ တရားဟောခြင်း၊ ဆုံးမသြဝါဒပေးခြင်းအမှုကို ကြိုးစားအားထုတ်သောသူတို့သည်။ အလျှူနှစ်ဆကို အထူးသဖြင့် ခံထိုက်သောသူဖြစ်သည်ဟူ၍ရှင်း မှတ်ရမည်။**

# နွား၏နှုတ်ကိုမချုပ်တည်းရ

လယ်ထွန်သောနွားကိုအစာမကျွေး၊ နွား၏နှုတ်ကိုပိတ်ပေးလျှင်၊ မည်ကဲ့သို့ လယ်ထွန်နိုင်မည်နည်း၊ အဘယ်သို့အားရှိ၍၊ အလုပ်နိုင်မည်နည်း၊ ဆန်စပါးကိုစားချင်သော်လည်း၊ နွား၏နှုတ်ပိတ်ပေးလျှင် အဘယ်သို့စားနိုင်မည်နည်း၊ ထိုနည်းသူဝိညာဉ်ပိုင်း၌လည်းဖြစ်သည်။ လုပ်ဆောင်သောသူသည်အခကို ခံထိုက်ပေးသည်ဟု ကျမ်းစာ၌ဤသို့တွေ့ရသည်။

**၁တိ၊ ၅း၁၈အကြောင်းမှုကား၊ စပါးနင်းနယ်သောနွား၏ နှုတ်ကိုမချုပ်တည်းရဟုကျမ်းစာလာ၏။ တချက်ကား၊ လုပ်ဆောင်သောသူသည်အခကို ခံထိုက်ပေးသည်ဟု လာပြန်၏။**

**၁ကော၊ ၉း၈-၁၀လောကီဝေါဟာရအားဖြင့်သာ ဤသို့ ငါဆို သလော။ ပညတ်တရားသည်လည်း ဤသို့ပင်ဆိုသည် မဟုတ်လော။ ၉မောရှေ၏ ပညတ္တိကျမ်းစာ၌လာသည်ကား၊ စပါးနင်းနယ်သော နွား၏ နှုတ်ကိုမချုပ်တည်းရဟုလာ၏။ ဘုရားသခင်သည် နွားကိုသာ ပမာဏပြုတော်မူ သလော။ ၁၀သို့မဟုတ် ငါတို့ကြောင့်သာ ဤသို့ပညတ်တော်မူ သလော။ လယ်ထွန်သောသူသည် မြော်လင့်လျက် လယ်ထွန်စေခြင်းငှါရှင်း၊ မြော်လင့်လျက် စပါးနင်းနယ် သောသူသည် မြော်လင့်သည်အတိုင်း ရစေခြင်းငှါရှင်း၊ ငါတို့ကြောင့်သာဤသို့ ကျမ်းစာလာ၏။**

## စစ်မှုထမ်းသောသူများနှင့်သိုးထိန်း

စစ်မှုထမ်းသောသူသည် မိမိ၏စရိတ်ကိုသုံး၍ စစ်မှုကိုမထမ်းချေ။ အစိုးရကတာဝန်ယူသည်။ ဥယျာဉ်ကိုစိုက်ပျိုးသောသူလည်း၊ ဥယျာဉ်၏အသီးကိုမစားဘဲမနေ။ သိုးထိန်းသည်လည်း၊ သိုးနို့ကိုမသောက်ဘဲမနေ ဟုတွေ့ရသည်။

**၁ကော၊ ၉း၇ အဘယ်သူသည် ကိုယ်စရိတ်ကိုသုံး၍စစ်မှုကို ထမ်းရသနည်း။ အဘယ်သူသည်ဥယျာဉ်ကိုစိုက်ပျိုး၍အသီးကိုမစားဘဲနေရသနည်း။ အဘယ်သူသည် သိုးထိန်း လုပ်၍ သိုးနို့ကိုမသုံးဘဲနေရသနည်း။**

## ဘုရားသခင်၏ပညတ်တော်မူချက်

ယုံကြည်သူများသည် ကျမ်းစာကိုဖတ်၍ နားလည်ဖို့ရန်အရေးကြီးသည်။ ဘုရားသခင်၏ ပညတ်တော်မူချက်ကိုလေ့လာကြပါစို့။

**၁ကော၊ ၉း၇-၁၄ အဘယ်သူသည် ကိုယ်စရိတ်ကို သုံး၍ စစ်မှုကို ထမ်းရသနည်း။ အဘယ်သူသည် ဥယျာဉ်ကိုစိုက်ပျိုး၍ အသီးကိုမစားဘဲနေရသနည်း။ အဘယ်သူသည် သိုးထိန်း လုပ်၍ သိုးနို့ကိုမသုံးဘဲနေရသနည်း။ ၈ လောကီဝေါဟာရအားဖြင့်သာ ဤသို့ ငါဆို သလော။ ပညတ်တရားသည်လည်း ဤသို့ပင်ဆိုသည် မဟုတ်လော။ ၉ မောရှေ၏ ပညတ္တိကျမ်းစာ၌လာသည်ကား၊ စပါးနင်းနယ်သော နွား၏ နှုတ်ကိုမချုပ်တည်းရဟု လာ၏။ ဘုရားသခင်သည် နွားကိုသာ ပမာဏပြုတော်မူ သလော။ ၁၀သို့မဟုတ် ငါတို့ကြောင့်သာ ဤသို့ပညတ်တော်မူ သလော။ လယ်ထွန်သောသူသည် မြော်လင့်လျက်**

လယ်ထွန်စေခြင်းငှါရင်း၊ မြော်လင့်လျက် စပါးနင်းနယ် သောသူသည် မြော်လင့်သည်အတိုင်း ရစေခြင်းငှါရင်း၊ ငါတို့ကြောင့်သာ၍သို့ ကျမ်းစာလာ၏။ ၁၄ငါတို့သည် သင်တို့၌ဝိညာဉ်မျိုးစေ့ကို စိုက်ပြီးမှ သင်တို့၏လောကီအသီးကို သုံးဆောင်လျှင် ကျေးဇူးကြီး မည်လော။ ၁၂အခြားသောသူတို့သည် သင်တို့ထံမှာ ထိုအခွင့် ကိုရလျှင် ငါတို့သည် သာ၍ရထိုက်သည်မဟုတ်လော။ သို့သော်လည်း ထိုအခွင့်ကို ငါတို့သည် မသုံးဘဲ၊ ခရစ်တော် ၏ ဧဝံဂေလိတရားကို ဆီးတားခြင်းအကြောင်း မရှိ စေခြင်းငှါ အရာရာ၌ သည်းခံကြ၏။ ၁၃ဝိညာဉ်ကိစ္စအမှုကိုဆောင်ရွက်သော သူတို့သည် ဗိမာန်တော်ကို အမှီပြု၍ စားရသည်ကိုရင်း၊ ယဇ်ပူဇော် ခြင်းအမှုကို ဆောင်ရွက်သော သူတို့သည် ယဇ်ပလ္လင်နှင့်ဆက်ဆံ၍ စားရသည်ကိုရင်း၊ သင်တို့ မသိကြသလော။ ၁၄ ထိုနည်းတူ၊ ဧဝံဂေလိတရားကိုဟောသော သူတို့သည် ဧဝံဂေလိတရားကို အမှီပြု၍ အသက်မွေးရမည် အကြောင်း၊သခင်ဘုရား၏ ပညတ်တော်မူချက်ရှိ၏။

သင်ခန်းစာ ( ၇ )

# အသင်းတော်၌အစေခံသော ဆရာ/မ ၌လိုအပ်သော အချက်များ

၁။ အသင်းတော်၌အစေခံသော ဆရာ/မ များ ကယ်တင်ခြင်းသို့ရောက်သောသူဖြစ်ရမည်။ ( ၁တိ၊ ၂း၄ )။

၂။ အသင်းတော်၌အစေခံသော ဆရာ/မ များသမ္မာတရားကိုသိသောသူဖြစ်ရမည်။ ( ၁တိ၊ ၂း၄ )။

၃။ အသင်းတော်၌အစေခံသော ဆရာ/မ များသမ္မာတရားကို မှန်ကန်စွာပိုင်းခြားတတ်သောသူဖြစ်ရမည်။ ( ၂တိ၊ ၂း၁၅ )။

၄။ အသင်းတော်၌အစေခံသော ဆရာ/မ များကိုယ်ကိုကိုယ် ဘုရားသခင်၌ဆက်ကပ်အပ်နှံသောသူဖြစ်ရမည်။ ( ၂တိ၊ ၂း၁၅ )။

၅။ အသင်းတော်၌အစေခံသော ဆရာ/မ များသမ္မာတရား၌ ကျင်လည်သောသူဖြစ်ရမည်။ ( ၃ယော၊ ၁း၃-၄ )။

၆။ အသင်းတော်၌အစေခံသော ဆရာ/မ များအသင်းတော်ကိုချစ်သောသူဖြစ်ရမည်။ ( ဧ၊ ၅း၂၄-၂၇ )။

၇။ အသင်းတော်၌အစေခံသော ဆရာ/မ များပျောက်ဆုံးသော ဝိညာဉ်ကိုချစ်သောသူဖြစ်ရမည်။ ( တ၊ ၂၀း၂၂-၂၇ )။

၈။ အသင်းတော်၌အစေခံသော ဆရာ/မ များပျောက်ဆုံးသောဝိညာဉ်များကို ဖမ်းသောသူဖြစ်ရမည်။ ( ၁ကော၊ ၉း၁၉-၂၃ )။

၉။ အသင်းတော်၌အစေခံသော ဆရာ/မ များဝိညာဉ်များကိုပြုစုပျိုးထောင်သောသူဖြစ်ရမည်။ ( မဿဲ၊ ၁၀း၁-၄ )။

၁၀။ အသင်းတော်၌အစေခံသော ဆရာ/မ များသာသနာပြုဆရာ/ ဆရာမ များကိုမွေးထုတ်သောသူဖြစ်ရမည်။ ( မဿဲ၊ ၁၀း၁-၄ )။

၁၁။ အသင်းတော်၌အစေခံသော ဆရာ/မ များသာသနာပြုဆရာ/ ဆရာမများကိုစေလွှတ်သောသူဖြစ်ရမည်။ ( မဿဲ၊ ၁၀း၅-၁၀။ မဿဲ၊ ၂၈း၁၉-၂၀ )။

၁၂။ အသင်းတော်၌အစေခံသော ဆရာ/မ များဘုရားအပေါ်၊ အသင်းတော်ပေါ်၊ ယုံကြည်သူများအပေါ်၌သစ္စာရှိသောသူဖြစ်ရမည်။( လု၊ ၁၆း၁၀ )။

၁၃။ အသင်းတော်၌အစေခံသော ဆရာ/မ များစိတ်ရှည်သောသူဖြစ်ရမည်။ ( ၂တိ၊ ၄း၂-၄ )။

၁၄။ အသင်းတော်၌အစေခံသော ဆရာ/မ များစိတ်နှိမ့်ချတတ်သောသူဖြစ်ရမည် ( သု၊ ၁၁း၂ )။

၁၅။ အသင်းတော်၌အစေခံသော ဆရာ/မ များသည်းခံတတ်သောသူဖြစ်ရမည်။ ( ဧ၊ ၄း၂ )

၁၆။ အသင်းတော်၌အစေခံသော ဆရာ/မ များမိမိ၏အပြစ်များအတွက်ဝန်ခံတတ်သောသူဖြစ်ရမည်။ ( ၁ယော၊ ၁း၈-၁၀ )။

၁၇။ အသင်းတော်၌အစေခံသော ဆရာ/မ များမာနကြီးသောသူမဖြစ်ရ။ ( သု၊ ၂၉း၂၃ )။

၁၈။ အသင်းတော်၌အစေခံသော ဆရာ/မ များမျက်နှာလိုက်တတ်သောသူမဖြစ်ရ။ ( ဂ၊ ၃း၂၆-၂၉ )။

၁၉။ အသင်းတော်၌အစေခံသော ဆရာ/မ များမေတ္တာစေတနာနှင့် တရားဟောသော သူဖြစ်ရမည်။ ( ဧ၊ ၄း၁၅ )။

၂၀။ အသင်းတော်၌အစေခံသော ဆရာ/မ များအသင်းတော်ကိုဦးဆောင်တတ်သော သူဖြစ်ရမည်။ ( မဿ၊ ၁၅း၁၄ )။

၂၁။ အသင်းတော်၌အစေခံသော ဆရာ/မ များအသင်းသားများ၏ ပြသနာများကို ကောင်းမွန်စွာဖြေရှင်းပေးတတ်သောသူဖြစ်ရမည်။ ( ဂ၊၆း၂ )။

၂၂။ အသင်းတော်၌အစေခံသော ဆရာ/မ များအသင်းတော်၌ မှားယွင်းသောဩဝါဒ မဝင်လာအောင် ကာကွယ်သောသူဖြစ်ရမည်။ ( တ၊၂၀း၂၈-၃၁ )။

၂၃။ အသင်းတော်၌အစေခံသော ဆရာ/မ များအသင်းတော်၌ အသင်းသူ/ အသင်းသားများကို ဂရုစိုက်သောသူဖြစ်ရမည်။ ( လု၊ ၁၅း၁-၁၀ )

၂၄။ အသင်းတော်၌အစေခံသော ဆရာ/မ များအသင်းတော်၏ပြသနာများကို မေတ္တာထား၍ဖြေရှင်းသောသူဖြစ်ရမည်။ ( မဿ၊၅း၉ )။

၂၅။ အသင်းတော်၌အစေခံသော ဆရာ/မ များရွှေ၊ ငွေ များတပ်မက်သောသူမဖြစ် ရ။ ( ဆာလံ၊ ၁၁၉း၇၂။ ၁၁၉း၁၂၇ )။

၂၆။ အသင်းတော်၌အစေခံသော ဆရာ/မ များမုသာကိုပြောတတ်သောသူမဖြစ်ရ။ ( ယောဟန်၊ ၈း၄၄ )။

၂၇။ အသင်းတော်၌အစေခံသော ဆရာ/မ များရန်တွေ့တတ်သောသူမဖြစ်ရ။ ( မဿဲ၊ ၁၈း၇ )။

၂၈။ အသင်းတော်၌အစေခံသော ဆရာ/မ များရန်ငြိမ်းစေတတ်သောသူဖြစ်ရမည်။ ( မဿဲ၊ ၅း၉ )။

၂၉။ အသင်းတော်၌အစေခံသော ဆရာ/မ များလျှာနှစ်ခွနှင့်စကားပြောသောသူမ ဖြစ်ရ။ ( မဿဲ၊ ၅း၃၇ )။

၃၀။ အသင်းတော်၌အစေခံသော ဆရာ/မ များရက်ရောသောသူဖြစ်ရမည်။ ( တ၊ ၂၀း၃၄-၃၆ )။

၃၂။ အသင်းတော်၌အစေခံသော ဆရာ/မ များဥပုသ်သည်ဝတ်ကိုကျေပွန်သောသူဖြစ် ရမည်။ ( က၊ ၁၈း၁-၁၅ )။

၃၃။ အသင်းတော်၌အစေခံသော ဆရာ/မ များခရစ်တော်ကိုသာစေ့စေ့ကြည့်ရှု၍ ကြိုးစားအားထုတ်သောသူဖြစ်ရမည်။ ( ဟေဗြဲ၊ ၁၂း၁-၃ )။

၃၄။ အသင်းတော်၌အစေခံသော ဆရာ/မ များအသင်းသားများအပေါ်၌ စိတ်ကောက်တတ်သောသူမဖြစ်ရ။ ( ဧ၊ ၄း၂၆-၂၇ )။

၃၅။ အသင်းတော်၌အစေခံသော ဆရာ/မ များယုံကြည်ခြင်းနှင့်အသက်ရှင်သောသူ ဖြစ်ရမည်။ ( ဟေဗြဲ၊ ၁၁း၁-၃၊ ၆ )။

၃၇။ အသင်းတော်၌အစေခံသော ဆရာ/မ များပြတ်သားသောသူဖြစ်ရမည်။ ( ယာ၊ ၅း၁၂ )။

၃၈။ အသင်းတော်၌အစေခံသော ဆရာ/မ များမိမိတပ်မက်ခြင်းကိုချုပ်တည်းသော သူဖြစ်ရမည်။ ( ၁ကော၊ ၉း၂၄-၂၇ )။

၃၉။ အသင်းတော်၌အစေခံသော ဆရာ/မ များပျင်းသောသူမဖြစ်ရ။ ( သု၊ ၆း၆-၁၁ )။

၄၀။ အသင်းတော်၌အစေခံသော ဆရာ/မ များလူ၏အမှုကိုဆောင်သောသူမဖြစ်ရ။ ( ဂ၊ ၁း၁၀ )။

၄၁။ အသင်းတော်၌အစေခံသော ဆရာ/မ များကောင်းသောစစ်သူရဲဖြစ်ရမည်။ ( ၂တိ၊ ၂း၃-၄ )။

၄၂။ အသင်းတော်၌အစေခံသော ဆရာ/မ များကောင်းသောသံတမန်ဖြစ်ရမည်။ ( ၂ကော၊ ၅း၂၀-၂၁ )။

၄၃။ အသင်းတော်၌အစေခံသော ဆရာ/မ များကျေးဇူးတော်၌ခိုင်ခံ့သောသူဖြစ်ရမည်။ ( ၂တိ၊ ၂း၁-၂ )။


၄၄။ အသင်းတော်၌အစေခံသော ဆရာ/မ များမတရားတိုက်တွန်းခြင်းများကိုလိုက်သောသူမဖြစ်ရ။ ( ဆာလံ၊ ၁း၁-၂ )။

၄၅။ အသင်းတော်၌အစေခံသော ဆရာ/မ များဘုရားကိုအမြဲတမ်းဆည်းကပ်သောသူဖြစ်ရမည်။ ( ဖရာ၊ ၂၆း၅ )။

၄၆။ အသင်းတော်၌အစေခံသော ဆရာ/မ များကျမ်းစာကိုအမြဲဖတ်ရှုကြသောသူဖြစ်ရမည်။ ( ယော၅၊ ၁း၈ )။

၄၇။ အသင်းတော်၌အစေခံသော ဆရာ/မ များခရစ်တော်၏ကိုယ်ကိုတည်ဆောက်သောသူဖြစ်ရမည်။ ( ဧ၊ ၄း၁၁-၁၂ )။

၄၈။ အထက်၌ဖော်ပြသောအသက်တာများသည် ခရစ်တော်၏ကိုယ်ကို တည်ဆောက်စေသော အသက်တာဖြစ်သည်။ ( ဧ၊ ၁း၂၁-၂၃ )။



# သင်းထောက်များ၏အရည်အချင်း

## ၁။ တမန်တော်များသည်လူခုနစ်ယောက်ကိုရွေးချယ်ခြင်း

အသင်းတော်စတင်လာချိန်သည် ပင်တေကုတ္တေပွဲ၊နေ့၌စတင်လာခြင်း ဖြစ်သည်။ ပင်တေကုတ္တေပွဲ၊၌ သန့်ရှင်းသော ဝိညာဉ်တော်သည် တမန်တော်များနှင့်အတူ တပည့်တော်များအပေါ်၌ ဆင်းသက်သောအခါ၊ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးကို ခံရကြသဖြင့် တမန်တော်များတို့သည် တရားဟောကြသည်။ ခရစ်တော်ကို ယုံကြည်သောသူများသည် ဝိညာဉ်ပိုင်း၌နိုးထမှုရှိသောကြောင့် လူများ တဖြည်းဖြည်းများလာကြသည်။ တမန်တော်များကိုကူညီထောက်မပေးဖို့ရန်အတွက် အစားအသောက်များကိုဝေမျှဖို့ရန် လူခုနစ်ယောက်ကိုရွေးချယ်ကြသည်။ သတေဖန်၊ ဖိလိပ္ပု၊ ပြောခေါ်၊ နိကနော်၊ တိမုန်၊ ပါမေန၊ နိကောလ တို့ဖြစ်ကြသည်။ သူတို့သည် ဝိညာဉ်တော်နှင့်ဂုဏ်၊ ပညာနှင့်ဂုဏ်၊ ယုံကြည်ခြင်းနှင့်ဂုဏ်းပြည့်စုံသော သူများဖြစ်၍၊ အသရေရှိသောသူများလည်း ဖြစ်ကြသည်။ ယခုအချိန်၌ထိုကဲ့သို့သော သူ များ ကို အ သ င်း ထော က်လူ ကြီး များ ဟု ခေါ်ဆို ကြ သ ည် ။ ထို့ ကြော င့် အထက်ပါကျမ်းစာ၌ဖော်ပြသော အရာများသည်သင်းထောက်လူကြီးများ၌ရှိဖို့ရန်လို အပ်သည်။ အသင်းတော်လူကြီးများသည် သင်းအုပ်များကို အသင်းဖွတ်သောသူမ

ဖြစ်ဖို့ရန်အရေးကြီးသည်။ အသင်းထောက်သောသူလည်းမဖြစ်ဖို့ရန်အရေးကြီး သည်။ အရွေးခံရသော လူခုနစ်ယောက်တို့ သည်တမန်တော်များကိုထောက်မ ကူညီဖို့ရန်ဖြစ်သည်။ ထို့နည်းတူသင်းထောက်များသည် လည်း အသင်းတော်၌၊ သင်းအုပ်ဆရာများကို ထောက်မဖို့ရန်ဖြစ်သည်။

**တ၊ ၆း ၁-၇ ထိုကာလ၌ တပည့်တော်တို့သည် များပြားသည် ရှိသော်၊ နေ့ရက်အစဉ်အတိုင်း လုပ်ကျွေးသောအခါ၊ ဟေလေနစ်အမျိုး မုတ်ဆိုး မတို့ကို မလုပ်မကျွေးဟု ထိုအမျိုးသားတို့သည် မြည်တမ်း၍ ဟေဗြဲ လူတို့ကို အပြစ်တင်ကြ၏။ ၂ ထိုအခါ တကျိပ်နှစ်ပါးသော တမန်တော်တို့သည် တပည့်တော် အပေါင်းတို့ကို ခေါ်ပြီးလျှင်၊ ငါတို့သည်ဘုရားသခင်၏နှုတ်ကပတ်တရား တော်ကိုထား၍ စားပွဲ၌လုပ်ကျွေးမှုကိုမှုကိုမဆောင်သင့်။ ၃ ထိုကြောင့်ညီအစ်ကိုတို့၊ ဝိညာဉ်တော်နှင့်ရင်း၊ ပညာနှင့်ရင်းပြည့် စုံလျက်၊ အသရေရှိသော လူခုနစ်ယောက်တို့ကို သင်တို့တွင် ရှာကြလော့။ ဤအမှု ကို ဆောင်ရွက်စေခြင်းငှါ ထိုသူတို့ကို ငါတို့သည် ခန့်ထား ကြမည်။ ၄ ငါတို့မူကား၊ ဆုတောင်းပဌနာပြုခြင်း၊ နှုတ်က ပတ်တရားတော် ကို ဟောပြောခြင်း အမှုတို့ကို အမြဲပြု၍ နေမည်ဟုဆိုကြ၏။၅ ထိုစကားကိုလူအစုအဝေးအပေါင်းတို့သည် နှစ်သက်ကြသဖြင့်၊ ယုံကြည်ခြင်းနှင့်ရင်း၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့်ရင်း ပြည့်စုံသော သတေဖန်မှစ၍ ဖိလိပ္ပု၊ ပြောခေါ်၊ နိကနော်၊ တိမုန်၊ ပါမေန၊ ယုဒဘာသာဝင်သော အန္တိအုတ်မြို့သား နိကောလတို့ကို ရွေး ကောက်၍၊ ၆ တမန်တော်တို့ ရှေ့၌ ထားကြ၏။ တမန်တော်တို့ သည်လည်း ဆုတောင်းပြီးလျှင် ထိုသူတို့၏ ခေါင်း**

ပေါ်ခြီလက်ကိုတင်ကြ၏။၇ ဘုရားသခင်၏ သာသနာတော်သည် တိုးပွားသ ဖြင့် ယေရုရှလင်မြို့၌ တပည့်တော်တို့သည် အလွန်ပွါး များ၍၊ ယဇ်ပုရောဟိတ် အပေါင်းတို့သည် ယုံကြည်ခြင်း တရားကို နားထောင်ကြ၏။

## ၂။ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်း

(က) သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောသူသည်အစေခံနိုင်သည်။

(ခ) သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောသူသည် စိတ်ရှည်ခြင်းရှိသည်။

(ဂ) သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောသူသည် နှိမ့်ချခြင်းရှိသည်။

(ဃ) သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောသူသည် သည်းခံနိုင်ခြင်းရှိသည်။

(င) သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောသူသည် မေတ္တာစေတနာစိတ်ရှိသည်။

(စ) သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောသူသည် မြည်တမ်းခြင်းမရှိပဲအလုပ်လုပ်သည်။

(ဆ) သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောသူသည် ကိုယ်ကိုငြင်းပယ်၍၊ ဘုရားခိုင်းတာကိုလုပ်နိုင်သည်။

(ဇ) သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောသူသည် ဝိညာဉ်သဘောရှိသည်။

## ၃။ သန့်ရှင်းသောဝိညာဉ်တော်နှင့်မပြည့်ဝသောသူ

(က) သန့်ရှင်းသောဝိညာဉ်တော်နှင့်မပြည့်ဝသောသူသည် အစေမခံနိုင်။

(ခ) သန့်ရှင်းသောဝိညာဉ်တော်နှင့်မပြည့်ဝသောသူသည် စိတ်မရှည်နိုင်။

(ဂ) သန့်ရှင်းသောဝိညာဉ်တော်နှင့်မပြည့်ဝသောသူသည် နှိမ့်ချခြင်းမရှိနိုင်။

(ဃ) သန့်ရှင်းသောဝိညာဉ်တော်နှင့်မပြည့်ဝသောသူသည် သည်းမခံနိုင်။

(င) သန့်ရှင်းသောဝိညာဉ်တော်နှင့်မပြည့်ဝသောသူသည် မေတ္တာစေတနာစိတ်မရှိနိုင်။

(စ) သန့်ရှင်းသောဝိညာဉ်တော်နှင့်မပြည့်ဝသောသူသည် လုပ်လေသမျှမြည်တမ်းခြင်းရှိသည်။

(ဆ) သန့်ရှင်းသောဝိညာဉ်တော်နှင့်မပြည့်ဝသောသူသည် ကိုယ်ကိုမငြင်းပယ်နိုင်။

(ဇ) သန့်ရှင်းသောဝိညာဉ်တော်နှင့်မပြည့်ဝသောသူသည် ဇာတိသဘောရှိသည်။

# ၄။ သင်းထောက်များ၏အရည်အချင်း

သင်းထောက်များ၌လိုအပ်သော အရည်အချင်းများကိုအောက်ပါဖော်ပြရာကျမ်းစာ၌ တွေ့ရသည်။ လူများသတ်မှတ်ထားသော အရည်အချင်းများမရှိသော်လည်း ဘုရားသခင်သတ်မှတ်ထားသော အရည်အချင်းရှိလျှင် ဘုရားသခင်က အသုံးပြုမည်ဖြစ်သည်။

**၁ တိ၊ ၃း၈-၁၃ ထိုနည်းတူ၊သင်းထောက်တို့သည်တည်ကြည်သောသူဖြစ်ရကြမည်။ လျှာနှစ်ခွနှင့်ပြောသောသူ၊စပျစ်ရည်ကို သောက်ကြူးသောသူ၊ မစင်ကြယ်သော စီးပွါးကို တပ်မက်သောသူ မဖြစ်ရကြ။ ၉ ကိုယ်ကိုကိုယ်သိသောစိတ် စင်ကြယ်သည်နှင့်၊ ယုံကြည်ခြင်း၏ နက်နဲသောအရာကို စွဲလမ်းသောသူ ဖြစ်ရကြမည်။ ၁၀ သူတို့သည်လည်း ရှေ့မဆွက စုံစမ်းခြင်းကို ခံကြစေ။ နောက်မှ အပြစ်တင်ခွင့်နှင့်**

ကင်းလွတ်လျှင်၊သင်းထောက်လုပ်ကြစေ။၁၁ထိုနည်းတူ၊မိန်းမတို့သည် တည်ကြည်သောသူဖြစ်ရမည်။ ချောစားတတ်သောသူမဟုတ်။သမ္မာသတိရှိသောသူ၊ အရာရာ၌သစ္စာရှိသောသူဖြစ်ရကြမည်။၁၂သင်းထောက်သည် မယားတယောက်တည်းရှိရမည်။မိမိသားသမီးနှင့် အိမ်သူအိမ်သားတို့ကို ကောင်းမွန်စွာ အုပ်ချုပ်သောသူဖြစ်ရမည်။ ၁၃ အကြောင်းမူကား၊ သင်းထောက်အမှုကို ကောင်းစွာစွက်ဆောင်သော သူတို့သည် မိမိတို့အဘို့ ကောင်းသောအရာကိုရင်း၊ ယေရှုခရစ်၏ ယုံကြည်ခြင်း၌ ရဲရင့်ခြင်းသတ္တိကိုရင်း အမြတ်ရကြ၏။

(က) သင်းထောက်သည် တည်ကြည်သောသူဖြစ်ရမည်။ ( ၁ကော၊ ၁၆း၁၈ )။

(ခ) သင်းထောက်သည် လျှာနှစ်ခွနှင့်စကားပြောသောသူမဖြစ်ရ။

( သု၊ ၁၃း၂-၃။ ယာကုပ်၊ ၅း၁၂ )။

(ဂ) သင်းထောက်သည် စပျစ်ရည်ကိုသောက်သောသူမဖြစ်ရ။

( ဧ၊ ၅း၁၈။ သု၊ ၂၃း၂၉-၃၂ )။

(ဃ) သင်းထောက်သည် မစင်ကြယ်သောစီးပွါးကိုတပ်မက်သောသူမဖြစ်ရ။

( ၁တိ၊ ၆း၉-၁၀။ သု၊ ၂၃း၄-၅ )။

(င) သင်းထောက်သည် ယုံကြည်ခြင်းနှင့်အသက်ရှင်သောသူဖြစ်ရမည်။

( ဟေဗြဲ၊ ၁၁း၆ )။

(စ) သင်းထောက်သည် ရှေ့မဆွကစုံစမ်းခြင်းကိုခံသောသူဖြစ်ရမည်။ ( ၁ကော၊ ၁၀း၁၃ )။

(ဆ) သင်းထောက်သည် အပြစ်တင်ခြင်းနှင့် ကင်းလွတ်၍ သင်းထောက်လုပ်စေ။

( ဖိ၊ ၂း၁၄-၁၆ )။

(ဇ) သင်းထောက်သည် မယားတစ်ယောက်တည်းရှိသောသူဖြစ်ရမည်။

( ၁တိ၊ ၃း၁၂ )။

(ဈ) သင်းထောက်သည် မိမိသားသမီးများကို ကောင်းမွန်စွာ အုပ်ချုပ်သောသူဖြစ်ရမည်။ ( ဧ၊ ၆း၄ )။

(ည) သင်းထောက်သည် သင်းထောက်အမှုကိုကောင်းမွန်စွာဆောက်ရွက်သောသူဖြစ်ရမည်။ ( မဿ၊ ၂၅း၁၉-၃၀ )။

(ဋ) သင်းအုပ်ဆရာကို အထောက်အမပြုရမည်။ ( ဂ၊ ၆း၂ )။

(ဌ) သင်းအုပ်ကို အသင်းဖြုတ်သောသူမဖြစ်ရ။ ( မဿ၊ ၂၆း၁၄-၁၆ )။

(ဍ) သင်းအုပ်ခရီးလွန်သောအခါ၊ အသင်းတော်၌ လိုအပ်သောအရာများကို သင်းအုပ်နှင့်တိုင်ပင်၍၊ လုပ်ဆောင်ရမည်။ ( ဖိ၊ ၂း၂ )။

(ဎ) သင်းအုပ်၏ခွင့်ပြုချက်ဖြင့် အစည်းအဝေးများပြုလုပ်နိုင်သည်။

(ဏ) မည်သည့်အရာများကိုမဆို သင်းအုပ်နှင့် တိုင်ပင်ခြင်းကိုဦးစွာပြုလုပ်ရမည်။

( ၁ပေ၊၃း၈-၁၂ )။

( င) အသင်းတော်ကိုကာကွယ်သောသူဖြစ်ရမည်။ ( တ၊ ၂၀း၂၈-၃၁ )။

# ၅။ သင်းထောက်၌လိုအပ်သောအသက်တာများ

၁။ သင်းထောက်သည် ကယ်တင်ခြင်းသို့ရောက်သောသူဖြစ်ရမည်။ ( ၁တိ၊ ၂း၄ )။

၂။ သင်းထောက်သည် သမ္မာတရားကိုသိသောသူဖြစ်ရမည်။ ( ၁တိ၊ ၂း၄ )။

၃။ သင်းထောက်သည် သမ္မာတရားကို မှန်ကန်စွာပိုင်းခြားတတ်သောသူဖြစ်ရမည်။ ( ၂တိ၊ ၂း၁၅ )။

၄။ သင်းထောက်သည် ကိုယ်ကိုကိုယ် ဘုရားသခင်၌ဆက်ကပ်အပ်နှံသောသူဖြစ်ရမည်။ ( ၂တိ၊ ၂း ၁၅ )။

၅။ သင်းထောက်သည် သမ္မာတရား၌ ကျင်လည်သောသူဖြစ်ရမည်။ ( ၃ယော၊ ၁း၃-၄ )။

၆။ သင်းထောက်သည် အသင်းတော်ကိုချစ်သောသူဖြစ်ရမည်။ ( ဧ၊ ၅း၂၄-၂၇ )။

၇။ သင်းထောက်သည် ပျောက်ဆုံးသော ဝိညာဉ်များကိုချစ်သောသူဖြစ်ရမည်။ ( တ၊ ၂၀း၂၂-၂၇ )။

၈။ သင်းထောက်သည် ပျောက်ဆုံးသောဝိညာဉ်များကို ဖမ်းသောသူဖြစ်ရမည်။ ( ၁ကော၊ ၉း၁၉-၂၃ )။

၉။ သင်းထောက်သည် ဘုရားအပေါ်၊ အသင်းတော်ပေါ်၊ ယုံကြည်သူများအပေါ် ၌သစ္စာရှိသောသူဖြစ်ရမည်။ ( လု၊ ၁၆း၁၀)။

၁၀။ သင်းထောက်သည် စိတ်ရှည်သောသူဖြစ်ရမည်။ ( ဧ၊ ၄း၂-၄ )။

၁၁။ သင်းထောက်သည် စိတ်နှိမ့်ချတတ်သောသူဖြစ်ရမည်။ ( သု၊ ၁၁း၂ )။

၁၂။ သင်းထောက်သည် သည်းခံတတ်သောသူဖြစ်ရမည်။၊( ဧ၊၄း၂-၄ )။

၁၃။ သင်းထောက်သည် မိမိ၏အပြစ်များအတွက်ဝန်ခံတတ်သောသူဖြစ်ရမည်။

( ၁ယော၊ ၁း၈-၁၀ )။

၁၄။ သင်းထောက်သည် မာနကြီးသောသူမဖြစ်ရ။ ( သု၊ ၂၉း၂၃ )။

၁၅။ သင်းထောက်သည် လူ့မျက်နှာကိုလိုက်သောသူမဖြစ်ရ။( ဂ၊ ၃း၂၆-၂၉ )။

၁၆။ သင်းထောက်သည် မေတ္တာစေတနာနှင့် တရားဟောပြောသောသူဖြစ်ရမည်။

( ဧ၊ ၄း၁၅ )။

၁၇။ သင်းထောက်သည် အသင်းတော်ကိုဦးဆောင်တတ်သောသူဖြစ်ရမည်။

( မဿ၊ ၁၅း၁၄ )။

၁၈။ သင်းထောက်သည် အသင်းသားများ၏ ပြဿနာများကို ကောင်းမွန်စွာဖြေရှင်း

ပေးတတ်သောသူဖြစ်ရမည်။

၁၉။ သင်းထောက်သည် အသင်းတော်၌ မှားယွင်းသောဩဝါဒများဝင်မလာအောင်

ကာကွယ်သောသူဖြစ်ရမည်။ (တ၊ ၂၀း၂၈-၃၁)။

၂၀။ သင်းထောက်သည် အသင်းတော်၌ အသင်းသူ/အသင်းသားများကို ဂရုစိုက်

သောသူဖြစ်ရမည်။ ( လု၊ ၁၅း၁-၁၀ )။

၂၁။ သင်းထောက်သည် အသင်းတော်၏ပြဿနာများကို မေတ္တာထား၍ဖြေရှင်း

သောသူဖြစ်ရမည်။ ( မဿ၊ ၅း၉ )။

၂၂။ သင်းထောက်သည် ရွှေ၊ ငွေ များကိုတပ်မက်သောသူမဖြစ်ရ။

( ၁တိ၊ ၆း၇-၁၀ )။

၂၃။ သင်းထောက်သည် မုသာကိုပြောတတ်သောသူမဖြစ်ရ။ ( ယောဟန်၊ ၈း၄၄ )။

၂၄။ သင်းထောက်သည် ရန်တွေ့တတ်သောသူမဖြစ်ရ။ ( မဿဲ၊ ၁၈း၇ )။

၂၅။ သင်းထောက်သည် ရန်ကိုငြိမ်းစေတတ်သောသူဖြစ်ရမည်။ ( မဿဲ၊ ၅း၉ )။

၂၆။ သင်းထောက်သည် ရက်ရောသောသူဖြစ်ရမည်။ ( ဂ၊ ၆း၈ )။

၂၇။ သင်းထောက်သည် ဩွသည်ဝတ်ကိုကျေပွန်သောသူဖြစ်ရမည်။

( ၁ပေ၊ ၄း၉ )။

၂၈။ သင်းထောက်သည် ခရစ်တော်ကိုသာစွေ့စွေ့ကြည့်ရှု၍ ကြိုးစားအားထုတ်သော

သူဖြစ်ရမည်။ ( ဟေဗြဲ၊ ၁၂း၁-၃ )။

၂၉။ သင်းထောက်သည် နာခံတတ်သောအသက်တာရှိသောသူရမည်။

( ၁ပေ၊ ၅း၅-၇ )။

၃၀။ သင်းထောက်သည် စိတ်ကောက်တတ်သောသူမဖြစ်ရ။

( ကောလောသဲ၊ ၃း၅-၁၁ )။

သင်ခန်းစာ( ၉ )

# သင်းထောက်များ၏တာဝန်ဝတ္တရားများ

## ၁။ အသင်းတော်ဥက္ကဋ္ဌ၏တာဝန်

(က) အသင်းတော်၏လိုအပ်ချက်များကိုသိသောသူဖြစ်ရမည်။

(ခ) လိုအပ်ချက်များကို သင်းအုပ် ဆရာ၊ ဆရာမများအားအကြံပေးသင့်လျှင်ပေး သောသူဖြစ်ရမည်။

(ဂ) သင်းအုပ် ဆရာမိသားစု၏လိုအပ်နေသောအရာများကို သိမြင်တတ်သောသူ ဖြစ်ရမည်။

(ဃ) ထိုသို့သောလိုအပ်ချက်များကို အသင်းတော်အစည်းအဝေး၌၊ အသင်းသူ/အ သင်းသားများအားသင်ပြ၍၊ မစကူညီပေးရမည်။

(င) သင်းအုပ်မိသားစုအတွက် အထောက်အမကောင်းဖြစ်ရမည်။

## ၂။ အသင်းတော်၌အတွင်းရေးမှူး၏တာဝန်

(က) ကောင်းမွန်စွာဖြင့် အမှားအယွင်းမရှိဘဲ အစည်းအဝေး မှတ်တမ်းတင်သောသူ ဖြစ်ရမည်။

(ခ) အသင်းတော်၏အစည်းဝေး ဆုံးဖြတ်ချက်များကို ယုံကြည်သူများအား အားလုံး နားလည်အောင် ဘုရားကျောင်း၌ ရှင်းပြရမည်။

(ဂ) အစည်းအဝေးတတ်ရောက်သူ လူဦးရေများနှင့်၊ ရက်စွဲများ၊ အချိန်၊ နေရာများကို သေချာ မှတ်တမ်းတင်ရမည်။

(ဃ) ထိုအတူ ဒုအတွင်းရေးမှူးလည်းလုပ်ရမည်။

## ၃။ အသင်းတော်၏ဘဏ္ဍာထိန်းနှင့် စာရင်းကိုင်တို့၏တာဝန်

(က) ဘုရားသခင်၏ ဘဏ္ဍာများကို သစ္စာရှိစွာဖြင့်ထိန်းရမည်။

(ခ) သေချာ စရင်းယူ၍ငွေသားကို လက်ခံရမည်။

(ဂ) ငွေသားပျောက်သွားခြင်းမရှိအောင် ဂရုစိုက်၍ ထိန်းသိမ်းရမည်။

(ဃ) အသင်းတော်၏ခွင့်ပြုချက်မရှိဘဲ၊ သူတစ်ပါးကိုငွေချေးငှားခြင်းများလုံးဝမပြုလုပ်ရ။

(င) စာရင်းကိုင်သည် သေချာ အမှားအယွင်းမရှိအောင် ငွေသားကို ရေတွက်ပြီးမှ စာရင်းယူ ရမည်။

(စ) အချိန်၊ နေရာ၊ ရက်စွဲများကို ရေးသားရမည်။

## ၄။ အသင်းတော်၏ပစ္စည်းများ

(က) အသင်းတော်၏ပစ္စည်းများကိုသေချားစွားစရင်းယူ၍ထိန်းသိမ်းရမည်။

(ခ) အသင်းတော်ပိုင်းသောအိမ်ရှိလျှင် သင်းထောက်များက တာဝန်ယူ၍ သန့်ရှင်းရေးလုပ်ခြင်း၊ မျက်ရိမ်းခြင်းတွေမှစ၍၊ စောင့်ရှောက်ဂရုစိုက်ဖို့ရန်လိုအပ်သည်။

(ဂ) အသင်းတော်ပိုင်ကားများရှိလျှင် ကားကိုလည်းဂရုစိုက်၍ထိန်းသိမ်းဖို့
တာဝန်ရှိသည်။
(ဃ) အသင်းတော်၌ Music ကိုသေချာစွာထိန်းသိမ်းစောင့်ရှောက်ရမည်။
(င) အသင်းတော်၏မိုက်ဘယ်နှစ်လုံးရှိသည်ကိုရင်း၊ ဘယ်လုံးပျက်သည်ကိုရင်း၊
သေချာစွာစရင်းမှတ်သားပြုစုရမည်။
(စ) အသင်းတော်၌ထိုင်ခုံဘယ်လုံးရှိသည်ကိုရင်း၊ ဘယ်လုံးပျက်သည်ကိုရင်း၊ သေ
ချာစွာစရင်းပြုစုဖို့လိုအပ်သည်။
(ဆ) အသင်းတော်၏ စာပွဲဘယ်လုံးရှိသည်ကိုသိဖို့ရန်လိုအပ်သည်။

# ၅။ ဧည့်သည်ဆရာ/မများ

(က) ဧည့်သည် ဆရာများ အသင်းတော်သို့လာသောအခါ၊ သင်းအုပ်နဲ့အတူ သင်း
ထောက်များနှင့် ဆရာသည်းမည့်အိမ်ကိုပြင်ဆင်ပေးဖို့ရန်လိုအပ်သည်။
(ခ) ဧည့်သည် ဆရာ စားသောက်မည့်အရာများကိုလည်းဆွေးနွေး၍ပင်ဆင်ပေးဖို့
ရန်လိုအပ်သည်။
(ဂ) ဧည့်သည် ဆရာတဲသောအိမ်သို့သွားရောက်မိဿဟာယဖွဲ့ဖို့ရန်လည်းလိုအပ်
သည်။
(ဃ) ဧည့်သည် ဆရာကို ဂရုစိုက်ဖို့ရန်လိုအပ်သည်။

သင်ခန်းစာ ( ၁၀ )

# သင်းထောက်များသိသင့်သောအချက်များ

## ၁။ ဝိညာဉ်ပိုင်း

သင်းထောက်လူကြီးများသည် အသင်းတော်၌သင်းအုပ်ဆရာ၊ ဆရာမ တို့အတွက် ဝိညာဉ်ပိုင်း၌ အထောက်အမဖြစ်ဖို့ရန်လိုအပ်သည်။ အသင်းတော်ကိုတိုးတတ်စေဖို့ရန်အတွက် သင်းအုပ်ဆရာ၊ အမှုတော်ဆောင် ဆရာမများနှင့်အတူ သမ္မာတရား၌ဖက်၍ရပ်တည်ဖို့ရန်လိုအပ်သည်။ သင်းအုပ်ဆရာက သင်တန်းများပြုလုပ်သောအခါ လူများကိုကားနှင့် အကြိုအပို့လုပ်ပေးခြင်းဖြစ်စေ၊ သင်တန်း၌ လူများတတ်လာအောင်ဖိတ်ခေါ်ခြင်းဖြစ်စေ၊လူသစ်များနှင့် မိတ်ဆက်ပေးခြင်းများကို ဖြစ်စေပြုလုပ်၍ သင်းအုပ်ကိုထောက်မဖို့ရန်လိုအပ်သည်။ သင်းထောက်သည် သင်းအုပ်ကို အသင်းဖြုတ်ဖို့ရန်မဟုတ်၊ အတင်းထောက်ဖို့လည်းမဟုတ်၊ အထောက်အမဖြစ်ဖို့ရန် ဖြစ်သည်။

## ၂။ ခန္ဓာပိုင်း

သင်းအုပ် မိသားစုများ၏စားဝတ်နေရေးကိုလည်း ကြည့်ရှုပေးသင့်သည် သင်းအုပ်များသည် လောကအလုပ်ကို မလုပ်သော ကြောင့်အခက်အခဲများစွာရှိနိုင်

မည်ဖြစ်သည်။ သို့သော်လည်း သင်းအုပ်များသည် ယုံကြည်ခြင်းနှင့်သော်ငင်း၊ ဘုရားကိုအားကိုးခြင်းနှင့်သော်ငင်း၊ သူတို့၏အခက်အခဲများကို အသင်းတော်၌တင်ပြကြမည်မဟုတ်၊ ထိုအရာများကို သင်းထောက်များက သတိပြု၍ သင်းအုပ်ဆရာ များကိုအသင်းတော်မှ ထောက်ပံ့ပေးဖို့ရန်လိုသည်။ သင်းထောက်များက သိတတ်လျှင်သင်းအုပ်များသည် မလိုအပ်ပဲဒုက္ခမရောက်၊ သင်းထောက်များကမသိတတ်လျှင်၊ သင်းအုပ်များသည် စားဝတ်နေရေး၌ မလုံမလောက် ဖြစ်တတ်သည်။ သင်းအုပ်များ၌လည်း အိမ်ဖိုး၊ မီးဖိုး၊ ကားဖိုး၊ ဖုန်းဖိုး၊ ဝိုင်ဖိုင်ဖိုးလည်း ရှိသည်ကို ထည့်တွက်စဉ်းစားပေးဖို့ရန်လည်းလိုအပ်သည်။

## ၃။ အစိုးရပိုင်း

သင်းအုပ် ဆရာမိသားစုကို အစိုးရအား အခွန်ဆောင်နိုင်ရန် အသင်းတော်မှစီစဉ်ပေးဖို့ရန်လိုအပ်သည်။ အစိုးရကို အခွန်မဆောင်လျှင်၊ အိမ်ဝယ်သည်ဖြစ်စေ၊ ကားဝယ်သည်ဖြစ်စေ၊အဖက်ဖက်၌ အခက်အခဲများစွာရှိသည်။ ထို့ကြောင့် အသင်းတော်က တတ်နိုင်သမျှကူညီပေးဖို့ရန်လိုအပ်သည်။ အသင်းသူ၊အသင်းသားများက ထိုအရာများကိုသိကြမည်မဟုတ်၊ ထို့ကြောင့် သင်းထောက်များက အသင်းတော်၌တင်ပြ၍ ဆွေးနွေးခြင်းများကိုပြုလုပ်သင့်သည်။ မည်ကဲ့သို့ သင်းအုပ်မိသားစု အတွက်အစိုးရအား အခွန်ကိုဆောင်ပေးရမည်ကို မသိလျှင်၊ သိသောသူများကိုမေးမြန်းသင့်သည်။ ( ရောမ၊ ၁၃း၁-၇ )။

## ၄။ ခွင့်ပြုချက်

သင်းအုပ်၏ ခွင့်ပြုချက်မပါဘဲ၊ အစည်းအဝေးမပြုလုပ်ဖို့ရန်အရေးကြီးသည်။ အသင်းတော်၌ လိုအပ်သော အရာ အသင်းတော်ကို တိုးတက်စေသော အရာများရှိလျှင်၊ သင်းအုပ်ဆရာနှင့်အရင်တိုင်ပင်ပြီးမှ အသင်းတော်၌ အစည်းအဝေးများကို ပြုလုပ်သင့်သည်။ ထိုသို့တိုင်ပင်ခြင်းများသည် တစ်ဦးကိုတစ်ဦးလေးစားခြင်းများ ဖြစ်သောကြောင့် သင်းအုပ်ဆရာ၏ခွင့်ပြုချက် မရှိဘဲ စည်းဝေးခြင်းများကို ကိုယ်တိုင် ဆုံးဖြတ်ချက်ချခြင်းများ မပြုလုပ်သင့်ချေ။

## ၅။ အခြားသောဆရာ၊ ဆရာမများ

သင်းအုပ် မသိဘဲအခြားသော ဆရာဖြစ်စေ၊ ဆရာမများဖြစ်စေ အသင်းတော်သို့ မဖိတ်ခေါ်ရ၊ သင်းအုပ်က လိုအပ်လျှင် သင့်တော်သော ဆရာ၊ဆရာမ များကို အသင်းတော်၌ သူဖိတ်ခေါ်ပါလိမ့်မည်။ အချို့သောအသင်းတော်၌ သင်းအုပ်ကို မေးမြန်းခြင်းမရှိဘဲ သင်းထောက်လူကြီးများက အခြားသော ဆရာများကို အသင်းတော်၌ဖိတ်ခေါ်တာမျိုးရှိကြသည်။ ထိုအရာသည် လုံးဝမလုပ်သင့်သော အရာဖြစ်သည်။ ဆရာများကို ဖိတ်ခေါ်လိုလျှင် သင်းအုပ်ကိုအရင်တိုင်ပင်၍၊ သင်းအုပ် သဘောတူမှသာလျှင်ဖိတ်ခေါ်ရမည်ဖြစ်သည်။ သင်းအုပ်က သဘောမတူလျှင် အတင်းဖိတ်ခေါ် ဖို့မကြိုးစားရ၊ သင်းအုပ်သည် ထိုသူကိုဖိတ်ခေါ်သင့်၊ မဖိတ်ခေါ်သင့် သည်ကိုသိသူဖြစ်သည်။ ဝိညာဉ်ရေးရာ၌ သင်ကြားပေးနိုင်သောသူကို သင်းအုပ်က

ကြည့်မည်ဖြစ်သည်။

## ၆။ အစည်းအဝေး

သင်းထောက်များသည် အစည်းအဝေးများကို မပျက်မကွက်ပါဝင်ဖို့ရန်လို အပ်သည်။ အစည်းအဝေးများကိုလုံးဝ ရှောင်လွှဲတာမျိုးမလုပ်သင့်ချေ။ အသင်းတော်ကိုတိုးတက်စေသောအကြံများရှိလျှင် ကောင်းမွန်စွာဖြင့် တင်ပြခွင့်ရှိသည်။ သင်းအုပ်တင်ပြသောအရာများသည် သမ္မာတရားနှင့်ညီလျှင်ထောက်ခံပေးရမည် ဖြစ်သည်။ အသင်းတော်ကိုတိုးတက်ဖို့ရန်အဆိုးရော၊ အကောင်းရောဆွေးနွေးသော အရာများကို အပြင်ပလူများထံသို့လုံးဝမပြောပြရ။ အချို့သောသူများသည် အစည်းအဝေး၌ ဘာမှမပြောဘဲအပြင်ရောက်သောအချိန်၌ လူများကိုအပြစ်တင် တတ်သောသူများလည်းတတ်ရှိကြသည်။ ထို့ကြောင့်ပွင့်ပွင့်လင်းလင်းဆွေးနွေး တိုင်ပင်ခြင်းများကို အစည်းအဝေး၌ ကောင်းမွန်စွာပြုကြဖို့ရန်လိုသည်။

## ၇။ တိုင်ပင်ခြင်း

သင်းထောက်သည် အသင်းတော်နှင့် ပတ်သက်သမျှတိုင်းကို သင်းအုပ်ဆရာနှင့်တိုင်ပင်ခြင်းများကိုပြုလုပ်ရန်လိုအပ်သည်။ အိမ်ထောင်၌ဖခင်နှင့် မိခင်ကို သားသမီးများကတိုင်ပင်မှုပြုသကဲ့သို့၊ ထို့နည်းတူ အသင်းတော်၌လည်း ဝိညာဉ်ဖခင်ဖြစ်သော သင်းအုပ်သည် ဘုရားသခင် ရွေးချယ်ထားသောသူ ဖြစ်သောကြောင့် တိုင်ပင်ခြင်းများကိုပြုသင့်သည်။

## ၈။ သာရေး၊နာရေး

အသင်းတော်၌ သာရေး/ နာရေးများ ရှိလျှင် သင်းအုပ်ဆရာအား တိုင်ပင်ခြင်းများကိုပြုလို့သင့်သည်။ အကြောင်းအရာ တစ်ခုခုရှိလျှင်လည်းချက်ခြင်း သင်းအုပ်ထံ၌အကြောင်းကြားပေးသင့်သည်။

## ၉။ အသင်းသူ၊အသင်းသားများ

သင်းထောက်လူကြီးများသည် အသင်းသားများကို ဂရုစိုက်စောင့်ရှောက်ဖို့ရန်လိုအပ်သည်။ သင်းအုပ်သည် တရားဒေသနာဟောပြောသောအခါ၊ ဒေသနာကိုမစားနိုင်သေးသောသူများကို ပြန်လည်ရှင်းပြပေး၍နားလည် သဘောပေါက်အောင်ပြောပြပေးဖို့ရန်လိုသည်။ ဝိညာဉ်ပိုင်း၌ အားနည်းသောသူများ၊ စိတ်ကောက်တတ်သောသူများကို ခွန်အားပေးတတ်ဖို့ရန်လိုအပ်သည်။ သင်းအုပ်သည် အလုပ်များ၍ အသင်းသားအိမ်များဆီသို့အလည်ပတ်မပြုလုပ်နိုင် အသောအခါ၊ သင်းထောက်များသည် အသင်းသားများ၏အိမ်၌ လည်၍မိတ်သဟာယဖွဲ့ခြင်း၊ ဆုတောင်းပေးခြင်းများကိုပြုလုပ်ပေးသင့်သည်။

## ၁၀။ လူသစ်

သင်းထောက်သည် အသင်းတော်၌ လူသစ်ရောက်လာသောအခါ နှုတ်ဆက်စကားများပြောခြင်း၊ ဂရုစိုက်ဖို့ရန်လည်းအလွန်အရေးကြီးသည်။ ကိုယ့်ထိုင်ခုံ၌ထိုင်

နေ၍ ခပ်တည်တည် မနေဘဲ၊ စကားပြော လက်ဆွဲနှုတ်ဆက်မေတ္တာပြသဖို့ရန်လို သည်။ထိုသူကို ဂရုစိုက်၍ အိမ်လည်ခြင်း၊ ဘုရားကျောင်းသို့လာနိုင်ရန် အမြဲတမ်း ဖုန်းဆက်၍ အသင်းတော်သို့ ဖိတ်ခေါ် ဖို့ရန်လိုအပ်သည်။

## ၁၁။ စောစော

သင်းထောက်များသည် စောစောဘုရားကျောင်းသို့ရောက်ဖို့ရန်လိုအပ်သည်။ အိပ်ရာမထနောက်ကျသောသူမဖြစ်ရ။ နောက်ဆုံးမှ ဘုရားကျောင်းသို့ရောက်၍ အိမ် သို့စောစောပြန်သောသူလည်းမဖြစ်ရ။ ဘုရားကျောင်းတံခါးဝ၌ ရပ်ပြီးလျှင်ဧည့် သည် များကို ကြိုဆိုဖို့ရန်လိုအပ်သည်။ ဝတ်ပြုခြင်းဘုရားကျောင်းအပြီးမှာလည်း သန့်ရှင်းရေးလုပ်စရာများရှိပါက သင်းအုပ်ကိုကူညီပြီးမှ အိမ်သို့ပြန်သင့်သည်။

## ၁၂။ အဝတ်အစား

သင်းထောက်များသည် ညအိပ် အဝတ်အစားဖြင့်ဘုရားကျောင်းသို့မသွားရ။ ဘုရားကျောင်းသွားသော အခါ ဝတ်ဖို့ရန်အတွက် သီးသန့်ထားရှိရမည်ဖြစ်သည်။ အချို့သောသူများသည် ညအိပ်အဝတ်အစားနှင့် ဘုရားကျောင်းသို့လာသော အခါ၊ လူများအမြင်မှာလည်းမသင့်တော်၊ ဘုရားသခင်၏ဘုန်းတော်ကိုလည်းမထင်ရှားပဲ ဖြစ်စေသည်။ ထို့ကြောင့် သင်းထောက်များကို သင်းသားတိုင်းက ကြည့်နေကြသော ကြောင့် အဝတ်အစားများကို အမြဲတမ်းသတိပြုဖို့ရန်လိုအပ်သည်။

# ၁၃။ ရိုသေခြင်း

အချို့သော သင်းထောက်များသည် သင်းအုပ် ဆရာနှင့် ဆရာမများကို မရိုမသေ၊ မလေးမစားဘဲ စကားပြောသောသူများလည်းရှိကြသည်။ သင်းအုပ်ဆရာကို ရိုသေးလေးစားဖို့ရန်လိုသည်။ ဝိညာဥ်အစာကိုကျွေးမွေး၍ စောင့်ရှောက်သော သူ ဖြစ်သော ကြောင့် အ ထူး သ ဖြ င့် ရို သေ ထို က်သူ မ ဖြ စ်လျှ င်လ ည်း ဘုရားသခင်၏မျက်နှာကို ထောက်ရှု၍ရိုသေလေးစားခြင်းများကိုပြုဖို့ရန်လိုသည်။ အရိုအသေခံချင်သောကြောင့် မဟုတ်ဘဲ၊ ဘုရားဘုန်းတော်ကိုထင်ရှားစေဖို့ရန် အတွက်ဖြစ်သည်။ ရိုသေထိုက်သောသူကိုရို သေဖို့၊ ကြောက်ထိုက်သောသူကို ကြောက်ရွံ့ဖို့ရန်ကို ကျမ်းစာ၌တွေ့ရသည်။

# သင်းသူ/သင်းသားများ သင်းအုပ်အပေါ်၌ထား ရမည့်တာဝန်ဝတ္တရားများ

၁။ ဝိညာဉ်အစာဖြစ်သောနှုတ်ကပတ်တော်နို့စစ်ကိုတိုက်ကျွေးသော သင်၏သင်းအုပ်ကိုရှိသေလေးစားခြင်းရှိပါ။

**၁ကော၊ ၃း၁-၃ ညီအစ်ကိုတို့၊ အထက်က ငါသည် ဝိညာဉ်လူတို့အား ဟောပြောသကဲ့သို့ သင်တို့အား ဟောပြော ရသော အခွင့်မရှိဘဲ၊ ဇာတိပကတိ လူတို့အားရင်း၊ ခရစ်တော်၌ သူငယ်ကလေးတို့အားရင်း၊ ဟောပြောသကဲ့ သို့ ဟောပြောရ၏။ ၂ယခုတိုင်အောင်သင်တို့သည် ခဲဘွယ်စားဘွယ်ကို မကြေနိုင်သောကြောင့် ငါမကျွေးရ၊ နို့ကိုသာ တိုက် ရ၏။ ယခုပင်လည်း၊ သင်တို့သည် မကြေနိုင်ကြသေး။ ၃ ယခုပင်လည်း၊ ဇာတိပကတိလူဖြစ်ကြသေး၏။ ဝုဏ်ပြိုင်ခြင်း၊ ရန်တွေ့ခြင်း၊ အချင်းချင်းကွဲပြားခြင်း ရှိသည်ဖြစ်၍၊ သင်တို့သည်ဇာတိပကတိ လူဖြစ်ကြသည် မဟုတ်လော။ လောကီထုံးစံအတိုင်း ကျင့်ဆောင်ကြသည် မဟုတ်လော။**

၂။ ဝိညာဉ်အစာကိုဝလင်စွာကျွေးမွေး၍ပြုစုသောသင်၏သင်းအုပ်ကို ရှိသေကြောက်ရွံ့ခြင်းရှိပါ။

**၁ကော၊ ၄း၁၅သင်တို့တွင် ခရစ်တော်၏အကြောင်းကို သင်ပေးသော ဆရာတ**

**သောင်းရှိပြားသော်လည်း၊ အဘ အများမရှိ။ ဧဝံဂေလိတရားအားဖြင့် ငါသည် သင်တို့ကို ယေရှုခရစ်၌ ဖြစ်ဘွားစေပြီ။**

၃။ ဝိညာဉ်အစာကို ဝလင်စွာကျွေးမွေးသော သင်၏သင်းအုပ်ကို ရိုသေကြောက်ရွံ့စွာဖြင့် ရိုးသားစွာဖြင့် စကားပြောဆိုဆက်ဆံပါ။

**ကောလောသဲ၊ ၄း၆လူအသီးအသီးတို့အား အဘယ်သို့ ပြန်ပြောရမည်ကို သိနိုင်မည်အကြောင်း၊ သင်တို့စကားသည် ဆားအားဖြင့်ငန်သော အရသာနှင့်ပြည့်စုံလျက်၊ အစဉ်မပြတ်တင့်တယ်လျောက်ပတ်ပါစေ။**

၄။ နှုတ်ကပတ်တော်နှင့်အညီသွန်သင်ပဲ့ပြင်သောအခါ၊ ခွန်းအားရလျှင် သက်သေခံ၍ သင်၏သင်းအုပ်ဆရာကို ကျေးဇူးတင်ကြောင်းပြောပါ။

**၃ယော၊ ၁း၁-၄အသက်ကြီးသူသည်ချစ်အပ်သောဂါယုကိုကြားလိုက်၏။ ငါသည်သင်၌မှန်ကန်သောချစ်ခြင်း မေတ္တာရှိ၏။ ၂အချင်းချစ်သူ၊ သင်၏စိတ်နှလုံးသည် ကောင်းစားသကဲ့သို့၊ သင်သည်အရာရာ၌ကောင်းစားခြင်းနှင့် ကျန်းမာခြင်းရှိမည်အကြောင်း ငါဆုတောင်း၏။ ၃သင်သည်သမ္မာတရား၌ ကျင်လည်သည်အတိုင်း သင်၌ရှိသောသမ္မာတရား၏အကြောင်းကို ညီအစ်ကို တို့သည်လာ၍ သက်သေခံကြသောအခါ၊ ငါသည် အလွန်ဝမ်းမြောက်ခြင်းရှိ၏။ ၄ငါ၏သားသမီးတို့သည် သမ္မာတရား၌ ကျင်လည်သည်ကို ငါကြား၍ ဝမ်းမြောက်ခြင်းထက် သာ၍ ဝမ်းမြောက်ခြင်းမရှိ။**

၅။ နှုတ်ကပတ်တော်နှင့်အညီသွန်သင်ဆုံးမသောအခါ၊ သင်းအုပ်ဆရာကိုမမုန်းဘဲ အသက်တာမှာပြုပြင်၍၊ အသစ်တဖန်ခွန်အားယူပါ။

**ဂ၊ ၄း၈-၁၇ ကိုယ်ကာယ၌ငါခံရသော စုံစမ်းခြင်းကို သင်တို့ သည်မထီမဲ့မြင်မပြု၊ ငါကိုမပယ်၊ ဘုရားသခင်၏ ကောင်းကင်တမန်ကဲ့သို့ရင်း၊ ယေရှုခရစ်ကဲ့သို့ရင်း၊ လက်ခံကြ၏။ ၁၅ သို့ဖြစ်လျှင် သင်တို့ခံရသောမင်္ဂလာကား အဘယ်မင်္ဂလာနည်း။ အထက်ကကိုယ်မျက်စိကိုထုတ်၍ ငါ့အား ပေးနိုင်လျှင်၊ ပေးခြင်းငှါသင်တို့အလိုရှိ သည်ဟု ငါသက်သေခံ၏။ ၁၆ယခုမူကား၊ ငါသည်သမ္မာတရားကို သင်တို့အား ဟောပြောသောကြောင့် သင်တို့၏ရန်သူဖြစ်သလော။**

**၂ကော၊ ၁၃း၈-၉ငါတို့သည်သမ္မာတရားကို ဆီးတားခြင်းငှါ အလျှင်းမတတ်နိုင် ကြ။ ၉ သမ္မာတရားဘက်၌နေ၍သာ တတ်နိုင်ကြ၏။ ငါတို့သည်အားနည်း၍ သင် တို့သည်အားကြီးသောအခါ၊ ငါတို့သည် ဝမ်းမြောက်ခြင်းရှိကြ၏။ သင်တို့သည် စုံလင်မည်အကြောင်းကိုသာ အလိုရှိကြ၏။**

**တ၊ ၂း၄၂ထိုသူအပေါင်းတို့သည်လည်းသန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်၍၊ ဝိညာဉ်တော်သည်ဟောပြောသော အခွင့်ကို ပေးတော်မူသည်အတိုင်း အမျိုးမျိုး သောဘာသာစကားအားဖြင့်ဟောပြောကြ၏။**

၆။ သင့်ကိုချစ်၍နှုတ်ကပတ်တော်နှင့်အညီသွန်သင်း၊ ပေးသော သင်၏သင်းအုပ် ဆရာ၏မကောင်းကြောင်းနှင့် အားနည်းချက်များကိုအပြင်ဘက်မှာဖြစ်စေ၊ အတွင်း

မှာဖြစ်စေ မပြောသင့်ပါ။

**ယာကုပ်၊ ၅း၁၂ ငါ့ညီအစ်ကိုတို့၊ ခပ်သိမ်းသောအမှုအရာတို့တွင် ကျိန်ဆိုခြင်းကို သာ၍ ရှောင်ကြလော့။ ကောင်းကင်ဘုံကို တိုင်တည်၍ မကျိန်ကြနှင့်။ မြေကြီးကို တိုင်တည်၍ မကျိန်ကြနှင့်။ ထိုမှတပါး၊ အဘယ်အကျိန်အားဖြင့်မျှ မကျိန်ကြနှင့်။ အပြစ်စီရင်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း၊ သင်တို့စကားမှာ၊ ဟုတ်သည်ကို အဟုတ်၊ မဟုတ်သည်ကို မဟုတ်ဖြစ်စေကြလော့။**

၇။ သင်မပျက်စီးဖို့ရန်နှင့် လမ်းမလွဲသွားအောင် နှုတ်ကပတ်တော်နှင့်အညီ သွန်သင် ဆုံးမပေးပြီး လမ်းမှန်သို့ရောက်အောင် ခေါ်ဆောင်ပေးသော သင်၏သင်းအုပ်ဆရာ နှင့်အတူတကွရပ်တည်ပါ။

**၂ကော၊ ၁၃း၈-၉ ငါတို့သည်သမ္မာတရားကို ဆီးတားခြင်းငှါ အလျှင်းမတတ်နိုင် ကြ။ ဧသမ္မာတရားဘက်၌နေ၍သာ တတ်နိုင်ကြ၏။ ငါတို့သည်အားနည်း၍ သင် တို့သည်အားကြီးသောအခါ၊ ငါတို့သည် ဝမ်းမြောက်ခြင်းရှိကြ၏။ သင်တို့သည် စုံလင်မည်အကြောင်းကိုသာ အလိုရှိကြ၏။**

၈။ သင်ဘုရားကျောင်းပုံမှန်မရောက်လာသောအခါ၊ အမြဲတမ်းစိတ်မကောင်းဖြစ်၍ နေမကောင်းဘူးလားဟူ၍ ယူဆပြီး သင်ဘုရားကျောင်းသို့ပြန်ရောက်လာမှ စိတ်ထဲ မှာဝမ်းမြောက်ခြင်းရှိသည်ကို မှတ်ထားပါ။

**ဒေသနာ၊ ၄း၉-၁၂လူသည်တယောက်တည်းထက် နှစ်ယောက် သာ၍ကောင်း**

၏။ ကြိုးစားအားထုတ်လျှင်၊ ကောင်းသော အကျိုးကို ရတတ်၏။ ၁၀ တယောက်လဲလျှင် တယောက်ထူလိမ့်မည်။ တယောက်တည်းသောသူလဲလျှင်မူကား အကျိုးနည်းပြီ။ ထူသော သူမရှိ။ ၁၁ လူသည် နှစ်ယောက်အတူအိပ်လျှင် နွေးတတ် ၏။ တယောက်တည်းသောသူမူကား၊ အဘယ်သို့ နွေးနိုင် သနည်း။ ၁၂ လူတယောက်သည် တယောက်ကိုနိုင်လျှင် ထိုလူကိုနှစ်ယောက် ဆီးတားနိုင်၏။ သုံးလွန်းတင်သော ကြိုးသည်လည်း အလွယ်တကူမပြတ်တတ်။

၉။ သင်ကိုယ်တိုင်နှင့် သင်၏မိသားစုများအတွက်သော်၎င်း၊ ကယ်တင်ခြင်းသို့မရောက်သေးသောသင်၏ဆွေမျိုးသားချင်းများအတွက်သော်၎င်း၊ အမြဲတမ်းသတိရဆုတောင်းပေးနေသည်ကိုလဲ၊ မမေ့ဘဲသတိရပါ။

ဧ၊ ၁း၁၇-၁၉ဆုတောင်းသောအချက်ဟူမူကား၊ ငါတို့သခင် ယေရှုခရစ်၏ဘုရားသခင်ဖြစ်တော်မူသော ဘုန်းကြီး သော အဘခမည်းတော်သည် ကိုယ်တော်မြတ်ကို သိခြင်း အလို့ငှါ ပညာကို၎င်း၊ ထိုးထွင်းသောဉာဏ်ကို၎င်း၊ သင်တို့အား ပေးပါမည်အကြောင်း၊ ၁၈ခေါ်တော်မူသောကြောင့် မြော်လင့်ရသောအရာကား အဘယ်အရာဖြစ်သည်ကို၎င်း၊ သန့်ရှင်းသူတို့ သည် ခံရသောအမွေတော်၏ ဘုန်းစည်းစိမ်ကား အဘယ်မျှလောက်ကြီးသည်ကို၎င်း၊ ၁၉ယုံကြည်သောငါတို့၌ ပြတော်မူသော အလွန်ကြီးလှစွာသော တန်ခိုးတော်ကား အဘယ်မျှလောက်ကြီး သည်ကို၎င်း၊ သင်တို့သည်သိစေခြင်းငှါ၊ သင်တို့၏ ဉာဏ်မျက်စိကို လင်းစေပါမည်အကြောင်း ဆုတောင်း ပဌနာပြု၏။

၁၀။ သမ္မာတရားကို သွန်သင်၍၊ သစ္စာရှိစွာဖြင့် စေတနာထား၍လမ်းပြနေသော သင်၏သင်းအုပ်ကို မထီမဲ့မြင်ပြု၍၊ သူတစ်ပါးအရှေ့၌အရှက်ခွဲခြင်းများကိုမပြုလုပ်သင့်ချေ။

**သု၊ ၈း၁၃ ထာဝရဘုရားကို ကြောက်ရွံ့သောသဘောကား၊ ဒုစရိုက်ကိုမုန်းသောသဘောတည်း။ မာနထောင်လွှား ခြင်း၊ စော်ကားခြင်း၊ မကောင်းသော လမ်းသို့လိုက်ခြင်း၊ ကောက်သောစကားဖြင့်ပြောဆိုခြင်းတို့ကို ငါမုန်း၏။**

**သု၊ ၁၀း၁၃-၁၄ဉာဏ်ကောင်းသောသူသည် ပညာစကားကို ပြောတတ်၏။ ဉာဏ်မဲ့သောသူ၏ကျောအဘို့မူကား ကြိမ်လုံးရှိ၏။ ၁၄ ပညာရှိသောသူတို့သည် ကြားသိသောအရာကို သိမ်းထားတတ်၏။ မိုက်သောသူ၏နှုတ်မူကား၊ အကျိုး နည်းခြင်းနှင့်နီးစပ်၏။**

၁၁။ အခြားသောဧည့်သည်ဆရာများသည်သင်၏ အိမ်သို့လည်သည်ဖြစ်စေ၊ ညအိပ်တည်းခိုသည်ဖြစ်စေ၊ သင်းအုပ်၏အားနည်းချက်များကိုဇင်း၊ မစုံလင်ခြင်းများကိုဇင်း၊ အသင်းတော်၌ မလုပ်မိ မကိုင်မိ သတိမထားမိသော အရာများကိုမပြောပါနဲ့။

**သု၊ ၁၂း၁၈ သန်လျက်နှင့်ထိုးသကဲ့သို့ စကားပြောတတ် သော လူတချို့ရှိ၏။ ပညာရှိတို့၏ လျှာမူကား အနာကို ပင် ပျောက်စေတတ်၏။**

**သု၊ ၁၂း၂၁-၂၃မုသာသုံးသောနှုတ်ခမ်းသည် ထာဝရဘုရား စက်ဆုပ်ရွံရှာတော်မူဘွယ်ဖြစ်၏။ သစ္စာတရားကို စောင့် ရှောက်သောသူတို့မူကား၊ နှစ်သက်တော်မူဘွယ်ဖြစ်ကြ ၏။ ၂၃ပညာသတိရှိသောသူသည် မိမိသိသောအရာ ကိုပင် ထိမ်ဝှက်တတ်**

**၏။ မိုက်သောသူမူကား၊ မိမိစိတ် အလိုအလျောက်မိုက်သောသဘောကို ထင်ရှားပြ တတ် ၏။**

၁၂။ သင်၏အသက်တာ၊ အပြောအဆို၊ အကျင့်အကြံ၊ အပြုအမူ၊ အနေအထိုင်များ အားဖြင့် အားနည်းစေသောသူမဖြစ်စေဘဲ၊ ခွန်အားယူစရာနှင့် ဘုရားဘုန်းတော် အတွက်ဖြစ်စေပါ။

**၁တိ၊ ၄း၁၂ သင်၏ အသက်အရွယ်နုပျိုသည်ကို အဘယ်သူမျှ မထီမဲ့မြင် မပြု စေနှင့်။ စကားပြောခြင်း၊ ကျင့်ကြံပြုမူ ခြင်း၊ သူတပါးကိုချစ်ခြင်း၊ ဝိညာဉ်သဘောရှိ ခြင်း၊ သစ္စာစောင့်ခြင်း၊ စင်ကြယ်ခြင်းအရာမှာ၊ ယုံကြည်သောသူတို့အား ပုံသက်သေ ကို ပြလော့။**

၁၃။ သင်းအုပ်၏အပြစ်သို့မဟုတ်၊ မပြုလုပ်သင့်သောအပြုအမူသတင်းများကိုကြား လျှင် သေချာစွာလေ့လာခြင်းမရှိဘဲ၊ ကိုယ်တိုင်မေးမြန်းခြင်း၊ တိကျမှန်ကန်သော အဖြေကိုမသိဘဲလျက် သင်းအုပ်ကိုဝေဖန်အပြစ်တင်ကဲ့ရဲ့ခြင်းမပြုလုပ်ရ၊ သင်းအုပ် ကိုဝမ်းနည်းစေသောသူမဖြစ်ရ။

**၁တိ၊ ၅း၁၉-၂၁သက်သေခံနှစ်ဦးသုံးဦးမရှိလျှင်၊ သင်းအုပ်၌ အပြစ်တင်သော စကားကို နားမထောင်နှင့်။ ၂၀ ကြွင်းသောသူတို့သည် ကြောက်စေခြင်းငှါ အပြစ်ရှိ သော သူတို့ကို လူအပေါင်းတို့ရှေ့မှာ အပြစ်တင် ၍ ဆုံးမလော့။ ၂၁ ရှေ့မဆွကမ စီရင်၊ ငဲ့ကွက်သောစိတ်နှင့်အလျှင်းမပြုဘဲ၊ ဤပညတ်များကို စောင့်ရှောက်မည်**

**အကြောင်း၊ ဘုရားသခင်နှင့် သခင်ယေရှုခရစ်မှာရင်း၊ ရွေးကောက်တော်မူသော ကောင်းကင်တမန်တို့ ရှေ့မှာရင်း၊ ငါသည် သင့်ကို သစ္စာပေး၏။**

၁၄။ သင်းအုပ်ဆရာများသည် ဝိညာဉ်အစာကိုနေ့တိုင်းကျွေးမွေးသလို သင်သည်လည်း ကိုယ်ခန္ဓာပိုင်း၌လိုအပ်သောအရာများအားဖြင့် သင်၏သင်းအုပ် ဆရာများကိုကျွေးမွေးစောင့်ရှောက်နိုင်သည်ကို မမေ့ပါနဲ့။

**၁တိ၊ ၅း၁၇-၁၉ကောင်းမွန်စွာ အုပ်သောသင်းအုပ်တို့သည် အလျှုနှစ်ဆကို ခံထိုက်သောသူဖြစ်သည်ဟူ၍ရင်း၊ တရားဟောခြင်း၊ ဆုံးမဩဝါဒပေးခြင်းအမှုကို ကြိုးစားအားထုတ်သောသူတို့သည်။ အလျှုနှစ်ဆကို အထူးသဖြင့် ခံထိုက်သောသူဖြစ်သည်ဟူ၍ရင်း မှတ်ရမည်။ ၁၈အကြောင်းမူကား၊ စပါးနင်းနယ်သောနွား၏ နှုတ်ကိုမချုပ်တည်းရဟုကျမ်းစာလာ၏။ တချက်ကား၊ လုပ်ဆောင်သောသူသည် အခကို ခံထိုက်ပေးသည်ဟု လာပြန်၏။ ၁၉ သက်သေခံနှစ်ဦးသုံးဦးမရှိလျှင်၊ သင်းအုပ်၌ အပြစ်တင်သော စကားကို နားမထောင်နှင့်။**

၁၅။ သင်းအုပ်သည်လည်း လူသားဖြစ်သောကြောင့်အာနည်းခြင်းများ ရှိတတ်သည်၊ ထို့ကြောင့်သင်းအုပ်ကို အားပေးသောသူ၊ ထောက်မသောသူ၊ ဘေးကနေသူနှင့်အတူ ရပ်တည်ပေးသောသူဖြစ်ပါစေ။

**ထွက်၊ ၁၇း၈-၁၂ထိုအခါ အာမလက်လူတို့သည် လာ၍၊ ရေဖိဒိမ်အရပ်၌ ဣသရေလလူတို့ကို စစ်တိုက်ကြ၏။ ၉မောရှေကလည်း၊ လူတို့ကို ရွေး၍ အာမလက်လူ**

တို့ကို စစ်တိုက်ခြင်းငှာ ထွက်လော့။ နက်ဖြန်နေ့၌ ဘုရားသခင်၏လှံတံကို ကိုင်လျက်၊ တောင်ထိပ်ပေါ်မှာ ငါရပ်နေမည်ဟု ယောရှုအားဆို၏။ ၁၀မောရှေမှာလိုက်သည် အတိုင်း ယောရှုပြု၍၊ အာမလက်လူတို့ကို စစ်တိုက်လေ၏။ မောရှေ၊ အာရုန်၊ ဟုရ တို့သည် တောင်ထိပ်ပေါ်သို့ တက်ကြ၏။ ၁၁ မောရှေသည် လက်ကို ချီသောအခါ၊ ဣ သရေလလူတို့သည် နိုင်ကြ၏။ လက်ကို ချသောအခါ၊ အာမလက်လူတို့သည် နိုင် ကြ၏။ ၁၂ သို့ရာတွင် မောရှေ၏လက်သည် ညောင်းသောကြောင့်၊ သူတို့သည် ကျောက်ကိုယူ၍ မောရှေကို ထိုင်စေပြီးလျှင်၊ အာရုန်နှင့် ဟုရတို့သည် တယောက် တဘက်နေ၍ သူ၏လက်ကို မကြ၏။ သို့ဖြစ်၍ နေဝင်သည်တိုင်အောင် သူ၏လက်တို့သည် အမြဲနေလေ၏။

၁၆။ စစ်မှန်သော သင်းအုပ်ကိုဂရုစိုက်၍ တန်ဖိုးထားသောသူဖြစ်ပါစေ။

ဧ၊ ၁း၁၉-၂၁ ထိုကြောင့်၊ သင်တို့သည် တကျွန်းတနိုင်ငံသားမဟုတ်၊ ဧည့်သည် လည်းမဟုတ်၊ သန့်ရှင်းသူတို့၏ အမျိုးသားခြင်း ဖြစ်ကြ၏။ ဘုရားသခင်အိမ်တော် သားလည်း ဖြစ်ကြ၏။ ၂၀ အဘယ်သို့နည်းဟူမူကား၊ တမန်တော်တို့မှစ၍ ပရော ဖက်များတည်းဟူသော တိုက်မြစ်အပေါ်၌ သင်တို့သည် ထပ်ဆင့်၍ တည်ဆောက် လျက်ရှိကြ၏။ ၂၁ ထိုတိုက်ထောင့်အမြစ်ကျောက်ကား၊ ယေရှုခရစ်ဖြစ်သတည်း။ ထို ကျောက်နှင့်တတိုက်လုံးသည် စေ့စပ်၍ ကြီးပွားသဖြင့်၊ သခင်ဘုရားအဘို့အလိုငှါ သ န့်ရှင်းသော ဗိမာန်တော်ဖြစ်၏။

၁၇။ စစ်မှန်သော သင်းအုပ်ကိုပုန်ကန်သောသူ၊ ငြင်းပယ်သောသူမဖြစ်မပါစေနဲ့။

**တော၊ ၁၆း၂၈-၃၅မောရှေကလည်း၊ ဤအမှုအလုံးစုံတို့ကို ငါသည် အလိုလိုမပြု၊ ထာဝရဘုရား စေခိုင်းတော်မူ၍ ငါပြုသည် အကြောင်းကို သင်တို့သည် အဘယ်သို့ သိရမည်နည်း ဟူမူကား၊ ၂၉ ခပ်သိမ်းသော လူသတ္တဝါတို့ခံရသော သေခြင်း၊ ခပ်သိမ်းသော လူသတ္တဝါတို့ ခံရသော ဆုံးမခြင်းကိုသာ ဤလူတို့ ခံရလျှင်၊ ထာဝရဘုရားသည် ငါ့ကို စေလွှတ် တော်မမူ။ ၃၀ သို့မဟုတ် ထာဝရဘုရားသည် အသစ်ဖန်ဆင်း တော်မူသဖြင့်၊ မြေကြီးကွဲပွင့်လျက် ဤလူတို့ကိုရင်း၊ သူတို့ နှင့်ဆိုင်သမျှကိုရင်း မျို၍၊ သူတို့သည် အသက်ရှင်လျက် သေမင်းနိုင်ငံသို့ ဆင်းသွားလျှင်၊ ထာဝရဘုရား၌ ပြစ်မှား ကြောင်းကို သင်တို့သည် သိနားလည်ကြရလိမ့်မည်ဟု၊ ၃၁ ပြောဆိုပြီးသည်အဆုံး၌၊ သူတို့နင်းရာ မြေကြီး သည် ကွဲ၍၊ ၃၂ မိမိခံတွင်းကို ဖွင့်သဖြင့်၊ သူတို့နှင့် သူတို့အိမ် များကိုရင်း၊ ကောရနှင့် ဆိုင်သမျှသော သူတို့နှင့် သူတို့ ဥစ္စာရှိသမျှကိုရင်း မျိုလေ၏။ ၃၃ ထိုသူတို့သည် ကိုယ်တိုင်မှစ၍၊ ဆိုင်သမျှသော သူတို့နှင့်တကွ၊ အသက်ရှင်လျက် သေမင်းနိုင်ငံသို့ ဆင်း သက်၍၊ သူတို့အပေါ်မှာ မြေစေ့ပြန်သဖြင့်၊ သူတို့သည် ပရိသတ်မှ ပယ်ရှင်းခြင်းကို ခံရကြ၏။ ၃၄ သူတို့အော်ဟစ်သံကို ပတ်ဝန်းကျင်၌ရှိသော ဣသရေလအမျိုးသားတို့သည် ကြားလျှင်၊ ငါတို့ကိုလည်း မြေမျိုကောင်းမျိုလိမ့်မည်ဟု စိုးရိမ်လျက် ပြေးကြ၏။ ၃၅ နံ့သာပေါင်းကို မီးရှို့၍ ပူဇော်သောသူ နှစ်ရာ ငါးဆယ်တို့ကိုလည်း၊ ထာဝရဘုရားထံတော်က မီးထွက်၍ လောင်လေ၏။**

၁၈။ စစ်မှန်သော သင်းအုပ်ကိုပြုစုစောင့်ရှောက်သောသူ၊ သင်းအုပ်ကိုချစ်သောသူ၊ သင်းအုပ်၏စကားကိုနားထောင်သောသူဖြစ်ပါစေ။

**၁ရာ၊ ၁၅း၂၂-၂၈ရှမွေလကလည်း၊ ထာဝရဘုရား၏အမိန့်တော်ကို နားထောင်ခြင်း၌ အားရတော်မူသကဲ့သို့ မီးရှို့ရာ ယဇ်အစရှိသော ယဇ်မျိုးတို့ကို ပူဇော်ခြင်း၌ အားရတော်မူမည်လော။ အလိုတော်သို့ လိုက်ခြင်းသည် ယဇ်မျိုးထက်သာ၍ ကောင်း၏။ နားထောင်ခြင်းသည် သိုးထီးဆီဥထက်သာ၍ ကောင်း၏။ ၂၃ ငြင်းဆန်သော သဘောသည် နတ်ဆိုးနှင့်ပေါင်းခြင်းကဲ့သို့ရင်း၊ ခိုင်မာသော သဘောသည် ဗေဒင်တန် ဆာကို သုံးခြင်းကဲ့သို့ရင်း အပြစ်ကြီး၏။ သင်သည် ထာဝရဘုရား၏ စကားတော်ကို ပယ်သောကြောင့်၊ ထာဝရဘုရားသည် ရှင်ဘုရင်အရာကို နှုတ်၍ သင့်ကို ပယ်တော်မူပြီဟု ဆို၏။ ၂၄ ရှောလုကလည်း၊ အကျွန်ုပ်သည် ပြစ်မှားပါပြီ။ လူများကို ကြောက်၍ သူတို့စကားကို နားထောင်သော ကြောင့်၊ ထာဝရဘုရား၏ အမိန့်တော်ကိုရင်း၊ ကိုယ်တော်၏ စကားကိုရင်း လွန်ကျူးပါပြီ။ ၂၅ အကျွန်ုပ်အပြစ်ကို သည်းခံတော်မူပါ။ အကျွန်ုပ်သည် ကိုယ်တော်၏ ဘုရားသခင် ထာဝရဘုရားကို ကိုးကွယ်မည်အကြောင်း၊ အကျွန်ုပ်နှင့်အတူ ပြန်လာပါဟု တောင်းပန်သော်လည်း၊ ၂၆ ရှမွေလက၊ သင်နှင့်အတူ ငါမပြန်။ သင်သည် ထာဝရဘုရား၏ အမိန့်တော်ကို ပယ်သောကြောင့်၊ ထာဝရဘုရားသည် ဣသရေလ ရှင်ဘုရင်အရာကို နှုတ်၍ သင့်ကို ပယ်တော်မူပြီဟု ရှောလုအား ဆိုပြီးမှ၊ ၂၇ လှည့်သွားသောအခါ ရှောလုသည် ရှမွေလ၏ ဝတ်လုံစွန်းကို ကိုင်ဆွဲ၍ ဝတ်လုံစုတ်လေ၏။ ၂၈ ရှမွေလကလည်း၊ ယနေ့**

**ထာဝရဘုရားသည် ဣသရေလနိုင်ငံကို သင်မှ ဆုတ်ယူ၍၊ သင့်ထက်ကောင်း သော သင်၏ အိမ်နီးချင်းအား ပေးတော်မူပြီ။**

၁၉။ စစ်မှန်သော သင်းအုပ်ကို ဘုရားကရွေးချယ်၍၊ သိုးများကိုထိန်းဖို့ရန် ဘုရားက ခွဲခန့်ထားခြင်းဖြစ်သည်ကိုလက်ခံပါ၊ မိမိဆန္ဒအားဖြင့်သော်ငင်း၊ ကြိုးစားအားထုတ် ခြင်းဖြင့်သော်ငင်း၊ ဖြစ်လာသည်မဟုတ်ကြောင်းကိုသိပါ။

**ဧ၊ ၄း၁၁-၁၂ခရစ်တော်၏ကိုယ်တော်ကိုတည်ဆောက်၍ ဓမ္မဆရာ၏အမှုကို ပြု တတ်မည်အကြောင်း၊ ၁၂ သန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလို့ငှါ၊ ထိုသခင်သည် လူအချို့တို့ကို တမန်တော်အရာ၌ငင်း၊ အချို့ကို ပရောဖက်အရာ၌ငင်း၊ အချို့ကို သာသနာပြုအရာ၌ငင်း၊ အချို့တို့ကို သင်းအုပ်ဆရာ၊ ဆရာအရာ၌ငင်း၊ ခန့်ထားတော် မူ၏။**

၂၀။ စစ်မှန်သော သင်းအုပ်ကို ပုန်ကန်၍ ဆန့်ကျင်ခြင်းသည် ဘုရားသခင်ကို တိုက်ရိုက် ပုန်ကန်ခြင်းနှင့် ဆန့်ကျင်ခြင်းဖြစ်သည်ကိုသိပါ။

**တော၊ ၁၂း၁-၁၁မောရှေသည် ကုရှအမျိုးသားမိန်းမနှင့် စုံဘက် သည်ဖြစ်၍၊ ထို မိန်းမကြောင့် မိရိအံနှင့် အာရုန်သည် မောရှေကို အပြစ်တင်လျက်၊ ၂အကယ်၍ ထာဝရဘုရားသည်၊ မောရှေအား ဖြင့်သာ ဗျာဒိတ်ပေးတော်မူသလော။ ငါတို့အားဖြင့် လည်း ပေးတော်မမူလောဟု ဆိုကြ၏။ ထိုစကားကို ထာဝရ ဘုရားကြားတော်မူ၏။ ၃မောရှေသည် မြေကြီးပေါ်မှာရှိနေသော သူ အပေါင်းတို့ထက် သာ၍ နူးညံ့သိမ်မွေ့**

သော သဘော ရှိ၏။ ၄ထာဝရဘုရားကလည်း၊ သင်တို့သုံးယောက် သည် ပရိသတ်စည်းဝေးရာ တဲတော်သို့ ထွက်သွားကြ လော့ဟု မောရှေ၊ အာရုန်၊ မိရိအံတို့အား ချက်ခြင်း မိန့်တော်မူ၍ သူတို့သည် ထွက်သွားကြ၏။ ၅ ထာဝရဘုရားသည် မိုဃ်းတိမ်တိုင်ဖြင့် ဆင်း သက်၍၊ ပရိသတ်စည်းဝေးရာ တဲတော်တံခါးဝ၌ ရပ် လျက်၊ အာရုန်နှင့် မိရိအံကို ခေါ်တော်မူ၍၊ သူတို့သည် ချဉ်းကပ်ကြ၏။ ၆ထာဝရဘုရားကလည်း၊ ငါ့စကားကို နားထောင် ကြလော့။ သင်တို့တွင် ပရောဖက်ရှိလျှင်၊ ငါထာဝရဘုရား သည် ထိုသူ၌ ထူးဆန်းသော ရူပါရုံအားဖြင့် ကိုယ်ကို ပြမည်။ သို့မဟုတ် အိပ်မက်အားဖြင့် ဗျာဒိတ်ပေးမည်။ ၇ အိမ်တော်တအိမ်လုံး၌ သစ္စာစောင့်သော ငါ့ ကျွန်မောရှေသည် ထိုသို့မဟုတ်။ ၈ သူ၌ ဗျာဒိတ်ပေးသောအခါ၊ နက်နဲသောစကား အားဖြင့် မပေး၊ ကိုယ်တိုင်ကိုယ်ကြပ် ထင်ရှားစွာ ဗျာဒိတ် ပေးမည်။ သူသည် ထာဝရဘုရား၏ ပုံသဏ္ဌာန်ကိုလည်း မြင်ရမည်။ သို့ဖြစ်၍ သင်တို့သည် ငါ့ကျွန်မောရှေကို အဘယ့်ကြောင့် အပြစ်တင်ဝံ့သနည်းဟု မိန့်တော်မူ လျက်၊ ၉ အမျက်တော်ထွက်၍ ထာဝရဘုရား ကြွသွား တော်မူသဖြင့်၊ ၁၀ မိုဃ်းတိမ်သည် တဲတော်အပေါ်မှ ကွာသွား၏။ မိရိအံသည်လည်း၊ နူနာစွဲ၍ မိုဃ်းပွင့်ကဲ့သို့ ဖြူလေ၏။ အာရုန်ကြည့်၍ မိရိအံနူသည်ကို မြင်လျှင်၊ ၁၁ အို အကျွန်ုပ်သခင်၊ အကျွန်ုပ်တို့သည် မိုက်သောအမှုကို ပြုမိ၍ ပြစ်မှားသောအပြစ်ကို အကျွန်ုပ်တို့အပေါ်မှာ တင်တော်မမူပါနှင့်၊ အကျွန်ုပ်တောင်းပန်ပါ၏။

၂၀။ စစ်မှန်သော သင်းအုပ်များသည်ဘုရားသခင်၏အစေခံကျွန်များဖြစ်သော

ကြောင့် သူတို့၏ကောင်းကြီးပေးခြင်းများနှင့်၊ အမျက်ထွက်၍ ကျိန်ဆိုပြောဆိုခြင်း များသည် အလွန်ကြောက်ဖို့ကောင်းကြောင်း အမှန်ဖြစ်သည်ကိုဝင်း၊ သတိရပါ။

**တ၊ ၁၃း၄-၁၂ထိုသို့သန့်ရှင်းသော ဝိညာဉ်တော် စေလွှတ် တော်မူသောအားဖြင့်၊ ထိုသူတို့သည် သေလုကိမြို့သို့ သွား၍ ထိုမြို့မှ သင်္ဘောနှင့် လွှင့်သဖြင့်၊ ကုပရုကျွန်းသို့ ရောက်ကြ၏။ ၅ ရှာလမိမြို့၌ရှိနေစဉ်၊ ယုဒတရားစရပ်များတွင် ဘုရားသခင်၏ နှုတ်ကပတ် တရားတော်ကို ဟောပြော ကြ၏။ ယောဟန်သည်လည်း ထိုသူတို့၏ လက်ထောက် ဖြစ်သတည်း။ ၆တကျွန်းလုံးကို ရှောက်၍ပါဖုမြို့သို့ရောက်လျှင်၊ ၇ ဗာ ယေရှုအမည်ရှိသော ယုဒအမျိုးသား မိစ္ဆာပရောဖက် ဖြစ်သော နတ်ဝိဇ္ဇာအတတ်သမား ကို မြို့ဝန် မင်းသေရဂိပေါလု ထံ၌တွေ့ကြ၏။ ထိုမြို့ဝန်သည် ပညာသတိရှိသဖြင့်၊ ဗာ နဗနှင့်ရှောလုတို့ကို ခေါ်ပင့်၍ ဘုရားသခင်၏ နှုတ်ကပတ်တရားတော် ကိုနာလိုသော စိတ်ရှိသော်၊ ၈ အနက်အားဖြင့် နတ်ဝိဇ္ဇာအတတ်သမားဟု ဆိုလိုသော လေုမ အမည် ရှိသောထိုသူသည် မြို့ဝန်ကို ယုံကြည်ခြင်းမှ လွှဲအံ့သောငှါ တမန်တော်တို့ကို ဟန့်တား လေ၏။ ၉ထိုအခါပေါလုဟု အမည်တွင်သော ရှောလု သည် သန့်ရှင်း သော ဝိညာဉ် တော်နှင့်ပြည့်သဖြင့်၊ ထို နတ်ဝိဇ္ဇာအတတ်သမားကို စေ့စေ့ကြည့်ရှုလျက်၊ ၁၀လှည့် ဖြားခြင်း၊ အကျိုးကိုဖျက်ခြင်း အမျိုးမျိုး နှင့်ပြည့်စုံသော မာရ်နတ်၏သား၊ ဖြောင့် မတ်ခြင်း တရား၏ ရန်သူ၊ သင်သည်ထာဝရ ဘုရား၏ ဖြောင့်မတ် သော လမ်းခရီး တို့ကို မဖျက်ဆီးဘဲမနေနိုင်သလော။ ၁၁ ယခုပင်ထာဝရဘုရား၏ လက်တော်သည် သင့်အပေါ်သို့ ရောက်၍၊ နေကိုမျှမမြင်နိုင်အောင် အင်တန် ကာလပတ်လုံး သင်၏**

မျက်စိကွယ်လိမ့်မည်ဟု ပေါလုဆိုသော ခဏခြင်းတွင်မျက်စိမြေးရှက်၍ မှောင်မိုက်အတိဖြစ်သဖြင့်၊ လက်ဆွဲပေးသော သူတို့ကို ရှာလျက် တလည်လည်ရှိ၍နေ၏။ ၁၂ ထိုအကြောင်းအရာကိုမြင်လျှင်၊ မြို့ဝန်သည် ယုံကြည်ခြင်းသို့ ရောက်၍၊ သခင်ဘုရား၏ ဒေသနာ တော်ကို အလွန်အံ့ဩမိန်းမော၍ နေ၏။

တ၊ ၂၆း၁၂-၁၅ ထိုမြို့မှထွက်ပြန်လျှင် မင်းမှုလွတ်သော မြို့ တည်း ဟူသော မာကေဒေါနိပြည်တပိုင်းကို အစိုးရသော ဖိလိပ္ပိမြို့သို့ရောက်၍ ကာလ အတန်အရာနေကြ၏။ ၁၃ ဥပုသ်နေ့၌ ငါတို့သည် မြို့ပြင်သို့ထွက်လျှင်၊ ပဌနာစရပ် ရှိတတ်ရာမြစ်နားသို့သွား၍ ထိုင်ပြီးမှ၊ ထိုအရပ်၌စည်းဝေးသော မိန်းမတို့အားဟောပြောကြ၏။ ၁၄ ထိုအခါ နီမောင်သောအထည်အလိပ်ကို ရောင်းသော သွာတိုရဲမြို့သူ လုဒိအမည်ရှိသော မိန်းမတယောက်သည် ဘုရားသခင်ကို ကိုးကွယ်သောသူဖြစ်၍၊ တရားနာစဉ်တွင် ပေါလုဟောပြောသော အရာကို မှီဝဲဆည်းကပ်စေခြင်းငှါ သူ၏စိတ်နှလုံးကို သခင်ဘုရား ဖွင့်တော်မူ၏။ ၁၅ထိုမိန်းမသည် အိမ်သူအိမ်သားတို့နှင့်တကွ ဗတ္တိဇံကို ခံပြီးမှ၊ ကျွန်မသည် သခင်ဘုရား၌ အမှန် ယုံကြည်သည်ကို သင်တို့သည် ထင်မှတ်လျှင်၊ ကျွန်မအိမ်သို့ ဝင်၍ နေကြပါဟုတောင်းပန်လျက် ငါတို့ကို အနိုင် သွေးဆောင်လေ၏။ ၁၆ ထိုနောက်မှ ငါတို့သည် ပဌာနာစရပ်သို့ သွား စဉ်တွင် နတ်ဝင်ဖြစ်၍ အနာဂတ်ကိုဟောသဖြင့်၊ မိမိ သခင်တို့အား စီးပွားများကို ပြုတတ်သော မိန်းမငယ်တယောက်သည် ငါတို့ကိုဆီးကြိုလေ၏။

# အသင်းတော်၌အသင်းသူ/အသင်းသားများ၏ တာဝန်ဝတ္တရားများ

၁။ ကိုယ့်နာမည်စာရင်းထည့်သွင်းထား၍ ပါဝင်နေသောအသင်းတော်အပေါ်မှာ သစ္စာရှိစွာဖြင့် အဦးသီးများကို မှန်မှန်ပေးခြင်းဖြင့် ပုံသက်သေကောင်းကိုပြ၍ ခရစ်တော်၏တရားကိုကျင့်သောသူဖြစ်ဖို့ရန်လိုအပ်သည်

**တောလည်ရာကျမ်း၊ ၁၈း၈-၂၀တဖန် ထာဝရဘုရားသည် အာရုန်အား မိန့် တော်မူသည်ကား၊ ဣသရေလအမျိုးသားတို့သည် သန့် ရှင်းစေ၍ ဆက်ကပ်သမျှသော ပူဇော်သက္ကာတို့အထဲက၊ ငါ့အား ချီးမြှောက်သော ပူဇော်သက္ကာတို့ကို သင်၌အပ်၍၊ သင်နှင့်သင်၏သားတို့အဘို့ ဖြစ်စေခြင်းငှါ၊ ထာဝရ ပညတ်တရားအားဖြင့် ငါ ပေး၏။ ၉ မီးသို့မရောက်၊ သန့်ရှင်းသော အရာထဲက သင် တို့ဆိုင်သောအရာဟူမူကား၊ ဣသရေလအမျိုးသား လှူသောဥစ္စာ၊ ဘောဇဉ်ပူဇော်သက္ကာ၊ အပြစ်ဖြေရာယဇ်၊ ဒုစရိုက်ဖြေရာယဇ်ပူဇော်လေသမျှတို့သည် သင်နှင့် သင် ၏သားတို့အဘို့ သန့်ရှင်းရကြမည်။ ၁၀ သန့်ရှင်းရာဌာန၌ စားရမည်။ ယောက်ျား အပေါင်းတို့သည် စားရသောအခွင့်ရှိ၏။ သင်တို့အဘို့ သန့်ရှင်းပေ၏။ ၁၁ ထိုမှတပါး ဣသရေလ အမျိုးသားတို့ ပူဇော် သော ချီမြှောက်ရာ ပူဇော်သက္ကာ၊ ချီလှဲ့ရာ ပူဇော်သက္ကာ တို့ကို၊**

သင်နှင့် သင်၏သားသမီးတို့အား ထာဝရပညတ် တရားအားဖြင့် ငါပေးပြီ။ သင့်အိမ်၌ သန့်ရှင်းသော သူ အပေါင်းတို့သည် စားရသောအခွင့်ရှိ၏။ ၁၂ ဣသရေလအမျိုးသားရွေး၍ ထာဝရဘုရား အား ပူဇော်သမျှ အကောင်းဆုံးသောဆီ၊ အကောင်းဆုံး သော စပျစ်ရည်၊ အကောင်းဆုံးသော ဂျုံစပါးကို သင်တို့ အား ငါပေးပြီ။ ၁၃ ထာဝရဘုရားထံတော်သို့ ဆောင်ခဲ့သမျှ အဦး မှည့်သော သစ်သီးကိုလည်း သင်ဆိုင်ရမည်။ သင့်အိမ်၌ သန့်ရှင်းသော သူအပေါင်းတို့သည် စားရသောအခွင့် ရှိ၏။ ၁၄ ဣသရေလအမျိုး၌ ကျိန်ဆို၍ ပူဇော်သမျှတို့ကို လည်း သင်ဆိုင်ရမည်။ ၁၅ အဦးဘွားသောသား၊ လူဖြစ်စေ၊ တိရစ္ဆာန် ဖြစ်စေ၊ ထာဝရဘုရားထံတော်သို့ ဆောင်ခဲ့သမျှတို့ကို သင်ဆိုင်ရမည်။ သို့ရာတွင် လူ၏သားဦးနှင့် မစင်ကြယ် သော တိရစ္ဆာန်၏သားဦးကို အမှန်ရွေးရမည်။ ၁၆ ရွေးရသော သားတို့ကို အသက်တလလွန်မှ၊ သင်အဘိုးပြတ်သည်အတိုင်း ဂေရနှစ်ဆယ်နှင့်မျှသော အကျပ်တော်အလိုက် ငွေငါးကျပ်နှင့် ရွေးရမည်။ ၁၇ နွားသားဦး၊ သိုးသားဦး၊ ဆိတ်သားဦးသည် သန့်ရှင်းသောကြောင့် မရွေးရ။ သူ၏အသွေးကို ယဇ် ပလ္လင်ပေါ်မှာ ဖြန်းရမည်။ ဆီဥကိုလည်း ထာဝရဘုရားအတို့ မွှေးကြိုင်သောအနံ့ရှိစေ၍၊ မီးဖြင့် ပူဇော်သက္ကာ ပြုရမည်။ ၁၈ အသားမူကား ချီလွှဲရာပူဇော်သက္ကာ၏ရင်ပတ် နှင့် လက်ျာပခုံးကဲ့သို့ သင့်အတို့ ဖြစ်ရမည်။ ၁၉ ဣသရေလအမျိုးသားတို့သည် သန့်ရှင်းစေ၍ ထာဝရဘုရားအား ဆောင်ခဲ့သော ပူဇော်သက္ကာရှိသမျှ တို့ကို သင်နှင့်သင်၏ သားသမီးတို့အား ထာဝရပညတ် တရားအားဖြင့် ငါပေးပြီ။ သင်အစရှိသော သင်၏အမျိုး အန္တယ်နှင့်ဆို၍ ထာဝရဘုရား

ရှေ့တော်၌ ဆားနှင့်ယှဉ် သော ထာဝရပဋိညာဉ်ဖြစ်သတည်းဟု မိန့်တော်မူ၏။ ၂၀ တဖန် ထာဝရဘုရားသည် အာရုန်အား မိန့် တော်မူသည်ကား၊ ဣသရေလအမျိုးသားတို့ နေရာပြည်၌ သင့်အမွေခံရာမြေ၊ သူတို့နှင့်ရော၍ ပိုင်သောအဘို့ မရှိရ။ ငါသည်ကား သူတို့တွင် သင်ပိုင်သောအဘို့ သင့်အမွေ ဥစ္စာဖြစ်၏။

သု၊ ၃း၉-၁၀သင်သည်ကိုယ်ဥစ္စာနှင့် အဦးသီးသော အသီး အနှံရှိသမျှကို ထာဝရဘုရားအား ပူဇော်လော့။ ၁၀ သို့ပြုလျှင်၊ သင်၏စပါးကျီတို့သည် ကြွယ်ဝ၍၊ စပျစ်သီးနယ်ရာ တန်ဆာတို့ကို အသစ်သော စပျစ်ရည် လျှံလိမ့်မည်။

၂။ ကိုယ်ပါဝင်နေသောအသင်းတော်ရှိနေလျှက်ပင် ကိုယ့်နာမည်စာရင်ထည့်သွင်းထားခြင်းမရှိသောအသင်းတော်၌ အဦးသီးများကိုမပေးရန် သတိပြုဖို့လိုသည်။

နေဟာမိ၊ ၁၀း၃၄-၃၉ပညတ္တိကျမ်းစာ၌ ရေးထားသည်အတိုင်း၊ ငါတို့ဘုရားသခင် ထာဝရဘုရား၏ ယဇ်ပလ္လင်ပေါ်မှာ မီးမွှေးစရာထင်း ပူဇော်သက္ကာကို၊ တနှစ်တနှစ်လျှင် ချိန်းချက်သော အချိန်တို့၌၊ အဆွေအမျိုးအလိုက် ငါတို့ဘုရားသခင်၏ အိမ်တော်သို့ဆောင်ခဲ့ရမည် အကြောင်း၊ ယဇ်ပုရောဟိတ် လေဝိသားပြည်သူပြည်သားတို့သည် စာရေးတံပြုကြ၏။ ၃၅ အဦးသီးသော မြေအသီးအနှံနှင့် အဦးသီးသော သစ်သီးအမျိုးမျိုး ကို ဗိမာန်တော်သို့ နှစ်တိုင်း ဆောင်ခဲ့ရမည်အကြောင်း၊ ၃၆ ပညတ္တိကျမ်းစာ၌ရေးထားသည်အတိုင်း၊ အဦး ဘွားသောသားယောက်ျားနှင့် အဦးဘွားသော သိုးနွား အစရှိသည်တို့ကို၊ ဗိမာန်တော်၌ အမှုစောင့်သော ယဇ် ပုရောဟိတ်တို့ရှိရာ ဗိမာန်တော်သို့ ဆောင်ခဲ့ရမည် အကြောင်း၊ ၃၇

**အဦးလုပ်သော မုန့်စိမ်း၊ ပူဇော်သက္ကာ၊ သစ်သီး အမျိုးမျိုး၊ စပျစ်ရည်၊ ဆီကို ယဇ်ပုရောဟိတ်တို့ရှိရာ ဗိမာန်တော် အခန်းသို့ရင်း၊ လယ်လုပ်သော မြို့ရွာရှိသမျှ တို့၌ မြေအသီးအနှံဆယ်ဘို့တဘို့ကို လေဝိ သားတို့ထံသို့ ရင်း၊ ဆောင်ခဲ့ရမည်အကြောင်း စီရင်ထုံးဖွဲ့ကြ၏။ ၃၈ လေဝိသားတို့သည် ဆယ်ဘို့တဘို့ကို ခံယူသော အခါ၊ အာရုန် အမျိုး ယဇ်ပုရောဟိတ်ရှိရမည်။ လေဝိသား တို့သည်လည်း ဆယ်ဘို့တဘို့ထဲက ဆယ် ဘို့တဘို့ကို နှုတ် ယူ၍ ဗိမာန်တော်အခန်း ဘဏ္ဍာတိုက်ထဲသို့ သွင်းရကြ မည်။ ၃၉ လေဝိသားအစရှိသော ဣသရေလအမျိုးသား တို့သည် ဆန်စပါး၊ စပျစ်ရည်၊ ဆီ ပူဇော်သက္ကာတို့ကို သန့်ရှင်းရာဌာနတော်တန်ဆာ၊ အမှုစောင့်ယဇ်ပုရော ဟိတ်၊ တံခါး စောင့်၊ သီချင်းသည်တို့ရှိရာ အခန်းသို့ ဆောင်ခဲ့ရကြမည်။ ငါတို့ ဘုရားသခင်၏ အိမ်တော်ကို ငါတို့သည် စွန့်ပစ်၍ မထားရကြ။**

၃။ အဦးသီးများသည် ဘုရား၏ဥစ္စာများဖြစ်သောကြောင့် ကိုယ့်မိသားစု အသိုင်းအဝိုင်းများကလဲ အားရပါးရ စားသောက်ခြင်းများကိုမပြုရ၊ အဘယ်ကြောင့် ဆိုသော် ဘုရားသခင်၏စကားကိုနားမထောင် ဘုရားကိုမထီမဲ့မြင်ပြုရာရောက်သော ကြောင့်ဖြစ်သည်။

**ထွက်၊ ၁၃း၁၅ ဖာရောဘုရင်သည်၊ ငါတို့ကို အလွယ်တကူ မလွှတ်ဘဲနေ သောအခါ၊ အဲဂုတ္တုပြည်၌ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ သားဦးအပေါင်းတို့ကို ထာဝရဘုရား ကွပ်မျက်တော်မူ၏။ ထိုကြောင့် အဦးဘွားသော တိရစ္ဆာန် အထီးရှိ**

သမျှတို့ကို ထာဝရဘုရားအား ယဇ်ပူဇော်ရမည်။ ကိုယ်သားတို့တွင် သားဦးကို ရွေးရမည်ဟု ပြန်ဆိုရမည်။

၄။ ဆယ်ဘို့တစ်ဘို့သည် ဘုရားသခင်၏ဥစ္စာဖြစ်သည်ကို အမှန်သိပြီးလက်ခံရမည်ဖြစ်သည်။ ဆယ်ဘို့တစ်ဘို့ကို ကိုယ်ပါဝင်နေသောအသင်းတော်၌သာပေးရမည်။

တော၊ ၁၈း၂၀-၂၄တဖန် ထာဝရဘုရားသည် အာရုန်အား မိန့် တော်မူသည်ကား၊ ဣသရေလအမျိုးသားတို့ နေရာပြည်၌ သင့်အမွေခံရာမြေ၊ သူတို့နှင့်ရော၍ ပိုင်သောအဘို့ မရှိရ။ ငါသည်ကား သူတို့တွင် သင်ပိုင်သောအဘို့ သင့်အမွေ ဥစ္စာဖြစ်၏။ ၂၁လေဝိသားတို့သည် ပရိသတ်စည်းဝေးရာ တဲတော်အမှုကို ဆောင်ရွက်သောကြောင့်၊ သူတို့အမွေခံ စရာ ဣသရေလအမျိုးသားတို့၏ ဥစ္စာဆယ်ဘို့တဘို့ကို ငါပေးပြီ။ ၂၂ ယခုမှစ၍ ဣသရေလအမျိုးသားတို့သည် ကိုယ်အပြစ်ကို ခံ၍ သေဘေးနှင့် မတွေ့မည်အကြောင်း၊ ပရိသတ်စည်းဝေးရာ တဲတော်အနီးအပါးသို့ မချဉ်းမကပ်ရကြ။ ၂၃ လေဝိသားတို့သည် ပရိသတ်စည်းဝေးရာ တဲ တော်အမှုကို ဆောင်ရွက်၍၊ ကိုယ်အပြစ်ကို ကိုယ်ခံရကြ မည်။ သူတို့သည် ဣသရေလအမျိုးသားတို့နှင့် ရော၍ အမွေမခံရကြဟု သင်တို့အမျိုးအစဉ်အဆက် စောင့်ရ သော ပညတ်ဖြစ်သတည်း။ ၂၄ ဣသရေလအမျိုးသားတို့သည် ထာဝရဘုရား အား ပူဇော်သကာပြုသော ကိုယ်ဥစ္စာဆယ်ဘို့တဘို့ကို၊ လေဝိသားအမွေခံစရာဘို့ ငါပေးပြီ။ ထို့ကြောင့် သူတို့ သည် ဣသရေလအမျိုးသားတို့နှင့် ရော၍ အမွေမခံရဟု ငါ့အမိန့်တော်ရှိ၏။

၅။ ဆယ်ဘို့တစ်ဘို့ကို မိမိ၏သားမယား၊ မိမိ၏မိသားစုက စားရမည့် အစာမဟုတ် သောကြောင့် ကိုယ်ပါဝင်နေသောအသင်းတော်၌မှန်ကန်စွာပေးသောသူဖြစ်ရမည်။

**တော၊ ၁၈း၂၅-၃၂တဖန် မောရှေအား ထာဝရဘုရားက၊ သင် သည် လေဝိသား တို့အား ဆင့်ဆိုရမည်မှာ၊ ၂၆ သင်တို့အမွေခံစရာ ငါပေးသော ဣသရေလ အမျိုးသားတို့၏ ဥစ္စာဆယ်ဘို့တဘို့ကို သင်တို့သည် ခံယူ သောအခါ၊ ထိုအဘို့ကို ဆယ်ဘို့ဘို့ ပြန်၍ တဘို့ကို ထာဝရ ဘုရားအား ပူဇော်သက္ကာပြုရကြမည်။ ၂၇ ထို ပူဇော်သက္ကာကို၊ ကောက်နယ်တလင်းထဲက ယူသော ဆန်စပါးကဲ့သို့၎င်း၊ စပျစ်သီး နယ်ရာ ကျင်းထဲက ယူသောစပျစ်ရည်ကဲ့သို့၎င်း၊ သင်တို့အဘို့ မှတ်ရလိမ့် မည်။ ၂၈ ထိုသို့ သင်တို့သည် ဣသရေလအမျိုးသားတို့မှ ခံယူသော ဆယ်ဘို့တဘို့ထဲက၊ ထာဝရဘုရားအား ပူဇော် သက္ကာပြုရကြမည်။ ထိုပူဇော်သက္ကာကိုလည်း၊ ယဇ်ပုရော ဟိတ်အာရုန်အား လှူရကြမည်။ ၂၉ သင်တို့ခံရသမျှသော အလှူတို့အထဲက အကောင်းဆုံးသောအဘို့ သန့်ရှင်းသောအဘို့ကို နှုတ်ယူ ၍ထာဝရဘုရားအား ပူဇော်သက္ကာပြုရကြမည်။ ၃၀ သို့ဖြစ်၍ သူတို့အား ဆင့်ဆိုရမည်မှာ၊ လေဝိသား တို့သည် အကောင်းဆုံးသောအဘို့ကို နှုတ်ယူပူဇော်ပြီးမှ၊ ကြွင်းသောအဘို့ကို ကောက်နယ်တလင်း၏ ကျေးဇူး၊ စပျစ်သီးနယ်ရာကျင်း၏ ကျေးဇူးကဲ့သို့ မိမိတို့အ ဘို့ မှတ်ရ လိမ့်မည်။ ၃၁ ထိုကြွင်းသောအဘို့ကို၊ ကိုယ်တိုင်မှစ၍ အိမ်သူ အိမ်သား တို့သည် စားချင်သောအရပ်ရပ်၌ စားရသော အခွင့်ရှိ၏။ ပရိသတ်စည်းဝေးရာတဲ တော်၌ အမှုစောင့် သောအတွက် ငါချသောဆု ဖြစ်၏။ ၃၂ အကောင်းဆုံးသော အဘို့**

**ကို နှုတ်ယူပူဇော်ပြီးမှ၊ ကြွင်းသောအဘို့အားဖြင့် အပြစ်ရောက်စရာအကြောင်း မရှိ။ သေဘေးနှင့် မတွေ့မည်အကြောင်း၊ ဣသရေလ အမျိုးသားတို့၏ သန့်ရှင်းသော အရာတို့ကို မညစ်ညူးစေ ရဟု မိန့်တော်မူ၏။**

၆။ ဆယ်ဘို့တစ်ဘို့ကိုမပေးသောသူသည် ဘုရား၏ဥစ္စာကို ခိုးသောသူ၊ ဘုရားကိုစား မြတိုက်သောသူဖြစ်သည်ကိုသမ္မာကျမ်းစာဖော်ပြချက်အရ သိရသည်။ ကိုယ်ကိုတိုင် မဖြစ်ဖို့ရန်အလွန်အရေးကြီးသည်။

**မာလခိ၊ ၃း၈-၁၀လူသည် ဘုရားသခင်၏ဥစ္စာတော်ကို လုယူရ မည်လော။ သို့သော်လည်း၊ သင်တို့သည် ငါ့ဥစ္စာကို လုယူ ကြပြီ။ အကျွန်ုပ်တို့သည် အဘယ်သို့ လုယူပါသနည်းဟု သင်တို့မေးလျှင်၊ ဆယ်ဘို့တဘို့ကိုရင်း၊ ပူဇော်သက္ကာတို့ ကိုရင်း လုယူကြပြီ။ ၉ သင်တို့သည် ကျိန်ခြင်းအမင်္ဂလာကို ခံရကြ၏။ အကြောင်းမူကား၊ ပြည်သူပြည်သားအပေါင်းတို့သည် ငါ့ ဥစ္စာကို လုယူကြပြီ။ ၁၀ ဆယ်ဘို့တဘို့ရှိသမျှ ကို ဘဏ္ဍာတိုက်ထဲသို့ သွင်း ၍၊ ငါ့အိမ်တော်၌ စားစရာရှိစေခြင်းငှါ ပြုကြလော့။ ငါ သည် မိုဃ်းကောင်းကင်ပြတင်းပေါက်တို့ကို ဖွင့်၍ ကောင်းကြီးမင်္ဂလာကို အကုန်အစင်သွန်းလောင်းမည် မသွန်းလောင်းမည်ကို ထိုသို့ စုံစမ်းကြလော့ဟု ကောင်း ကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။**

၇။ ကိုယ်ပါဝင်နေသော အသင်းတော်၌ ဆယ်ဘို့တစ်ဘို့ကိုမပေးဘဲ၊ ဆယ်ဘို့တစ်ဘို့ ကိုစုထား၍အရင် သင်းအုပ်ဆရာအားရင်း၊ အခြားသောနိုင်ငံ၌ရှိသော ဆရာအား

ရင်း၊ ပို့ပေးခြင်းများကိုမပြုရ၊ ပို့လိုလျှင် ဆယ်ဘို့တစ်ဘို့မဟုတ်သော ကိုယ့်ငွေကိုပို့ လို့ရသည်ကို မမေ့ပါနဲ့။ ဆယ်ဘို့တစ်ဘို့သည်ကိုယ်ပါဝင်နေသော အသင်းတော်၌သာ လှူင်ပေးရမည်။

**သု၊ ၁၁း၂၅စွန့်ကြဲတတ်သောသူသည် ကြွယ်ဝလိမ့်မည်။ သူတပါးကို ရေလောင်း သော သူသည် ကိုယ်တိုင် ရေလောင်းခြင်း အကျိုး ကို ခံရလိမ့်မည်။**

၈။ ဆယ်ဘို့တစ်ဘို့ကိုသေချာစွာစုထား၍ အခြားသောဝေံဂေလိတရားဟော ဆရာ များကိုမပေးရ၊ အမြဲတမ်းဝိညာဉ်အစာကို ကျွေးမွေးပေးနေသော၊ သင်ပါဝင်နေ သောအသင်းတော်၌သာပေးရမည်၊ ဆယ်ဘို့တစ်ဘို့ကိုမဟုတ်ပဲအလှူငွေအားဖြင့် လည်းပါဝင်ဖို့ရန်ဖြစ်သည်။

**ဂ၊ ၆း၈မိမိဇာတိပကတိ၌ မျိုးစေ့ကြဲသောသူသည် ဇာတိပကတိအားဖြင့် ပုပ် ပျက်ခြင်းအသီးအနှံကို ရိတ်ရလိမ့် မည်။ ဝိညာဉ်ပကတိ၌ မျိုးစေ့ကြဲသောသူသည် ဝိညာဉ်ပကတိအားဖြင့် ထာဝရအသက်ရှင်ခြင်း အသီးအနှံကို ရိတ်ရလိမ့်မည်။**

၉။ ဆယ်ဘို့တစ်ဘို့ကိုစုထား၍ အသင်းချုပ်သို့ကိုယ်မျက်နှာရအောင် ပို့ပေးခြင်းများ မပြုလုပ်သင့်ချေ။

၁၀။ အသင်းတော်တိုးတက်ဖို့ရန်နှင့် အောင်မြင်ဖို့ရန် အထောက်အကူဖြစ်စေသော အလှူငွေများကို ကိုယ်ပါဝင်နေသောအသင်းတော်၌ ပေးလှူဖို့ရန်လိုအပ်သည်ကို မ

မေ့ပါနဲ့ အသင်းတော်၌သင်တန်းများပြုလုပ်ခြင်း၊ ကလေးသူငယ်များ၊ အမျိုးသမီး များသင်တန်းပြုလုပ်ခြင်း၌ပါဝင်နိုင်သည်ကိုမမေ့ပါနဲ့။

**၂ကော၊ ၉း၆-၇အနည်းငယ်သောမျိုးစေ့ကိုကြဲသောသူသည် စပါးအနည်းငယ် သာရိတ်ရမည်။ များစွာကြဲသောသူသည် များစွာရိတ်ရမည်ဟု မှတ်ကြလော့။ ၇လူ တိုင်း ကိုယ်အလိုအလျောက်လှူရ၏။ နှမြောသောစိတ်နှင့် မလှူရ၊ မလှူဘဲ မနေရဟု စိတ်ထင်နှင့် မလှူရ၊ အကြောင်းမူကား၊ စေတနာစိတ်နှင့်လှူသော သူကိုသာ ဘုရားသခင်နှစ်သက်တော်မူ၏။**

၁၁။ ကိုယ်ပါဝင်နေသောအသင်းတော်၊ ဝိညာဉ်အစာစားနေသောအသင်းတော် အကြောင်းကို အပြင်ပလူများထံ၌အတင်းများပြောခြင်း၊မကောင်းသတင်းများပြော ခြင်းများကိုလဲမပြုရ။ အသင်းဝင်လာကြမည့်သူများကိုဆီးတားခြင်းဖြစ်စေသော ကြောင့် မကောင်းပါ။

**တ၊ ၂၀း၂၈-၃၁ထိုကြောင့် ဘုရားသခင်၏ ကယ်တင်တော်မူ ခြင်း ကျေးဇူးတော် ကို တပါးအမျိုးသားတို့အား ပေးလိုက် သည်ဖြစ်၍၊ သူတို့သည်နားထောင်မည်အရာ ကို သင်တို့ သိမှတ်ကြလော့ဟု၊ ၂၉ ပေါလုပြောဆိုပြီးမှ၊ ယုဒလူတို့သည် သွား၍ အချင်းချင်းများစွာသော ဆွေးနွေးနီးနှောခြင်းရှိကြ၏။ ၃၀ထိုနောက်မှပေါလုသည် နှစ်နှစ်ပတ်လုံး မိမိငှါးသော အိမ်၌နေသဖြင့်၊ မိမိထံသို့လာသော သူအပေါင်း တို့ကို ဧ ည့်ခံ၍၊ ၃၁ အဘယ်သူမျှမမြစ်တားဘဲ၊ ဘုရားသခင်၏ နိုင်ငံတော် အကြောင်းကိုအ**

တည့်အလင်းဟောပြော၍၊ သခင်ယေရှုခရစ်၏ အကြောင်းများကို သွန်သင်ပြသလျက်နေ၏။

သင်ခန်းစာ ( ၁၃ )

# အသင်းသူ/အသင်းသားများ၏ကျင့်ဝတ်များ

**၁။ အသင်းတော်တစ်ပါးမှာတိတိကျကျပါဝင်ပါ**

ယနေ့ယုံကြည်သူများသည် ဟိုမရောက်၊ဒီမရောက်ဘဲကိုယ်ပါဝင်ချင်သော အသင်းတော်၌ပါဝင်နေကြတာကိုတွေ့နေရသည်။ တစ်ဦးဆိုရင်ဆယ်ဘို့တစ်ဘို့ထည့်နေသောနေရာကတစ်နေရာ၊ နှုတ်ကပတ်တော်ခံယူသောနေရာကတစ်နေရာ၊ အိမ်မှာကျေးဇူးတော်ချီးမွမ်းပွဲဖိတ်ကြားသောအခါ၊ အခြားအသင်းတော်က ဆရာတစ်ဦးဖြစ်နေတာမျိုးတွေ့ရှိနေတတ်ကြသည်။ ဘုရားသခင်နှင့် ယုံကြည်သူများကိုလှည့်ဖျား၍၊ အသင်းတော်နှစ်ပါးမှာ မပါဝင်ပါနဲ့၊ ပြတ်သားစွာဖြင့်အသင်းတော်တစ်ပါးကိုရွေးချယ်၍ပါဝင်သင့်သည်။

**ဗျာ၊ ၃း၁၄-၁၆လောဒိကိမြို့၌ရှိသော အသင်းတော်၏ တမန် ကို၎်သို့ ရေး၍မှာလိုက်လော့။ ဘုရားသခင်၏ ဝေနေယျသတ္တဝါတို့အထွဋ်၊ သစ္စာရှိ၍ ဟုတ်မှန်သောသက်သေခံ၊ အာမင်၏ အမိန့်တော်ကား၊ ၁၅သင်၏အကျင့်ကိုငါသိ၏။ သင်သည်အမေဟုတ်၊ အပူမဟုတ်သည်ကို ငါသိ၏။ ခြေင်းဖြစ်စေ။ ပူခြင်းဖြစ်စေ၊ တခုခုကိုငါအလိုရှိ၏။ ၁၆ ထိုသို့အမေဟုတ်၊ အပူမဟုတ်၊ နွေးရုံရှိသောကြောင့် ငါ၏ခံတွင်းသည် သင့်ကိုထွေးလုပြီ။**

## ၂။ သင့်ကြောင့်အခြားသောအင်္ဂါချင်းတွေကိုမထိခိုက်စေပါနဲ့

အသင်းတော်ရှိအခြားသောယုံကြည်သူတွေကိုမထိခိုက်အောင် သင့်ရဲ့အသက်ရှင်မှု၊လုပ်ဆောင်မှုတွေကို သတိပြုပြီးအသက်ရှင်ပါ။ အဘယ်ကြောင့်ဆိုသော် အသင်းတော်ရှိယုံကြည်သူတွေအားလုံးဟာ ခန္ဓာကိုယ်တစ်ခုရဲ့အင်္ဂါအစိတ် အပိုင်းတွေဖြစ်လို့ပါ။ ခန္ဓာအင်္ဂါ ကိုယ်ရှိအစိတ်အပိုင်းတစ်ခုခုကိုထိခိုက်ရင်အင်္ဂါအစိတ်အပိုင်းအားလုံးနာကျင်ရသောကြောင့်ဖြစ်သည်။

**၁တိ၊ ၄း၁၂ သင်၏ အသက်အရွယ်နုပျိုသည်ကို အဘယ်သူမျှ မထီမဲ့မြင် မပြုစေနှင့်။ စကားပြောခြင်း၊ ကျင့်ကြံပြုမူ ခြင်း၊ သူတပါးကိုချစ်ခြင်း၊ ဝိညာဉ်သဘောရှိခြင်း၊ သစ္စာစောင့်ခြင်း၊ စင်ကြယ်ခြင်းအရာမှာ၊ ယုံကြည်သောသူတို့အား ပုံသက်သေကို ပြလော့။**

## ၃။ ဆယ်ဘို့တစ်ဘို့ကိုသင်၏အသင်းတော်ကိုပဲပေးပါ

သင့်ရဲ့မိခင်အသင်းတော်ကိုဆယ်ဘို့တစ်ဘို့နဲ့အခြားသောအလှူငွေတွေပေးဖို့သင့်မှာတာဝန်ရှိတယ်ဆိုတာကိုသိပါ။ ဥပမာတစ်ခုပေးပါရစေ။ KFC ဆိုင်မှာစားပြီး၊ McDonald ဆိုင်မှာငွေသွားရှင်းတာဟာမိုက်မဲရာကျခြင်းဖြစ်သည်။

**ဟဂ္ဂဲ၊ ၁း၁-၁၁ဒါရိမင်းကြီးနန်းစံနှစ်နှစ်၊ ဆဋ္ဌမလတရက်နေ့ တွင်၊ ပရောဖက်ဟဂ္ဂဲအားဖြင့် ယုဒမြို့ဝန်၊ ရှာလသေလ သား ဇေရုဗဗေလနှင့် ယဇ်ပုရောဟိတ်မင်း ယောဇဒက် သား ယောရှုဆီသို့ ထာဝရဘုရား၏နှုတ်ကပတ်တော် ရောက်လာ၍၊၂ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့် တော်မူသည်ကား၊ အချိန်မရောက်သေး၊ ထာ**

ဝရဘုရား၏ အိမ်တော်ကို တည်ဆောက်ရသော အချိန်မရောက်သေး ဟု၊ ဤလူများ ပြောဆိုကြသည်မှာ၊ ၃ ပရောဖက် ဟဂ္ဂဲအားဖြင့် ထာဝရဘုရား၏ နှုတ် ကပတ်တော် ရောက်လာသည်ကား၊ ၄ အချင်းလူတို့၊ သင်တို့သည် အမိုးနှစ်ထပ်နှင့် ပြည့်စုံသော အိမ်၌ နေချိန်ရှိလျက်ပင်၊ အိမ်တော်ပျက် လျက် နေရမည်လော။ ၅ ယခုမှာ ကောင်း ကင်ဗိုလ်ခြေအရှင် ထာဝရ ဘုရားမိန့်တော်မူသည်ကား၊ ကိုယ်ကျင့်သော အကျင့်တို့ ကို ဆင်ခြင်ကြလော့။ ၆သင်တို့သည် များစွာသော မျိုးစေ့ကို ကြဲသော် လည်း အသီးအနှံနည်းပါးရ၏။ စားရသော်လည်း ဝစွာ မစားရကြ။ သောက်သော်လည်း ဝ စွာ မသောက်ရကြ။ အဝတ်ကို ဝတ်ရသော်လည်း နွေးစွာ မဝတ်ရကြ။ အလုပ် လုပ်၍ အခကို ခံရသော်လည်း မလုံသော အိတ်ထဲမှာ သိုထားရကြ၏။ ၇ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့် တော်မူသည်ကား၊ ကိုယ်အကျင့်တို့ကို ဆင်ခြင်ကြ လော့။ ၈ တောင်ပေါ်သို့ တက်သွား၍ သစ်သားကို ဆောင်ခဲ့ပြီးလျှင် အိမ်တော်ကို ဆောက်ကြလော့။ ငါသည် လည်း အားရ၍ ငါ၏ဘုန်းသည် ထင်ရှားလိမ့်မည်ဟု၊ ထာဝရဘုရား မိန့်တော်မူ၏။ ၉ သင်တို့သည် များစွာရမည်ဟု မျှော်လင့်သော် လည်း ရသောဥစ္စာခေါင်းပါးရ၏။ အိမ်သို့ ရောက်သော အခါ ငါမှုတ်လိုက်၏။ အဘယ် ကြောင့်နည်းဟု၊ ကောင်း ကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မေးတော်မူ၏။ ငါ့အိမ် သည် ပျက်လျက်ရှိသောကြောင့်ရင်း၊ သင်တို့သည် အသီး အသီး မိမိတို့အိမ်သို့ ပြေး သောကြောင့်ရင်း ဖြစ်သတည်း။ ၁၀ ထိုကြောင့် သင်တို့အပေါ်မှာ မိုဃ်းခေါင်သဖြင့် နှင်းမကျရ။ မြေသည်လည်း အသီးအနှံကို မပေးရ။ ၁၁ မြေပေါ်၌ရင်း၊ တောင်

**ပေါ်ခြင်း၊ ဆန်စပါး၊ ချိုသောစပျစ်ရည်၊ ဆီအပေါ်ခြင်း၊ မြေထဲကထွက်သမျှ အပေါ်ခြင်း၊ လူသတ္တဝါတိရစ္ဆာန်အပေါ်ခြင်း၊ လုပ် ဆောင်သမျှအပေါ်ခြင်း၊ သွေ့ခြောက်ခြင်းဘေးကို ငါမှာ လိုက်လေပြီဟု မိန့်တော်မူ၏။**

## ၄။ မင်္ဂလာဆောင်ခြင်း၊မိသားစုကျေးဇူးတော်ချီးမွမ်းခြင်းအစီအစဉ်တွေမှာသင့်ရဲ့ သင်းအုပ်ဆရာကိုပဲဦးဆောင်စေပါ

အခြားသောသင်းအုပ်ဆရာများ၊ဓမ္မဆရာများကိုဖိတ်ကြားနိုင်ပေမဲ့၊သင့်၏ သင်းအုပ်ဆရာကိုသာဦးဆောင်စေပါ။ အချို့ဆိုမိမိသင်းအုပ်ဆရာကိုမဖိတ်ပဲအခြား သောဆရာများကိုဖိတ်ကြားခြင်းများလုပ်ဆောင်နေခြင်းဟာ ဝမ်းနည်းစရာကောင်း လှပါတယ်။ ဒီလိုလုပ်ဆောင်နေခြင်းတွေဟာ ဆရာတွေအချင်းချင်းကိုရန်တိုက်ပေး နေခြင်းတွေနဲ့ တူနေပါသည်။

**၁တိ၊ ၄း၁၄-၁၅ ဗျာဒိတ်တော်ကို ခံ၍၊ သင်းအုပ်များတို့သည် လက်တင်ခြင်းနှင့် တကွ၊ သင်၌အပ်ပေးသော ဆုကျေးဇူး ကို မပြုစုဘဲမနေနှင့်။ ၁၅ သင်၏တိုးပွါးခြင်း ကို လူအပေါင်းတို့အား ထင်ရှားစေခြင်းငှါ။ ဤအရာများကို စိတ်စွဲလမ်း၍ ကြိုးစား အားထုတ်လော့။**

## ၅။ သင့်မိခင်အသင်းတော်အကြောင်းကိုမကောင်းမပြောပါနဲ့

သင်လက်ရှိပါဝင်နေတဲ့အခါမှာဖြစ်စေ၊အကြောင်းအမျိုးမျိုးကြောင့်အခြား သောအသင်းတော်တစ်ပါးကိုပြောင်းရွှေ့ရတဲ့အခါမှာဖြစ်စေ သင်ပါဝင်ခဲ့တဲ့အသင်း

တော်ကိုထိခိုက်စေမဲ့စကားများကိုလုံးဝမပြောသင့်ပါ။ အသင်းတော်ကိုပျက်စီးတဲ့လူကိုငါဖျက်ဆီးမယ်လို့ဘုရားပြောထားသောကြောင့်ဖြစ်သည်။

## ၆။ သင့်ရဲ့သင်းအုပ်ဆရာကိုလေးစားကြည် ညိုပါ

အသိထဲကသင်းအုပ် ဆရာ တစ်ပါးကိုဆရာလို့တပ်မခေါ်ပဲဦးလို့တပ်ပြီးခေါ်တာတွေတွေ့ရလို့စိတ်ထဲမှာဘဝင်မကျဖြစ်မိပါတယ်။ ရင်းနှီးလို့လည်းဖြစ်နိုင်ပါတယ်။ သို့သော်အချို့သောသူတွေရှေ့မှာတော့မလေးစားရာ၊မယျဉ်ကျေးရာကြပါလိမ့်မယ်။ ဆိုက်ကားနင်းသူဖြစ်စေ၊ Taxi သမားဖြစ်စေ၊ လေးစားမှုဖြင့်ဆရာလို့ပဲတပ်ခေါ်ကြပါတယ်။ ဒါကြောင့်အမှုတော်ဆောင်တွေကိုလည်းဆရာလို့တပ်ခေါ်တာဟာမခဲယဉ်းလောက်ပါဘူး။အများအားဖြင့်ငယ်ရွယ်တဲ့သင်းအုပ်ဆရာများကိုလေးစားဖို့မေ့နေတတ်ကြသည်။ ဆရာခေါ်ဖို့တောင် ဝင်လေးနေတာတွေတွေ့ဖူးပါတယ်။ လေးစားကြည် ညို မှုနဲ့ပတ်သက်ပြီး၊ဘာသာခြားတွေထံမှာလေ့လာသင်ယူဖို့လိုပါလိမ့်မယ်။ ဘယ်လောက်ပဲငယ်ရွယ်တဲ့ကလေးဖြစ်ပါစေသင်္ကန်းဝတ်လိုက်ရင်ကိုရင်လေးဖြစ်သွားပါပြီ၊ မိဘတွေတောင်ထိုင်ရှိခိုးရပါတယ်။ တချို့ကပြည့်စုံတဲ့သင်းအုပ်ကိုသာလေးစားကြည် ညိုလိုကြတယ်။ တကယ်တော့လောကမှာ ပြည့်စုံတဲ့သင်းအုပ်ဆိုတာမရှိပါဘူး။

**ရောမ၊ ၁၃း၇ ထို့ကြောင့်၊ လူအသီးအသီးခံထိုက်သည်အတိုင်း ပေးကြလော့။ အခွန်ကိုခံထိုက်သောသူအား အခွန်ကို ရင်း၊ အကောက်ကို ခံထိုက်သော သူအား**

အကောက်ကိုရင်း ပေးကြလော့။ ကြောက်ထိုက်သောသူကို ကြောက်ကြလော့။ ရိုသေထိုက်သောသူကို ရိုသေကြလော့။

ရောမ၊ ၁၂း၁၀ညီအစ်ကိုချစ်ခြင်းအရာမှာ၊ ပကတိပေါက်ဘော်ကဲ့သို့ တယောက်ကိုတယောက်စုံမက်ကြလော့။ ချီးမွမ်း ခြင်းအရာမှာ၊ သူတပါးကို ကိုယ်ထက်ချီးမြှောက်ကြလော့။

## ၇။ သင့်ရဲ့အားနည်းချက်များကိုကောင်းစေသောစိတ်နဲ့ထောက်ပြတဲ့အခါအသင်းတော်ကိုမစွန့်ပစ်ပါနဲ့

ပြုပြင်စေချင်လို့မေတ္တာနဲ့ထောက်ပြလာတဲ့အခါမှာစိတ်ကောက်ပြီးအသင်းတော်ကိုမလာပဲမနေပါနဲ့။ ဒါဟာသင့်ကိုအသင်းတော်ကဂရုစိုက်နေလို့ပါတယ်ဆိုတာကိုနားလည်ပါ။

သု၊ ၆း၂၃ အကြောင်းမူကား၊ ပညတ်တော်သည် မီးခွက် ဖြစ်၏။ တရားတော်သည် အလင်းဖြစ်၏။ အပြစ်ကို ပြတတ်သော ဩဝါဒစကားသည် အသက်လမ်းဖြစ်၏။

သု၊ ၂၈း၂၃ချော့မော့သောစကားကို ပြောသောသူသည် ကျေးဇူးကို ခံရသည်ထက်၊ ဆုံးမပြစ်တင်သောသူသည် နောက်တဖန် သာ၍ ကျေးဇူးကို ခံရလိမ့်မည်။

သု၊ ၁း၂၃-၂၈ငါဆုံးမသော စကားကို နားထောင်၍ ပြောင်း လဲကြလော့။ ငါ့ဝိညာဉ်ကို သင်တို့အပေါ်သို့ ငါသွန်း လောင်း၍၊ ငါ့စကား၏အနက်အဓိပ္ပါယ်ကို နားလည် စေမည်။ ၂၄ ငါသည်ခေါ်၍ သင်တို့သည် ငြင်းပယ်သော ကြောင့်၎င်း၊ ငါ့

လက်ကိုဆန့်၍ အဘယ်သူမျှမမှတ်သော ကြောင့်ရင်း၊ ၂၅ ငါသတိပေးခြင်းရှိသမျှကို သင်တို့သည်ပယ်၍၊ ငါဆုံးမသော စကားတခွန်းကို နားမခံဘဲနေသောကြောင့် ရင်း၊ ၂၆ သင်တို့သည် ဘေးဥပဒ်နှင့်တွေ့ကြုံသောအခါ ငါရယ်မည်။ ကြောက်မက်ဖွယ်သော အမှုရောက်သော အခါ ငါပြက်ယယ်ပြုမည်။ ၂၇ သင်တို့ ကြောက်မက်ဘွယ်သော အမှုသည် သုတ်သင်ပယ်ရှင်းခြင်းအမှုကဲ့သို့ရင်း၊ သင်တို့ပျက်စီးခြင်းအမှုသည် လေပြင်းမုန်တိုင်းကဲ့သို့ရင်း ရောက်လာ၍၊ သင်တို့သည်ဆင်းရဲခြင်း၊ ပူပန်ခြင်းနှင့် တွေ့ကြုံသော အခါ၊ ၂၈ ထိုအမှုရောက်သောသူတို့သည် ငါ့ကိုခေါ်သော်လည်း ငါမထူး။ ငါ့ကို ကြိုးစား၍ ရှာသော်လည်း မတွေ့ရကြ။

# အသင်းတော်ကိုပျက်စီးစေသောအသက်တာ အချက် ( ၂၁ ) ချက်

၁။ အသင်းတော်၌ ( ဩတ္တပ္ပစိတ်ပျတ်သောသူများနှင့်၊ မုသာကိုသုံးသောသူများ ကြောင့် အသင်းတော်ပျက်စီးသည်

**၁တိ၊ ၄း၁-၂ ဝိညာဉ်တော်သည် အတည့်အလင်းဗျာဒိတ်ထားတော်မူသည်ကား၊ နောင်ကာလ၌ ဩတ္တပ္ပစိတ်တွင် သံပူနှင့်ခတ်ခြင်းကိုခံပြီးလျှင်၊ မုသာစကားကို ပြောတတ်သော သူတို့၏ လျှို့ဝှက်ခြင်းအားဖြင့်၊ လူအချို့တို့သည် ယုံကြည်ခြင်းကို စွန့်ပယ်၍၊ ၂ လှည့်ဖြားတတ်သော စိတ်ဝိညာဉ်တို့၌၎င်း၊ နတ်ဘုရားတို့နှင့်စပ်ဆိုင်သော ဩဝါဒ တို့၌၎င်း မှီဝဲဆည်းကပ်ကြလိမ့်မည်။**

၂။ အသင်းတော်အထဲ၌သမ္မာတရားကိုမခံမယူသောများကြောင့် အသင်းတော်ကိုပျက်စီးသည်

**၂တိ ၄း၃-၄ အကြောင်းမူကား၊ နောင်ကာလ၌လူတို့သည် စင်ကြယ်သော ဩဝါဒကိုနားမခံနိုင်ဘဲ၊ ယားတတ်သော နားရှိလျှင်၊ မိမိတပ်မက်ခြင်းအတိုင်း များပြားသော ဆရာတို့နောက်သို့ လိုက်ကြလိမ့်မည်။ ၄ သမ္မာတရားကို နားမထောင်ဘဲ၊ ဒဏ္ဍာရီစကားကို နားထောင်၍ လွဲသွားကြလိမ့်မည်။**

၃။ အသင်းတော်၌ ( အတွင်း၌ကြမ်းတမ်းသောတောခွေး ) ကဲ့သို့အသက်ရှင်သောသူများကြောင့် အသင်းတော်ပျက်စီးသည်

**တ၊ ၂၀း၂၈-၃၁ထိုကြောင့် သင်တို့သည် ကိုယ်ကို သတိနှင့် ကြည့်ရှုကြလော့။ ဘုရားသခင်သည် မိမိအသွေးနှင့် ဝယ်တော်မူသောအသင်းတော်ကို လုပ်ကျွေးစေခြင်းငှါ၊ သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့ကို အအုပ် အချုပ် ခန့်ထားတော်မူသော သိုးစုတစုလုံးကိုလည်း သတိနှင့် ကြည့်ရှုကြလော့။ ၂၉ အကြောင်းမူကား၊ ငါမရှိသည်နောက်၊ ကြမ်းတမ်းသော တောခွေးတို့သည် သိုးများကို မသနားဘဲ သင်တို့အထဲသို့ဝင်မည်ကိုင်၄း၊ ၃၀ တပည့်တော်များကို သွေးဆောင်ခြင်းငှါ၊ မှားသောစကားကို ပြောတတ်သောလူတို့သည် သင်တို့အထဲ၌လည်း ပေါ်လာမည်ကိုင်၄း ငါသိ၏။ ၃၁ ထိုကြောင့် စောင့်ရှောက်၍နေကြလော့။ ငါသည်သုံးနှစ်ပတ် လုံးနေ့ညမပြတ်လူအပေါင်းတို့ကို မျက်ရည်နှင့်တကွ ဆုံးမ၍ နေကြောင်းကို အောက်မေ့ကြ လော့။**

၄။ အသင်းတော်အထဲ၌သင်းအုပ်ဆရာ၏အဆုံးအမကို မထီမဲ့မြင်ပြုခြင်း၊ စကားကိုနားမထောင်ခြင်းကြောင့်အသင်းတော်ပျက်စီးသည်

**တ၊ ၂း၄၁-၄၇ထိုစကားကို အသင့်နှလုံးသွင်းမိသော သူတို့သည် ဗတ္တိဇံကို ခံ၍၊ ထိုနေ့၌အရေအတွက်အားဖြင့် သုံး ထောင်မျှလောက်သော သူတို့သည်ဝင်ကြ၏။ ၄၂ ထိုသူများသည် တမန်တော်တို့၏ ဆုံးမဩဝါဒကိုခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်း၊ ပဌနာပြုခြင်းတို့ကို အမြဲဆောင်ရွက်၍နေကြ၏။ ၄၃ လူအပေါင်းတို့သည်ကြောက်လန့်ခြင်းရှိသည်ဖြစ်၍ တမန်တော်တို့သည် များစွာသောနိမိတ်လက္ခဏာ၊ အံ့ဘွယ်သောအမှုတို့**

ကို ပြုကြ၏။ ၄၄ ယုံကြည်သော သူအပေါင်းတို့သည် တစုတဝေးတည်းနေကြသဖြင့်၊ မိမိတို့၌ရှိသမျှကို ဆက်ဆံ၍ သုံးဆောင်ကြ၏။ ၄၅ မိမိတို့ဥစ္စာပစ္စည်းများကိုရောင်းပြီးလျှင်၊ လူများ ဆင်းရဲသည်အတိုင်း အသီးအသီးတို့အား ဝေ၍ခြင်းကို ပြုကြ၏။ ၄၆ ထိုသူတို့သည်လည်း ဗိမာန်တော်၌ နေ့တိုင်းအစဉ်တညီတညွတ်တည်းနေ၍၊ ကိုယ်အိမ်၌ မုန့်ကိုဖဲ့ လျက် ကြည်ဖြူရွှင်လန်းဝမ်းမြောက်သောစိတ်နှင့် အစာအာဟာရကိုသုံးဆောင်ကြ၏။၄၇ ဘုရားသခင်ကိုလည်းချီးမွမ်း၍ လူအပေါင်းတို့ရှေ့မှာ မျက်နှာပွင့်လန်းခြင်း အခွင့်ကိုရကြ၏။ ကယ်တင်ခြင်းသို့ ရောက်သောသူတို့ကိုလည်းနေ့စဉ်မပြတ်သခင်ဘုရားသည် သင်းဝင်စေတော်မူ၏။

၅။ အသင်းတော်၌ ဒယောတရပ်ကဲ့သို့အသက်ရှင်သောသူများရှိသောကြောင့် အသင်းတော်ပျက်စီးသည်

၃ယော၊ ၁း၉-၁၁ အသင်းတော်ထံသို့မှာစာကို ငါရေး၍ ပေးလိုက်လေပြီ။ သို့သော်လည်း၊ အကဲအမှူးလုပ်ချင်သော ဒယောတရပ်သည် ငါတို့အားအခွင့်မပေး။ ၁၀ ထိုကြောင့်၊ ငါလာသောအခါ သူသည် မိမိပြုသောအမှုကို မိမိသတိရစေခြင်းငှါ ငါပြုမည်။ ထိုသူ သည်၊ ငြူစူသောစကားနှင့် ငါတို့ကို ကဲ့ရဲ့သည်သာမက၊ ကဲ့ရဲ့ခြင်းနှင့် စိတ်မပြေဘဲလျက်၊ ညီအစ်ကိုတို့ကို ကိုယ်တိုင်လက်မခံ၊ လက်ခံချင်သောသူတို့ကိုလည်း မြစ်တား၍၊ အသင်းတော်ထဲကနှင်ထုတ်တတ်၏။ ၁၁ အချင်းချစ်သူ၊ မကောင်းသောနည်းကို မလိုက်နှင့်၊ ကောင်းသောနည်းကိုသာလိုက်လော့။ ကောင်းသောအကျင့်ကို ကျင့်သောသူသည်

**ဘုရားသခင်နှင့် စပ်ဆိုင်၏။ မကောင်းသောအကျင့်ကို ကျင့်သောသူမူကား၊ ဘုရားသခင်ကို မသိမမြင်ရပြီ။**

၆။ အသင်းတော်၌ ယောနကဲ့သို့ဘုရားထံမှထွက်သွားသောသူများရှိသောကြောင့်အသင်းတော်ပျက်စီးသည်

**ယောန၊ ၁း၄-၅ ထာဝရဘုရားသည်လည်း ပြင်းစွာသောလေကို ပင်လယ်ပေါ်သို့ စေလွှတ်တော်မူသဖြင့်၊ ပင်လယ်၌ ကြီး စွာသော မိုဃ်းသက်မုန်တိုင်းဖြစ်၍၊ သင်္ဘောသည် ပျက် လုသောလက္ခဏာရှိ၏။ ၅ ထိုအခါ သင်္ဘောသားတို့သည် ကြောက်ရွံ့၍ အသီးအသီး မိမိတို့ဘုရားကို အော်ဟစ်ကြ၏။ သင်္ဘောပေါ်စေခြင်းငှါ ဝန်များကိုလည်း ပင်လယ်ထဲသို့ ပစ်ချကြ ၏။ ယောနမူကား၊ သင်္ဘောဝမ်းထဲသို့ ဆင်း၍ အိပ်ပျော် လျက်နေ၏။**

၇။ အသင်းတော်၌ဘုရားသခင်ကိုနှုတ်ခမ်းနှင့်ရှိသေသောသူများ၍၊စိတ်နှလုံး၌ဘုရားနှင့်ဝေးသွားသောသူများကြောင့် အသင်းတော်ပျက်စီးသည်

**မဿဲ၊ ၁၅း၇ လျှို့ဝှက်သောသူတို့၊ ဟေရှာယသည် သင်တို့ကိုရည်မှတ်လျက် ဤလူမျိုးသည်နှုတ်နှင့်ငါ့ထံသို့ ချဉ်း ကပ်၍ နှုတ်ခမ်းနှင့်ငါ့ကို ရိုသေကြ၏။ စိတ်နှလုံးမူကား ငါနှင့်ဝေးလှ၏။**

၈။ အသင်းတော်၌ အာခန်ကဲ့သို့ အာခန်သောသူများရှိသောကြောင့် အသင်းတော်ပျက်စီးသည်

**ယောရှု၊ ၇း၁ သို့ရာတွင် ယုဒအမျိုး၊ ဇေရ၊ ဇာဗဒိ၊ ကာမိတို့မှ ဆင်းသက်သော အာခန်သည်၊ ကျိန်အပ်သောအရာကို သိမ်းယူ၍ ထိုအရာအားဖြင့် ဣ**

**သ ရေ လ အ မျိုး သား တို့ သ ည် ပြ စ်မှား သော အ ပြ စ် ရှိ သော ကြော င့် ၊ ထာဝရဘုရား သည် သူတို့၌ အမျက်ထွက်တော်မူ၏။**

၉။ အသင်းတော်၌ ရောနှောသောအသက်တာနှင့်အသက်ရှင်သောသူများကြော င့် အသင်းတော်၏ဂုဏ်အသရေကိုပျက်စီးသည်

**၁ကော၊ ၁၅း၃၃-၃၄ အလွဲမယူကြနှင့်။ မကောင်းသော သူတို့နှင့် ပေါင်းဘော်ခြင်းအားဖြင့် ကောင်းသော အကျင့်ဓလေ့ ယိုယွင်းတတ်၏။ ၃၄ တရားသဖြင့် နိုးကြလော့။ ဒုစရိုက်ကိုမပြုကြနှင့်။ အချို့သော သူတို့သည် ဘုရားသခင်ကို မသိကြ။ ထိုသို့ဆိုသော်၊ သင်တို့ကို ရှက်ကြောက်စေခြင်းငှါ ငါဆို၏။**

၁၀။ အသင်းတော်၌ဖာရိရှဲများကဲ့သို့အသက်ရှင်သောသူများရှိသောကြောင့် အ သင်းတော်ပျက်စီးသည်

**မဿဲ၊ ၂၃း၂၇-၂၈ လျှို့ဝှက်သော ကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊ သင် တို့သ ည် အ မ ဂ်လာ ရှိ ကြ ၏။ အ ကြော င်း မူ ကား ၊ အ ဖြူ သု တ်သော သင်္ချိုင်းတွင်းနှင့်တူကြ၏။ ထိုတွင်းသည် အပြင်၌တင့်တယ်စွာတကား။ အတွင်း၌ကား လူသေအရိုး၊ အညစ်အကြေးအမျိုးမျိုးနှင့် ပြည့်လျက်ရှိ၏။ ၂၈ ထိုအတူ သင်တို့သည်အပြင်၌ လူတို့ရှေ့မှာဖြောင့်မတ်ဟန်ရှိ၏။ အတွင်း၌ကား လျှို့ဝှက်ခြင်း၊ မတရား သဖြင့် ကျင့်ခြင်းနှင့် ပြည့်လျက်ရှိ ကြ၏။**

၁၁။ အသင်းတော်၌ ခရစ်တော်၌သူငယ်ကလေးများ များသောကြောင့်အသင်းတော်ပျက်စီးသည်

**၁ကော၊ ၃း၁-၃ ညီအစ်ကိုတို့၊ အထက်က ငါသည် ဝိညာဉ်လူတို့အား ဟောပြောသကဲ့သို့ သင်တို့အား ဟောပြော ရသော အခွင့်မရှိဘဲ၊ ဇာတိပကတိ လူတို့အားငှင်း၊ ခရစ်တော်၌ သူငယ်ကလေးတို့အားငှင်း၊ ဟောပြောသကဲ့ သို့ ဟောပြောရ၏။ ၂ ယခုတိုင်အောင်သင်တို့သည် ခဲဘွယ်စားဘွယ်ကို မကြေ နိုင်သောကြောင့် ငါမကျွေးရ၊ နို့ကိုသာ တိုက် ရ၏။ ယခုပင်လည်း၊ သင် တို့သည် မကြေနိုင်ကြသေး။ ၃ ယခုပင်လည်း၊ ဇာတိပကတိလူဖြစ်ကြ သေး၏။ ဂုဏ်ပြိုင်ခြင်း၊ ရန်တွေ့ခြင်း၊ အချင်းချင်းကွဲပြားခြင်း ရှိသည် ဖြစ်၍၊ သင်တို့သည်ဇာတိပကတိ လူဖြစ်ကြသည် မဟုတ်လော။ လောကီ ထုံးစံအတိုင်း ကျင့်ဆောင်ကြသည် မဟုတ်လော။**

၁၂။ အသင်းတော်၌ သစ္စာမရှိ၊အိမ်ထောင်ရေးဖောက်ပြန်သောသူများကြောင့် အသင်းတော်ပျက်စီးသည်

**၁ကော၊ ၅း၁-၆ မတရားသောမေထုန်သာမည မဟုတ်၊ အဘ၏ မယားကို သိမ်းယူခြင်းတည်းဟူသော သာသနာပလူတို့ တွင်ပင် မကြားရသော** မေထုန်၌မှိုဝဲသော သူသည် သင်တို့တွင် ရှိကြောင်းကို အနှံ့အပြားကျော်စောကြ **၏။ ၂ ထိုသို့ပြုသောသူကို သင်တို့အထဲမှ နှင်ထုတ်မည် အကြောင်း၊ စိတ် မသာ ညည်းတွားခြင်းကိုမပြု၊ မာန ထောင်လွှားလျက် နေကြ၏။ထိုကြောင့် ငါသည် ကိုယ်ခန္ဓာအားဖြင့် သင်တို့နှင့်ကွာလျက် ရှိသော်လည်း၊ ဝိညာဉ်အား ဖြင့် မကွာ၊ ကိုယ်တိုင်သင်တို့နှင့် အတူရှိသကဲ့သို့ ထိုသို့ကျင့်သောသူကို ယခု**

**ပင်ငါစီရင်ပြီ။ ၄ စီရင်ချက်ဟူမူကား၊ ငါတို့သခင်ယေရှုခရစ်၏ အခွင့်အား ဖြင့် သင်တို့သည် ငါ့ဝိညာဉ်နှင့်အတူ စည်းဝေးပြီးမှ ငါတို့သခင် ယေရှု ခရစ်၏ တန်ခိုးတော်ကို အမှီပြု၍၊ ၅ ထိုသူ၏ဝိညာဉ်သည် ယေရှု ခရစ်၏နေ့ရက်၌ ကယ်တင်ခြင်းသို့ ရောက်မည်အကြောင်း၊ သူ၏ကိုယ်ခန္ဓာ ပျက်စီးဘို့ရာ သူ့ကိုစာတန်လက်သို့ အပ်နှံကြစေဟု ငါစီရင်၏။ ၆သင်တို့၏ ဝါကြွားခြင်းသည် မကောင်းမသင့် ဖြစ်၏။ အနည်းငယ်သောတဆေးသည် မုန့်စိမ်းတပုံလုံး ကို ဖောင်းကြွစေတတ်သည်ကို မသိကြသလော။**

၁၃။ အသင်းတော်၌ တရားနာပေမဲ့၊ တရားကိုမကျင့် မလိုက်ရှောက်သောသူများ ကြောင့် အသင်းတော်ပျက်စီးသည်

**ရှင်ယာကုပ်၊ ၁း၂၂-၂၅ ကိုယ်ကိုကိုယ်လှည့်ဖြား၍၊ နှုတ်ကပတ် တရားကို နာရုံမျှသာပြုသောသူမဟုတ်၊ တရားကိုကျင့်သောသူ ဖြစ်ကြ လော့။ ၂၃တရားကိုမကျင့်ဘဲနာရုံမျှသာ ပြုသောသူမည်သည်ကား၊ မှန်၌ မိမိ ပကတိမျက်နှာကို ကြည့်သော သူနှင့်တူ၏။ ၂၄အကြောင်းမူကား၊ ကိုယ်ကို ကိုယ်ကြည့်ပြီးမှ၊ အခြားသို့သွား၍ မိမိအဆင်းသဏ္ဌာန်ကို ချက်ခြင်း မေ့လျော့တတ်၏။ ၂၅လွတ်ခြင်းနှင့် စပ်ဆိုင်၍စုံလင်သောတရား၌ စေ့စေ့ ကြည့်ရှု၍ တည်ကြည်သောသူမူကား၊ တရားနာ၍ မေ့လျော့သောသူမဟုတ်၊ အကျင့်ကျင့်သောသူဖြစ်သဖြင့်၊ မိမိကျင့်သောအကျင့်၌ မင်္ဂလာရှိသောသူ ဖြစ်၏။**

၁၄။ အသင်းတော်၌ ဘုရားကိုသိယောင်ဆောင်သောသူများ၍၊ အကျင့်အားဖြင့် ဘုရားကိုငြင်းပယ်သောသူများသောကြောင့် အသင်းတော်ပျစ်သည်

**တိတု၊ ၁း၁၆ သူတို့သည် ဘုရားသခင်ကို သိယောင်ဆောင်သော်လည်း ။ အကျင့်အားဖြင့်ဘုရားသခင်ကို ငြင်းပယ် ကြ၏။ စက်ဆုပ်ရွံ့ရှာဘွယ် သောသူ၊ နားမထောင်သောသူ၊ ကောင်းသောအမှုတခုကိုမျှ ပြုတတ်သော ဥာဏ် မရှိသောသူဖြစ်ကြ၏။**

၁၅။ အသင်းတော်၌ မိမိ၏နှုတ်လျှာကိုမထိန်းမသိန်းတတ်သောကြောင့်အသင်းတော်ကိုအသရေပျက်စေ၍၊ပျက်စီးစေသည်

**ယာ၊ ၃း၅-၆ ထိုနည်းတူ၊ လျှာသည်ငယ်သော အင်္ဂါဖြစ်သော်လည်း အလွန်ဝါကြွားတတ်၏။ အဘယ်မျှလောက် များစွာသောထင်းကို အနည်းငယ်သာ မီးသည်ညှိနိုင်သည်ကို ကြည့်ပါလော့။ ၆လျှာသည် မီးဖြစ်၏။ ဒုစရိုက်၏ လောကဓာတ်လည်းဖြစ်၏။ ထိုသို့နှင့်အညီ၊ လျှာသည် ငါတို့၏ အင်္ဂါတို့တွင်တည်၍ တကိုယ်လုံးကို ညစ်ညူးစေ၏။ ဇာတိစက်ကို လည်းရှို့တတ်၏။ မိမိသည်လည်း ငရဲမီးရှို့ ခြင်းကိုခံလျက်ရှိ၏။**

၁၆။ အသင်းတော်၌ ဟုမေနှင့်ဖိလက်ကဲ့သို့အသက်ရှင်သောသူများကြောင့် အသင်းတော်ကို ပျက်စီးစေသည်

**၂တိ၊ ၂း၁၆-၁၈ တရားမဲ့ဖြစ်သော အချည်းနှီးစကားကို ရှောင်လော့။ အကြောင်းမူကား၊ ထိုစကားသည် မတရားသော အမှုတို့ကို ပွါးများစေလိမ့်မည်။ ၁၇သူတို့၏စကားသည် ခူနာကဲ့သို့ စားလိမ့်မည်။ ထိုသူတို့တွင် ဟုမေနဲနှင့်ဖိလက်ပါသတည်း။ ၁၈သူတို့က သေလွန်သော သူတို့သည် ထမြောက်ကြပြီဟု ပြောလျက်၊ သမ္မာတရားလမ်းမှ လွဲသွား၍ အချို့သောသူတို့၏ ယုံကြည်ခြင်းကို မှောက်လှန်တတ်ကြ၏။**

၁၇။ အသင်းတော်၌ အပြင်ပိုင်းကိုတန်ဆာဆင်လျက်၊ အတွင်းပိုင်း၌တန်ဆာဆင်ခြင်းမရှိသောကြောင့် အသင်းတော်ပျက်စီးသည်။

**၁ပေ၊ ၃း၃-၄သင်တို့၌ တန်ဆာဆင်ခြင်းမူကား၊ ဆံပင်ကျစ်ခြင်း၊ ရွှေဆင်ခြင်း၊ အဝတ်ဝတ်ခြင်းတည်းဟူသော အပြင်တန်ဆာ ဆင်ခြင်းမဖြစ်စေဘဲ၊ ၄ဘုရားသခင့်ရှေ့မှာ အဘိုးများစွာထိုက်သော နူးညံ့ငြိမ်သက်ခြင်းသဘောတည်းဟူသော မဖောက်ပြန် မပျက်စီးတတ်သော တန်ဆာဆင်ခြင်းရှိသော စိတ်နှလုံး၏ အတွင်းလူဖြစ်စေကြလော့။**

၁၈။ အသင်းတော်၌တညီတညွတ်တည်းမဖြစ်သောကြောင့်အသင်းတော်ပျက်စီးသည်။

**၁ကော၊ ၁း၁၀-၁၁ ညီအစ်ကိုတို့၊ သင်တို့ရှိသမျှသည် စကားတညီတညွတ်တည်းဖြစ်၍ အချင်းချင်းမကွဲပြားဘဲ စိတ် သဘောတသံတသမတ်တည်းရှိသည်နှင့် စေ့စပ်စုံလင်ကြမည်အကြောင်း၊ ငါတို့သခင်ယေရှုခရစ်၏ နာမတော် ကို အမှီပြု၍ သင်တို့ကို ငါနှိုးဆော်တောင်းပန်ပါ၏။ ၁၁အကြောင်းမူကား၊ ငါ့ညီအစ်ကိုတို့၊ သင်တို့သည် အချင်းချင်း မသင့်၊ ရန်တွေ့ခြင်းရှိသည်ကို၊ ခလောဧ အိမ်သားအချို့တို့သည် ပြောကြ၏။**

၁၉။ အသင်းတော်၌ တလုံးတဝမဖြစ်ခြင်းကြောင့် အသင်းတော်ပျက်စီးသည်။

**ဂ၊ ၃း၂၇-၂၉ ခရစ်တော်၌ ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည် ခရစ်တော်ကို ယူတင်ဝတ်ဆောင်သောသူဖြစ်ကြ၏။ ၂၈ယေရှုခရစ်၌ယုဒလူမရှိ၊ ဟေလသလူမရှိ၊ ကျွန်မရှိ။ လူလွတ်မရှိ၊ ယောကျ်ားမရှိ၊ မိန်းမမရှိ၊ ထို**

**သခင်၌ သင်တို့အပေါင်းသည် တလုံးတဝတည်းဖြစ်ကြ၏။ ၂၉ခရစ်တော်နှင့်စပ်ဆင်လျှင်အာဗြဟံ၏ အမျိုးအနွယ်ပင်ဖြစ်၍၊ ဂတိတော်အတိုင်း အမွေခံ၏ အရာ၌ တည်ကြ၏။**

၂၀။ အသင်းတော်၌အမြင်ခြင်းမတူညီသောကြောင့် အသင်းတော်ပျက်စီးစေသည်။

**အာမုတ်၊ ၃း၃ လူနှစ်ဦးသည် သဘောမတူလျှင်၊ ပေါင်းဘော်၍ခရီးသွားနိုင်သလော။**

၂၁။ အသင်းတော်၌သစ္စာမရှိသောသူများကြောင့် အသင်းတော်ပျက်စီးသည်။

**လု၊ ၁၆း၁၀ အနည်းငယ်သော အမှု၌ သစ္စာရှိသောသူသည် ကြီးသော အမှု၌လည်း သစ္စာရှိလိမ့်မည်။ အနည်းငယ် သောအမှု၌ သစ္စာမရှိသောသူသည် ကြီးသောအမှု၌ သစ္စာမရှိ။**

# အသင်းတော်၌ ယုံကြည်သူများတစ်လုံး တစ်ဝဖြစ်စေသောအချက်( ၁၀ ) ချက်

၁။ အသင်းတော်၌ တစ်လုံးတစ်ဝဖြစ်စေသောအရာသည် အရာရာ၌ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်း၊ မေတ္တာစိတ်ရှိခြင်း၊ အသင့်အသင့်ပေါင်းဖော်ခြင်းသည် တစ်လုံးတစ်ဝဖြစ်စေသည်။

**ဧ၊ ၄း၂-၃အရာရာ၌ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းနှင့် ပြည့်စုံသဖြင့်၊ မေတ္တာစိတ်နှင့် တယောက်ကို တယောက်သည်းခံခြင်းရှိကြ၍၊ ၃ အသင့်အတင့် ပေါင်းဘော်ခြင်း အဖွဲ့အစည်းအားဖြင့်၊ သင်တို့သည် အချင်းချင်း စိတ်သဘော မခြား မနားတလုံးတဝတည်းဖြစ်အံ့သောငှါ ကြိုးစားအားထုတ်ကြလော့။**

၂။ အသင်းတော်၌တစ်လုံးတစ်ဝဖြစ်စေသောအရာသည် မုသာစကားကို မိမိနူတ်မှပယ်ရှား၍၊မှန်သောစကားကို ပြောခြင်းဖြစ်သည်။

**ဧ၊ ၄း၂၅ ထိုကြောင့်မုသားစကားကိုပယ်ရှား၍၊ မှန်သောစကားကိုသာ အချင်းချင်းတယောက်နှင့် တယောက် ပြောကြလော့။ အကြောင်းမူကား၊ ငါတို့သည် အချင်းချင်း အင်္ဂါချင်းဖြစ်ကြ၏။**

၃။ အသင်းတော်၌တစ်လုံးတစ်ဝဖြစ်စေသောအရာသည် ညစ်ညူးသောစကား ကိုချုပ်တည်းခြင်း၊ ထိမိ၍လည်းစေတတ်သောစကားကို မပြောခြင်း၊ တည်ဆောက်စရာကောင်းသောစကားပြောခြင်းသည် အသင်းတော်၌ တစ်လုံး တစ်ဝဖြစ်စေသည်။

**ဧ၊ ၄း ၂၉ ညစ်ညူးသောစကားတခွန်းကိုမျှ သင်တို့နှုတ်ထဲက မထွက်စေနှင့်။ ကြားနာသော သူတို့၏အကျိုးကို ပြုစုစေခြင်းငှါ၊ တည်ဆောက်စရာဘို့ ကောင်းသော စကားကိုသာ သုံးဆောင်ကြလော့။**

၄။ အသင်းတော်၌တစ်လုံးတစ်ဝဖြစ်စေသောအရာသည် ခရစ်တော်က အကျွန်ုပ်တို့၏အပြစ်ကိုလွှတ်ပေးသည်နည်းတူ၊ အချင်းချင်းတို့အပြစ်လွှတ် ခြင်းသည် အသင်းတော်၌တစ်လုံးတစ်ဝဖြစ်စေသည်။

**ဧ၊ ၄း၃၂ အချင်းချင်းကျေးဇူးပြုခြင်း၊ သနားစုံမက်ခြင်း၊ ဘုရားသခင်သည် ခရစ်တော်ကြောင့် သင်တို့၏အပြစ်ကို လွှတ်တော်မူသကဲ့သို့အချင်းချင်း အပြစ်လွှတ်ခြင်း ရှိကြလော့။**

၅။ အသင်းတော်၌တစ်လုံးတစ်ဝဖြစ်စေသောအရာသည် ရန်တွေ့လိုသောစိတ်ကို ပယ်ရှား၍၊ သူတစ်ပါးသည် ကိုယ်ထက်သာ၍ကောင်းမြတ်သည်ဟူ၍၊ သူတစ်ပါးကိုချီးမြှောက်ခြင်းသည် အသင်းတော်၌ တစ်လုံးတစ်ဝဖြစ်စေသည်။

**ဖိ၊ ၂း ၃ ရန်တွေ့လိုသောစိတ်၊ အချည်းနှီး ကျော်စောကိတ္တိကို တပ်မက်သောစိတ်ရှိ၍ အဘယ်အမှုကို မပြုကြ နှင့်။ သူတပါးသည် ကိုယ်ထက်သာ၍ ကောင်းမြတ်သည်ဟု နှိမ့်ချသော စိတ်ရှိ၍ တယောက်ကိုတယောက် ထင်မှတ်ကြလော့။**

၆။ အသင်းတော်၌တစ်လုံးတစ်ဝဖြစ်စေသောအရာသည် တစ်ကိုယ်ကောင်းဆန်ခြင်းမဟုတ်ဘဲ၊ သူတစ်ပါးတို့၏အမှုအရာတို့ကို ကြည့်ရှု၍ နားလည်ပေးခြင်းသည် အသင်းတော်၌ တစ်လုံးတစ်ဝဖြစ်စေသည်။ ယေရှုခရစ်တော်၏စိတ်သဘောသည် အသင်းတော်ကို တိုးတက်စေသည်။

**ဖိ၊ ၂း ၄-၅ကိုယ်အမှုအရာကိုသာ မရှုမမှတ်ဘဲ၊ သူ့အမှုအရာကို အချင်းချင်းရှုမှတ်ကြလော့။ ၅ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်းရှိစေကြလော့။**

၇။ အသင်းတော်၌တစ်လုံးတစ်ဝဖြစ်စေသောအရာသည် ခရစ်တော်ကဲ့သို့ မိမိတို့၏အသရေကိုစွန့်၍၊ စိတ်နှိမ့်ချခြင်း၊ အစေကျွန်ခံခြင်းသည် အသင်းတော်၌၊ တစ်လုံးတစ်ဝဖြစ်စေသည်။

**ဖိ၊ ၂း၇-၈ မိမိအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဍာန်ကို ယူဆောင်လျက်၊ လူကဲ့သို့သောအဖြစ်၌ ဘွားမြင်ခြင်းကို ခံတော်မူ၏။ ၈ထိုသို့ လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျက်၊ အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏။**

၈။ အသင်းတော်၌တစ်လုံးတစ်ဝဖြစ်စေသောအရာသည် ဘုရားအပ်ပေးထားသောတာဝန်ကို မြည်တမ်းခြင်း၊ ငြင်းခုံခြင်းမရှိဘဲ၊ လုပ်ဆောင်ခြင်းသည် ချီးမွမ်ဘွယ်ဖြစ်၍၊ အသင်းတော်၌ တစ်လုံးတစ်ဝဖြစ်စေသည်။

**ဖိ၊ ၂း ၁၄ သင်တို့သည် ပြုလေသမျှတို့၌ မြည်တမ်းခြင်း၊ ငြင်းခုံခြင်းမရှိဘဲ ပြုကြလော့။**

၉။ အသင်းတော်၌တစ်လုံးတစ်ဝဖြစ်စေသောအရာသည် အချင်းချင်းတို့၏ဝန် ကိုကူညီမစခြင်းသည် သင်းတော်၌ တစ်လုံးတစ်ဝတည်းဖြစ်စေသည်။

**ဂလာတိ၊ ၆း၂ထမ်းရွက်စရာဝန်ချင်းတို့ကို အချင်းချင်းကူညီ၍ ထမ်းရွက်သောအားဖြင့် ခရစ်တော်၏တရားကို ကျင့်ကြလော့။**

၁၀။ အသင်းတော်၌တစ်လုံးတစ်ဝဖြစ်စေသောအရာသည် ကိုယ်ကိုငြင်းပယ်၍၊ နှုတ်ကပတ်တော်ကို ဝန်ခံလျက်၊ ခရစ်တော် နောက်သို့လိုက်ခြင်းသည် အသင်း တော်၌တစ်လုံးတစ်ဝတည်းဖြစ်စေမည်။

**မဿဲ၊ ၁၆း၂၄ ထိုအခါ ယေရှုက၊ ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ် တိုင်ကိုထမ်း၍ ငါ့နောက်သို့ လိုက်ရမည်။**

၁၁။ အသင်းတော်၌တစ်လုံးတစ်ဝဖြစ်စေသောအရာသည် ဘုရားနှုတ်ကပတ် တော်ကိုကြားသောအခါ၊ ဝန်ခံ၍၊ အသက်ရှင်ခြင်းအားဖြင့် ဘုရားဘုန်း တော်လည်း ထင်ရှား၍အသင်းတော်၌လည်း တစ်လုံးတစ်ဝဖြစ်ကြမည် ဖြစ်သည်။

**လု၊ ၁း ၃၈ မာရိက၊ အကျွန်ုပ်သည် ထာဝရဘုရား၏ကျွန်မဖြစ်ပါ၏၊ ကိုယ်တော်၏စကားအတိုင်း အကျွန်ုပ်၌ ဖြစ် ပါစေသောဟု ဝန်ခံပြီးမှ၊ ကောင်းကင်တမန်သည် မာရိထံမှသွားလေ၏။**

သင်ခန်းစာ ( ၁၆ )

# အသင်းသူ/အသင်းသားလိုအပ်သောအချက်များ

**၁။ ကျမ်းစာကိုနေ့ညဥ့်ဖတ်ရှုသောအသက်တာ**

ယုံကြည်သူများ၏ ပြဿနာသည် ကျမ်းစာကိုမဖတ်ခြင်းဖြစ်သည်။ ကျမ်းစာဖတ်လျှင် အကြီးထမြောက်မည် ဟုဆိုသည်။ ကျမ်းစာကို မဖတ် မစွတ်ဘဲမနေ၊ နေ့ညဥ့်မပြတ် ကြည့်ရှုဘတ်စွတ်ရမည်ဟုဆိုသော်လည်း နားမထောင်ကြ၊ထို့ကြောင့် အကြီးလည်းမထမြောက်ကြ။ လုပ်လေကိုင်လေသမျှ၌လည်း အောင်မြင်ခြင်းမရှိကြ၊ ထို့ကြောင့် ယခုမှစ၍ကျမ်းစာကိုဖတ်ကြပါစို့၊ ဗေရိမြို့သားများကဲ့သို့ အလွန်ကြည်ညိုသော စေတနာစိတ်နှင့် နှုတ်ကပတ်တရားတော်ကိုခံယူ၍ မှန်သည်မမှန်သည် ကို သိခြင်းငှါ၊ကျမ်းစာကိုနေ့တိုင်းအစဉ်စေ့စေ့ကြည့်ရှုဖတ်စွတ်ဖို့ရန်လိုသည်။ ကျမ်းစာမဖတ်လျှင်ဘုရားသခင်၏အလိုတော်ကိုသိနိုင်မည်မဟုတ်ပါ၊ ဘုရား၏အလိုတော်ကို ကျမ်းစာအားဖြင့်သာသိနိုင်သည်။ ဘုရားသခင်၏အလိုတော်များကို သိလျှင် အကြီးထမြောက်ရသော အခွင့်ကို ဘုရားသခင်သည် ပေး၍ ပြုလေရာရာ၌ အောင်မြင်ခြင်းအခွင့် ကိုဘုရားသခင်သည်ပေးမည်ဖြစ်သည်။

**ယောရှု၊ ၁း၈ ထိုပညတ္တိကျမ်းစာ၌ ရေးထားသမျှအတိုင်း ကျင့် မည်ဟု စောင့်ရှောက်ခြင်းအလိုငှါ ကျမ်းစာကို မဘတ် မစွတ်ဘဲမနေ၊ နေ့ညဥ့်မပြတ် ကြည့်ရှုဘတ်စွတ်ရမည်။သို့ပြုလျှင် သင်သည် အကြီးထမြောက်၍ အောင်မြင်လိမ့် မည်။**

**တ၊ ၁၇း၁၁ ဗေရိမြို့သားတို့သည် သက်သာ လောနိတ်မြို့ သားတို့ထက် ထူးမြတ်သဖြင့်၊ အလွန်ကြည် ညိုသော စေတနာစိတ်နှင့် နှုတ်ကပတ်တရားတော်ကိုခံယူ၍ မှန်သည်မမှန်သည်ကိုသိခြင်းငှါ၊ ကျမ်းစာကိုနေ့တိုင်း အစဉ်စေ့စေ့ကြည့်ရှုကြ၏။**

## ၂။ ကျမ်းစာကိုနေ့ညဥ့်မပြတ်ဆင်ခြင်အောက်မေ့သောအသက်တာ

ကျမ်းစာကိုဖတ်ခြင်းသက်သက်မဟုတ်ပဲ၊ နေ့ညဥ့်မပြတ် ဆင်ခြင်အောက်မေ့ဖို့ရန်လည်းလိုအပ်သည်။ မတရားသောသူတို့၏ တိုက်တွန်းခြင်းနောက်သို့မလိုက်ဖို့ရန်လည်းလိုအပ်သည်၊၊ လူဆိုးတို့၏ လမ်းတွင်မရပ်မနေ၊ မထီမဲ့မြင်ပြုသော သူတို့၏ အစည်းအဝေး၌လည်း သူတို့နှင့်အတူမထိုင်ဖို့ရန်လည်းအရေးကြီးသည်။ ယခုခေတ်သည် ခေတ်ဆိုးဖြစ်သောကြောင့် ယုံကြည်သူများသည် မယုံကြည်သူများနှင့် ရောနှော၍၊ အတူတကွစည်းဝေးခြင်း၊ အသူတကွစားသောက်ခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်းများကို ပြုလုပ်နေကြသည်။ ထိုသို့သော အသက်တာသည် ဘုရားသခင်ရှေ့၌ မင်္ဂလာမရှိ။ တရားတော်ကို နေ့ညဥ့်မပြတ် ဆင်ခြင်အောက်မေ့သောသူမှသာလျှင် မင်္ဂလာရှိသောသူဖြစ်သည်။

**ဆာလံ၊ ၁း၁-၃ မတရားသောသူတို့၏ တိုက်တွန်းခြင်းသို့ မလိုက်၊ ၂ လူဆိုးတို့၏ လမ်းတွင်မရပ်မနေ၊ မထီမဲ့မြင်ပြုသော သူတို့၏ အစည်းအဝေး၌မထိုင်၊ ထာဝရဘုရား၏ တရားတော်၌ မွေ့လျော်၍၊ တရားတော်ကို နေ့ညဥ့်မပြတ် ဆင်ခြင်အောက်မေ့သောသူသည် မင်္ဂလာရှိ၏။ ၃အကြောင်းမူကား၊ ထိုသူသည် မြစ်နားမှာ**

**စိုက်လျက် မိမိအချိန်တန်မှ အသီးကိုသီး၍၊ အရွက်မညှိုးနွမ်းတတ်သော အပင်နှင့် တူ၏။ ပြုလေသမျှတို့၌ အောင်လိမ့်သတည်း။**

## ၃။ ကျမ်းစာကိုစောင့်ရှောက်သောအသက်တာ

အသင်းတော်၌ ရှိကြသော ယုံကြည်သူများသည် ကျမ်းစာကိုအမြဲတမ်း ဖတ်ရွတ်ရမည်၊ဖတ်ရွတ် သောအရာများကို စိတ်နှလုံး၌သွင်း၍ အမြဲနားထောင်ရမည်၊ အသက်တာ၌လက်တွေ့ကျင့်ရမည်။ ထိုသို့သောသူများသည် မင်္ဂလာရှိသည် ဟုဆိုထားသည်။ သို့သော်လည်း ယုံကြည်သူအများစုသည် ကျမ်းစာကိုသိကြသော်လည်း အသက်တာ၌ လိုက်လျှောက်ခြင်းမရှိကြပေ။ ထို့ကြောင့် ဘုရား၏ဘုန်းလည်း မထင်ရှားနိုင်၊ ကျမ်းစာကိုများများသိသော်လည်း အသက်တာ၌ လိုက်လျှောက်ခြင်း မရှိလျှင် အကျိုးမရှိ၊ နည်းနည်းသိသောအရာများကို လိုက်လျှောက်မှသာလျှင် သာ၍အကျိုးကြီးမည်ဖြစ်သည်။

**ဗျာ၊ ၁း၃ ကာလအချိန်ရောက်လုနီးပြီဖြစ်၍၊ ဤအနာဂတ္တိကျမ်းစကားကိုကြည့်ရှု ဘတ်ရွတ်နားထောင်၍၊ ရေးထားသမျှ တို့ကို စောင့်ရှောက်သော သူတို့သည် မင်္ဂလာရှိကြ၏။**

## ၄။ဘုရားသခင်နှင့်အကျွမ်းဝင်မိဿဟာယဖွဲ့သောအသက်တာ

အသင်းတော်၌ ရှိသော ယုံကြည်သူများသည် ဘုရားသခင်နှင့် အကျွမ်းဝင်၍ မိဿဟာယဖွဲ့သောသူများဖြစ်ဖို့ရန်လိုအပ်သည်။ သို့သော် မည်သည့်အရာများနှင့်

အကျွမ်းဝင်၍ မိဿဟာယဖွဲ့နေကြသနည်း။ ဖုန်း၊ အိုင်းပက်၊ ကွန်ပျူတာ၊ တီဗီ၊ လူ လူချင်း၊မိသားစု၊လောကအရာများနဲ့သာ မိဿဟာယဖွဲ့နေကြသည်။ ဘုရားကို နောက်ဆုံးမှာထား၍ ဒုက္ခရောက်လာမှသာဘုရားကို ရှာလာကြသည်။ ဘုရားသခင်နှင့် မည်ကဲ့သို့ မိဿဟာယဖွဲ့ရမည်နည်း၊ ကျမ်းစာဖတ်ရွတ်ခြင်း၊ ဆုတောင်းခြင်း၊ ကျေးဇူးတော်များ ရေတွက်ခြင်း၊ သက်သေခံခြင်းများတို့သည် ဘုရားသခင်နှင့်မိဿဟာယဖွဲ့နေခြင်းဖြစ်သည်။ ဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်းမရှိလျှင် ဘုရားသခင်၏ အလိုတော်များကို သိနိုင်မည်မဟုတ်။

**ယောဘ၊ ၂၂း၂၁-၂၂ ဘုရားသခင်နှင့် အကျွမ်းဝင်၍ မိဿဟာယဖွဲ့လော့။ ထိုသို့ပြုမှ ကောင်းစားခြင်းသို့ရောက်ရလိမ့်မည်။ ၂၂နှုတ်တော်ထွက်တရားကို ခံယူ၍ စကားတော်ကို နှလုံး၌သွင်းပါလော့။**

## ၅။ ယုံကြည်သူများနှင့် အမြဲတမ်းမိဿဟာယဖွဲ့သောအသက်တာ

အသင်းတော်၌ ရှိသော ယုံကြည်သူများသည် အသင်းတော်၏အစီအစဉ်များ၌ တတ်နိုင်သမျှပါဝင်နိုင်အောင် ကြိုးစားရမည်ဖြစ်သည်။ ကျမ်းစာသင်တန်းများများ တတ်သောသူနှင့် များများမတတ်နိုင်သောသူများ၏ယုံကြည်ခြင်းများ၊ အမြင်များ၊ အကြံအစည်အပြောအဆိုများ၊အသက်တာအများ၊ အများကြီးကွာဟမှုရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် အချင်းချင်းစည်း ဝေးခြင်းအမှုများကိုရှောင်မလွှဲကြဖို့ရန် ဤသို့တွေ့ရသည်။

**ဟေဗြဲ၊ ၁၀း၂၅ လူအချို့တို့၏ ထုံးစံရှိသည်အတိုင်း၊ အချင်းချင်း စည်းဝေး**

ခြင်းအမှုကို မရှောင်မလွှဲကြနှင့်။ အချင်း ချင်းတို့ကို တိုက်တွန်းနှိုးဆော်ကြလော့။ **ကာလအချိန် ရောက်လုနီးသည်ကို ထောက်သဖြင့်၊ သာ၍ ကြိုးစား ကြလော့။**

**၆။ စိတ်နှိမ့်ချသောအသက်တာ**

ဖာရိရှဲနှင့် အခွန်ခံနစ်ယောက်တို့သည် ဘုရားသခင်ထံသို့တိုးဝင်ကြသည်။ ထိုသို့တိုးဝင်သောအခါ၊ ဖာရိရှဲသည် မိမိကိုယ်ကို ချီးမြှောက်၍၊ မိမိ၏အကျင့်ကောင်းများကိုဘုရားသခင်ရှေ့၌ဖော်ပြလျက်၊ အခွန်ခံကိုမူကားအပြစ်တင်သောစကားကိုပြောသည်။ သို့သော်လည်းဖာရိရှဲသည်အပြစ်မပြေဘဲ အိမ်သို့ပြန်ရသည်။ အခွန်ခံမူကား မိမိကိုယ်ကိုနှိမ့်ချ၍၊ အပြစ်များသော အကျွန်ုပ်ကိုခွင့်လွှတ်တော်မူပါဟု ဘုရားသခင်ကို တောင်းလျှောက်သည်။ ဘုရားသခင်သည်အခွန်ခံ၏အပြစ်ကို ခွင့်လွှတ်ပေးသည်။ ဘုရာသခင်သည် အပြစ်တင်ပိုင်သောသူ၊ အပြစ်လွှတ်ပိုင်သောသူဖြစ်သည်။ ကျွန်ုပ်တို့သည်လည်း မည့်သည့်နှလုံးသားနှင့် ဘုရားသခင်ထံသို့တိုးဝင်ရမည်နည်း၊ အခွန်ခံကဲ့သို့သော နှိမ့်ချသော နှလုံးသားနှင့်တိုးဝင်ရမည်ဖြစ်သည်။ ထို့ကြောင့် နှိမ့်ချတတ်သောနှလုံးသားရှိဖို့ရန်လိုသည်။

**လု၊ ၁၈း၉-၁၄ ကိုယ်ကသိုလ်ကို အမှီပြု၍ သူတပါးကို မထီမဲ့မြင်ပြုတတ်သောသူအချို့တို့အား မိန့်တော်မူသော ဥပမာကား၊ ၁၀ လူနှစ်ယောက်တို့သည် ဆုတောင်းပဌနာပြုခြင်းငှါ ဗိမာန်တော်ပေါ်သို့ တက်ကြ၏။ တယောက်ကား ဖာရိရှဲဖြစ်၏။ တယောက်ကား အခွန်ခံဖြစ်၏။ ၁၁ဖာရိရှဲသည် တယောက်တည်းရပ်လျက်၊ အိုဘုရားသခင်၊ သူတပါးတို့သည် အနိုင်အထက်လုယူခြင်း၊ မတရားသဖြင့်ကျင့်ခြင်း၊**

သူ့မယားကိုပြစ်မှားခြင်းအပြစ်ရှိသကဲ့သို့ အကျွန်ုပ်၌မရှိသည်သာမက၊ ဤအခွန်ခံကဲ့သို့ ပင် မဟုတ်သောကြောင့် ကျေးဇူးတော်ကြီးလှပေ၏။ ၁၂ အကျွန်ုပ်သည် ခုနှစ်ရက်တွင် နှစ်ရက်အစာရှောင်ပါ၏။ ဥစ္စာရှိသမျှတို့ကိုဆယ်ဘို့တဘို့ လှူပါ၏ဟု ၍ ဆုတောင်းပဌနာပြု၏။ ၁၃ အခွန်ခံမူကား၊ အဝေးကရပ်၍ ကောင်းကင်သို့မမျှော်မကြည့်ဝံ့ဘဲရင်ပတ်ကိုခက်လျက်၊ အို ဘုရားသခင်၊အပြစ်များသော အကျွန်ုပ်ကိုသနားခြင်းကရုဏာစိတ်ရှိတော်မူပါဟုဆုတောင်းလေ၏။ ၁၄ငါဆိုသည်ကား၊ ထိုသူသည် အပြစ်ပြေလျက် မိမိအိမ်သို့ပြန်သွား၏။ ဖာရိရှဲမူကား အပြစ်မပြေ။ အကြောင်းမူကား၊ ကိုယ်ကိုကိုယ် ချီးမြှောက်သောသူမည်သည်ကား၊ နှိမ့်ချခြင်းသို့ရောက်လတံ့။ ကိုယ်ကိုကိုယ် နှိမ့်ချသောသူမည်သည်ကား၊ ချီးမြှောက်ခြင်းသို့ရောက်လတံ့ဟု မိန့်တော်မူ၏။

## ၇။ စကားနားထောင်သောအသက်တာ

စကားနားထောင်ခြင်းသည် အလွန်အရေးကြီးသည်။ အာဒံနှင့်ဧဝသည် ဘုရားသခင်၏စကားကို နားမထောင်ကြသောကြောင့် အပြစ်သားဘဝသို့ကျရောက်သွားကြသည်။ နောသေည်ဘုရားသခင်၏စကားကိုနားထောင်သောကြောင့် ဘုရားအမျက်တော်မှ မိသားစုနှင့်အတူလွတ်မြောက်ခြင်းသို့ရောက်ကြသည်။ နားမထောင်သောသူများသည် ပျက်စီးခြင်းသို့ရောက်ရကြသည်။ အာဗြဟံသည်လည်း ဘုရားခေါ်သံကိုကြားသောအခါ၊ နားထောင်၍ ယုံကြည်ခြင်းဖြင့် လိုက်သောကြောင့် ယုံကြည်ခြင်း၏ဖခင်အဖြစ် ဘုရားသခင်ကကောင်းကြီးပေးသည်။ ပထမဦးဆုံးဖြစ်

သော ဣသရေလ ရှင်ဘုရင် ရှောလုသည် ဘုရားသခင်၏စကားကိုနားမထောင်သော ကြောင့် ရှင်ဘုရင်အရာကို ဘုရားကနုတ်ပေးကြောင်းကိုတွေ့ရသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်လည်း ဘုရားသခင်၏စကားကို နားထောင်ခြင်း အားဖြင့်ဘုရားသခင် ထံမှလာသော ကောင်းကြီးများကိုရယူဖို့ရန် ဘုရား၏စကားကိုနားထောင်ကြပါစို့။ အသင်းတော်၌လည်း သင်းအုပ်များ၏သွန်သင်ခြင်းများကို နားထောင်ကြပါစို့။

**၁ရာ၊ ၁၅း၂၂-၂၃ ရှမွေလကလည်း၊ ထာဝရဘုရား၏အမိန့်တော်ကို နားထောင်ခြင်း၌ အားရတော်မူသကဲ့သို့၊ မီးရှို့ရာ ယဇ်အစရှိသော ယဇ်မျိုးတို့ကို ပူဇော်ခြင်း၌ အားရတော်မူမည်လော။ အလိုတော်သို့ လိုက်ခြင်းသည် ယဇ်မျိုးထက် သာ၍ကောင်း၏။နားထောင်ခြင်းသည် သိုးထီးဆီဥထက်သာ၍ ကောင်း၏၂၃ငြင်း ဆန်သော သဘောသည် နတ်ဆိုးနှင့်ပေါင်းခြင်းကဲ့သို့၎င်း၊ ခိုင်မာသော သဘောသည် ဗေဒင်တန် ဆာကို သုံးခြင်းကဲ့သို့၎င်း အပြစ်ကြီး၏။ သင်သည် ထာဝရဘုရား၏ စကားတော်ကို ပယ်သောကြောင့်၊ ထာဝရဘုရားသည် ရှင်ဘုရင်အရာကို နှုတ်၍ သင့် ကို ပယ်တော်မူပြီဟု ဆို၏။**

## **၈။ သူတစ်ပါးကိုခွင့်လွှတ်ခြင်းအသက်တာ**

အသင်းတော်၌ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် မေတ္တာစိတ်ထား၍၊ တစ်ယောက်အပြစ်ကိုတစ်ယောက်ခွင့်လွှတ်ဖို့ရန်လိုသည်။ အပြစ်သားများဖြစ်သော ကျွန်ုပ်တို့၏အပြစ်များကို ခရစ်တော်သည် ခွင့်လွှတ်ပေးသည်။ ခရစ်တော်၏မျက်နှာ တော်ကို ထောက်ရှု့ခြင်းဖြင့် အားပေးလိုသည်။

**မသဲ၊ ၆း၁၄-၁၅ သင်တို့သည် သူတပါးတို့၏ အပြစ်ကိုလွှတ်လျှင်၊ ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘသည် သင်တို့၏အပြစ်ကို လွှတ်တော်မူမည်။ ၁၅ သင်တို့သည် သူတပါးတို့၏အပြစ်ကိုမလွှတ်လျှင်၊ သင်တို့အဘသည် သင်တို့၏အပြစ်ကိုလွှတ်တော် မမူ။**

**၉။ ဆုတောင်းခြင်းရှိသောအသက်တာ**

ဆုတောင်းခြင်းသည် အရေးကြီးသည် ကျမ်းစာဖတ်၍၊ ဆုတောင်းခြင်းမရှိလျှင် တန်ခိုးမရှိချေ။ ဆုတောင်းခြင်းအားဖြင့်ဘုရားသခင်၏အလိုတော်များကိုလည်း သာ၍နားလည်လာမည်ဖြစ်သည်။ ကျမ်းစာဖတ်ခြင်းသည်ဘုရားက စကားပြောခြင်းဖြစ်ပြီး ဆုတောင်းခြင်းသည် ကိုယ်က ဘုရားကိုစကားပြောခြင်းဖြစ်သည်။ အရာခပ်သိမ်းကို ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်ကဖြေရှင်းပေးနိုင်သည်။ ဆုတောင်းခြင်းသည် ဘုရားကိုကိုးစားခြင်းဖြစ်သည်။

**ဧ၊ ၁း၁၇-၁၉ ဆုတောင်းသောအချက်ဟူမူကား၊ ငါတို့သခင် ယေရှုခရစ်၏ ဘုရားသခင်ဖြစ်တော်မူသော ဘုန်းကြီး သော အဘခမည်းတော်သည် ကိုယ်တော်မြတ်ကို သိခြင်း အလိုငှါ ပညာကိုရင်း၊ ထိုးထွင်းသောဉာဏ်ကိုရင်း၊ သင်တို့အားပေးပါမည်အကြောင်း၊ ၁၈ ခေါ်တော်မူသောကြောင့် မျှော်လင့်ရသောအရာကား အဘယ်အရာဖြစ်သည်ကိုရင်း၊ သန့်ရှင်းသူတို့ သည် ခံရသောအမွေတော်၏ ဘုန်းစည်းစိမ်ကား အဘယ်မျှလောက်ကြီးသည်ကိုရင်း၊ ၁၉ ယုံကြည်သောငါတို့၌ ပြတော်မူသောအလွန်ကြီးလှစွာသော တန်ခိုးတော်ကား အဘယ်မျှလောက်ကြီး သည်ကိုရင်း၊**

**သင်တို့သည်သိစေခြင်းငှါ၊ သင်တို့၏ ဥာဏ်မျက်စိကို လင်းစေပါမည်အကြောင်း ဆုတောင်း ပဌနာပြု၏။**

## ၁၀။ ယုံကြည်ခြင်းရှိသောအသက်တာ

ခရစ်တော်ကို ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ကြသည်။ ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် ထာဝရအသက်ကိုရကြသည်။ ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းသို့ရောက်ကြသည်။ ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့်သန့်ရှင်းခြင်းသို့ရောက်ကြသည်။ ထို့နည်းတူ အသက်တာ၌ယုံကြည်ခြင်းမရှိလျှင် ဘုရား၏စိတ်တော်နှင့်မတွေ့နိုင်ကြောင်းကိုသိရသည်။ ထို့ကြောင့် ဘုရားထံ၌ယုံကြည်ခြင်းနှင့် တိုးဝင်သောသူများကို ဘုရားသခင်သည် ကောင်းကြီးပေးသည်။ မည်သည့်ပြသနာကိုမဆို ယုံကြည်ခြင်းနဲ့သာ ဖြေရှင်းဖို့ရန်ဖြစ်သည်။

**ဟေဗြဲ၊ ၁၁း၆ ယုံကြည်ခြင်းမရှိလျှင်၊ ဘုရားသခင်၏ စိတ်တော်နှင့်မတွေ့နိုင်။ အကြောင်းမူကား၊ ဘုရားသခင့် အထံတော်သို့ ချဉ်းကပ်သောသူသည်၊ ဘုရားသခင်ရှိတော်မူသည်ကိုရင်း၊ကိုယ်တော်ကို ရှာသောသူအား အကျိုးပေးတော်မူသည်ကိုရင်း၊ ယုံကြည်ရမည်။**

## ၁၁။ ဧဝံဂေလိတရားဟောပြောသောအသက်တာ

ဘုရားသခင်၏အလိုတော်သည် လူတိုင်းကယ်တင်ခြင်းသို့ရောက်ဖို့ရန်ဖြစ်

သည်။ လူများကယ်တင်ခြင်းသို့ရောက်ဖို့ရန်ဧဝံဂေလိသတင်းစကားကိုလူတိုင်းတို့ ကြားဖို့ရန်လိုသည်၊ သူတို့ကြားဖို့ရန် ကျွန်ုပ်တို့ဟောပြောဖို့ရန်လိုသည်။ ဧဝံဂေလိ တရားကို ဟောပြောသောသူ၏အသက်တာသည်၊ ဝိညာဉ်ပိုင်း၌ တိုးတက်လွယ် သည်၊ ရင့်ကျက်တာလည်းလွယ်သည်၊ ဝမ်းမြောက်ခြင်းလည်းခံစားရသည်၊ ကျမ်းစာများကိုလည်းမှတ်မိလာသည်။ ထာဝရကာလအတွက်လည်း အကျိုးရှိသည်။ ကယ်တင်ခြင်းသို့ရောက်သောသူများလည်း ဝမ်းမြောက်ခြင်းများကို ခံစားရကြ သည်။ ထိုအရာများကို ကျမ်းစာ၌ဤသို့တွေ့ရသည်။

**၁ကော၊ ၉း၁၄-၁၈ ထိုနည်းတူ၊ ဧဝံဂေလိတရားကိုဟောသော သူတို့သည် ဧဝံ ဂေလိတရားကို အမှီပြု၍ အသက်မွေးရမည် အကြောင်း၊သခင်ဘုရား၏ ပညတ် တော်မူချက်ရှိ၏။၁၅ သို့သော်လည်းထိုအခွင့်ကို ငါသည်အလျှင်းမသုံး။ သင်တို့သည် ငါ့အား ထိုသို့ပြုစေခြင်းငှါ ဤစကား ကို ငါရေးသည်မဟုတ်။ အကြောင်းမူကား၊ ငါ ဝါကြွားခြင်းအခွင့်ကိုသူတပါးဖျက်ဆီးသည် ထက် ငါ သေသော် သာ၍ကောင်း၏။ ၁၆ငါသည်ဧဝံဂေလိတရားကို ဟောရုံပြုလျှင်ဝါကြွားခြင်း အကြောင်းမရှိသေး။အ ဘယ်ကြောင့် နည်းဟူမူကား၊ မဟောဘဲမနေနိုင်။ မဟောဘဲနေလျှင် အမင်္ဂလာရှိ၏ ၁၇ သို့ဖြစ်၍ အမှုတော်ကို အလိုအလျောက် ဆောင်ရွက်လျှင် အကျိုးရှိ၏။ကိုယ် အလိုကိုငြင်းဆန်၍ ဆောင်ရွက်လျှင် အရာတော်၌ ခန့်ထားသောသူဖြစ်၏။ ၁၈သို့ ဖြစ်၍ ငါ၏အကျိုးအဘယ်သို့နည်းဟူမူကား၊ ဧဝံဂေလိတရားကို ဟောသောအခါ၊ ဟောခြင်းနှင့် စပ်ဆိုင်သော အခွင့်ကို မသုံးဘဲလျက်၊ ခရစ်တော်၏ ဧဝံဂေလိတရား**

**ကို နာသောသူတို့သည်အဘယ် စရိတ်ကိုမျှ မကုန်ဘဲနေစေခြင်းငှါ ပြုလျှင်ငါ၌အကျိုး ရှိ၏။**

## ၁၂။ အစာရှောင်သောအသက်တာ

စာတန်ကြောက်သော အသက်တာသည် ဆုတောင်းခြင်း၊ အစာရှောင်ခြင်း ရှိသောသူကိုသာလျှင် ကြောက်ကြောင်းတွေ့ရသည်။ ထို့ကြောင့် ယုံကြည်သူများသည် သမ္မာတရားကို သိရုံမျှသာမဟုတ်ဘဲ၊ အစာရှောင်သော အသက်တာလည်းရှိဖို့ လိုသည်။

**မဿဲ၊ ၁၇း၁၉-၂၁ ထိုအခါ တပည့်တော်တို့သည် ဆိတ်ကွယ်ရာအရပ်၌ ယေရှုထံတော်သို့ချဉ်းကပ်၍၊ အကျွန်ုပ်တို့သည် ထိုနတ်ဆိုးကိုအဘယ်ကြောင့် မနှင်ထုတ်နိုင်ပါသနည်းဟု လျှောက်ကြသော်၊ ၂၀ သင်တို့သည် ယုံကြည်ခြင်းမရှိသောကြောင့် မနှင်ထုတ်နိုင်ကြ။ ငါအမှန်ဆိုသည်ကား၊ သင်တို့သည် မုန်ညင်းစေ့ခန့်မျှလောက်သော ယုံကြည်ခြင်းရှိလျှင်၊ထိုတောင်ကို နေရာမှရွေ့လော့ဟုဆိုကြသော်၊နေရာမှ ရွေ့လိမ့်မည်။ ယုံကြည်ခြင်းရှိလျှင် သင်တို့မတတ်နိုင်သောအမှုမရှိ။ ၂၁ သို့သော်လည်း ဆုတောင်းခြင်း၊ အစာရှောင်ခြင်းမှတပါး အဘယ်သို့သောအားဖြင့်၊ ထိုအမျိုးသည် မထွက်တတ်ဟု မိန့်တော်မူ၏။**

## ၁၃။ အသက်ရှင်ခြင်းလက္ခဏာရှိသောအသက်တာ

ကိုယ်ခန္ဓာအထဲ၌ ဝိညာဉ်ရှိသောကြောင့် လှုပ်ရှားနိုင်သည်၊ ဝိညာဉ်ထွက်သွား

ပါက အသက်ရှင်ခြင်း လက္ခဏာရှိတော့မည်ဟုတ်၊ ထို့ကြောင့် ဝိညာဉ်ပိုင်း၌လည်း အသက်ခြင်းလက္ခဏာရှိဖို့ရန်လိုအပ်သည်။ လောကသားများကဲ့သို့ ကျင့်ကြံပြုမူခြင်း မဟုတ်၊ သူတို့နည်းတူစကားပြောခြင်းမဟုတ်၊ သူတို့နည်းတူ ဝတ်စားခြင်းမဟုတ်၊ ဘုရားသားသမီးဖြစ်ခြင်းပုံသက်သေကိုပြသောသူများဖြစ်ဖို့ရန်လိုအပ်သည်။ ကိုယ့်ကိုကိုယ်ဘုရားသခင်ထံ၌ ဆက်ကပ်သောသူဖြစ်ဖို့ရန်လိုသည်။အသင်းတော်၌လည်း ဘုရားဘုန်းတော် ကိုထင်ရှားစေသောသူဖြစ်ဖို့ရန်လိုသည်။

**ရောမ၊၁၂း၁ညီအစ်ကိုတို့၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူ ဘွယ်သောလက္ခဏာနှင့် ပြည့်စုံသော ယဇ်ကို သင်တို့သည် ပူဇော်၍၊ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား ဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ်သော ဝတ်ကို ပြုမည်အကြောင်း၊ ဘုရားသခင်၏ ကရုဏာတော်ကို ထောက်ထား၍၊ သင်တို့ကို ငါတိုက်တွန်းနှိုးဆော်ပေ၏။**

## ၁၄။ လောကီပုံသဏ္ဍာန်ကိုမဆောင်သောအသက်တာ

လောကီပုံသဏ္ဍာန်ကို မဆောင်ကြနှင့်ဟုတွေ့ရသည်။ ထိုအရာသည် လူဟောင်းအသက်တာကို ဆိုလိုခြင်းဖြစ်သည်။ ယုံကြည်သူများသည် ဝိညာဉ်ရေးရာ၌ အားနည်းလာသောအခါ ဇာတိနဲ့ အသက်ရှင်ကြသည်။ အရင် ဘဝကို တောင်းတ၍၊ အသက်ရှင်လာကြသည်၊ ထိုအရာကို လောကီပုံသဏ္ဍာန်ဟုဆိုသည်။ ခရစ်တော်၌ရှိလျှင် လူသစ်ဖြစ်ပြီဖြစ်သော ကြောင့် အသစ်သောအသက်တာနှင့် အသက်ရှင်၍ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ရောက်ဖို့ရန်လိုအပ်သည်။ လူဟောင်းအကျင့်များနှင့်မဆိုင်

တော့ချေ။ ကျမ်းစာဖတ်ခြင်း၊ ဆုတောင်းခြင်း၊ ဘုရားကိုချီးမွမ်းခြင်း၊ ဘုရားထံတော်သို့တိုးဝင်ခြင်းဖြင့် အသက်ရှင်ဖို့လိုသည်။

**ရောမ၊၁၂း၂သင်တို့သည် လောကီပုံသဏ္ဍာန်ကို မဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဘွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင်အလိုတော်ရှိသော အရာသည် အဘယ်အရာဖြစ်သည်ကို သင်နိုင်မည်အကြောင်း၊ စိတ်နှလုံးကို အသစ်ပြင်ဆင်၍ ပုံသဏ္ဍာန် ပြောင်းလဲခြင်းသို့ ရောက်ကြလော့။**

## ၁၅။ ရန်ကိုငြိမ်းစေတတ်သောအသက်တာ

အသင်းတော်၌အတိုက်အခိုက်များရှိတတ်သည် ထိုသို့ကြုံလာကြသောအခါ၊ ရန်ကိုပွားစေသောသူများမဟုတ်ဘဲ၊ ရန်ကိုငြိမ်းစေသောသူများဖြစ်ဖို့ရန်အရေးကြီးသည်။ ဝိညာဉ်ပိုင်း၌ အားနည်းသောသူများကို အပြစ်မမြင်ကြဘဲ၊ ဂရုစိုက်ဖို့ရန်လိုအပ်သည်။ ရန်ကိုငြိမ်းစေခြင်းအလုပ်သည် တည်ဆောက်ခြင်းဖြစ်သည်။ ရန်တွေ့စေသောအလုပ်သည် တည်ဆောက်ထားသောအရာများကိုဖျက်ဆီးခြင်းဖြစ်သည်။ ရန်ကိုငြိမ်းစေသော အသက်တာရှိဖို့ရန်လိုအပ်သည်။

**မဿဲ၊ ၅း၉ သူတပါးချင်း ခိုက်ရန်ပွားခြင်းကို ငြိမ်းစေတတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည် ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်ခြင်းကို ခံရကြလတံ့။**

## ၁၆။ ဆားကဲ့သို့ငန်သောအသက်တာ

ဆားသည် မရှိမဖြစ်လိုအပ်သော အရာဖြစ်သည်၊၊ အကောင်းဆုံးသောဟင်း မျိုးစုံကိုပြင်ဆင်ထားသော်လည်း ဆားမပါလျှင်အရသာရှိမည်မဟုတ်၊ ဆားသည် မည်သည့် ဟင်းကိုမဆိုအရသာကောင်းမွန်စေသည်။ ထို့နည်းတူ ယုံကြည်သူများ သည်လည်း ဤလောကတစ်ခုလုံးအတွက် မရှိမဖြစ်လိုအပ်သော ဆားကဲ့သို့ ငန်သောအသက်တာရှိဖို့ရန်လိုအပ်သည်။ ငန်သောအရသာသည် သူတပါးလက်ခံ သောအသက်တာကိုဆိုလိုခြင်းဖြစ်သည်။ သူတစ်ပါးကနှစ်သက်သော အသက်တာ ဖြစ်သည်။

**မဿဲ ၅း၁၃သင်တို့သည် ဤလောက၏ ဆားဖြစ်ကြ၏။ ဆားမူကား၊ အငန်ကင်းပျောက်လျှင် ငန်သောအရသာကို အဘယ်သို့ ရပြန်မည်နည်း။ ပြင်သို့ ပစ်လိုက်၍ ကျော်နင်းခြင်းမှတပါး အဘယ်အသုံးမျှမဝင်။**

## ၁၇။ လင်းသောအသက်တာ

ယုံကြည်သူများကို အလင်းနှင့်ဥပမာပေးထားသည်။ အလင်းသည် အကောင်းအဆိုးများကို ထင်ရှားစေသည်။ အမှောင်ထက် အလင်းသည်ပို၍တန်ခိုး ရှိသည်။ အလင်းကိုအမှောင်ကမခံမရပ်နိုင်၊ ထို့နည်းတူ ယုံကြည်သူများသည် ဤ လောက၏အလင်းဖြစ်သောကြောင့် ကျွန်ုပ်တို့၏အလင်းကိုမည်သည့်အရာကမျှ အကွယ်မခံဖို့ရန်အရေးကြီးသည်။ မိမိ၏ဇာတိကလည်းမကွယ်ပေးဖို့ရန်အရေးကြီး

သည်။ သူတစ်ပါးကကွယ်ခြင်းကိုလည်းမခံဖို့ရန်အရေးကြီးသည်။ လောကသားများအတွက် အလင်းပေးသောသူများဖြစ်ဖို့ရန်လိုသည်။

**မဿဲ၊ ၅း၁၄-၁၆ သင်တို့သည် ဤလောက၏ အလင်းဖြစ်ကြ၏။ တောင်ထိပ်၌တည်သော မြို့ကို မကွယ်နိုင်။ ၁၅ ဆီမီးထွန်း၍တောင်းဇလားအောက်၌ ဖုံးထားလေ့မရှိ။ အိမ်သူအိမ်သားအပေါင်းတို့သည် အလင်းကို ရစေခြင်းငှါ ဆီမီးခုံပေါ်မှာ တင်ထားလေ့ ရှိ၏။ ၁၆ ထိုနည်းတူ၊ သူတပါးတို့သည် သင်တို့၏ကောင်းသောအကျင့်ကိုမြင်၍၊ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှါ၊ သူတပါး ရှေ့၌ သင်တို့အလင်းကို လင်းစေကြလော့။**

## ၁၈။ ကျေးဇူးတော်ရေတွက်တတ်သောအသက်တာ

ကယ်တင်ခြင်းသို့ရောက်ခြင်းသည် ကိုယ်ကုသိုလ်ကြောင့်မဟုတ်ဘဲ၊ ဘုရားသခင်၏ကျေးဇူးတော်ကြောင့်သာလျှင်ဖြစ်သည်။ အဘိုးအခကိုလည်းပေးစရာမလိုဘဲငရဲမှလွတ်မြောက်ခြင်းသို့ရောက်ကြသည် ထိုအရာများကို တန်ဘိုးဖိုးထား၍ အမြဲတမ်းကျေးဇူးတော်ကိုရေတွက်တတ်သောသူဖြစ်ဖို့ရန်လိုအပ်သည်။ ဒုက္ခအမျိုးမျိုးတွေ့ကြုံရသော်လည်း ကယ်တင်ခြင်းကျေးဇူးတော်ကို မမေ့သွားဖို့ရန် အရေးကြီးသည်။

**ဧ၊ ၂း၈-၉ ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်**

**မူရာဖြစ်သတည်း။ ၉ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာ အခွင့်မရှိ။**

## ၁၉။ ချစ်ခြင်းမေတ္တာရှိသောအသက်တာ

မေတ္တာသည် စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ နာခံခြင်း၊ သနားခြင်း၊ နှိမ့်ချခြင်း၊ အပြစ်များကိုဖုံးအုပ်ခြင်းကိုဖြစ်စေသည်။ ချစ်ခြင်း၊ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ဤသုံးမျိုးတွင် ချစ်ခြင်းမေတ္တာသည် အမွန်မြတ်ဆုံးဖြစ်သည်ဟုဆိုသည်။ ထို့ကြောင့် မည်သည့် သိပ္ပံအတတ်အမျိုးမျိုးကိုတတ်သော်လည်း မေတ္တာစေတနာနှင့် မလုပ်ဆောင်လျှင် အကျိုးကိုမပေးဟူ၍ဖော်ပြသည်။ ထို့ကြောင့် အကျွန်ုပ်တို့သည်လည်း မေတ္တာစိတ်နှင့် အသင်းတော်၌ပါဝင်ကြဖို့ရန်လိုသည်။

၁ကော၊ ၁၃း၁-၈ ငါသည် လူဘာသာစကားကိုရင်း၊ ကောင်းကင်တမန်**ဘာသာစကားကိုရင်း ပြောနိုင်သော်လည်း မေတ္တာ မရှိလျှင် အသံမြည်သော တံပိုးခရာကဲ့သို့ရင်း၊ တီးသံကိုသာ ပေးတတ်သော လင်းကွင်းကဲ့သို့ရင်း ဖြစ်၏။ ၂ ပရောဖက်ဉာဏ်ကို ငါရ၍၊ နက်နဲသော အရာရှိ သမျှတို့နှင့် သိပ္ပံအတတ်အမျိုးမျိုးကို တတ်သော်ရင်း၊တောင်များကိုရွှေ့နိုင်သော ယုံကြည်ခြင်းအမျိုးမျိုးနှင့် ပြည့်စုံသော်ရင်း၊ မေတ္တာမရှိလျှင် အချည်းနှီးသက်သက် ဖြစ်၏။ ၃ သူတပါးကို ငါကျွေးမွေး၍ ဥစ္စာရှိသမျှကိုစွန့်ကြဲသည်သာမက၊ ကိုယ်ခန္ဓာကို မီးရှို့စေခြင်းငှါ အပ်သော်လည်း၊ မေတ္တာမရှိလျှင်၊ ငါ၌အကျိုးမရှိ။ ၄ မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် ဝုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ။ ၅ မလျောက်ပတ်စွာမ**

**ကျင့်တတ်၊ ကိုယ်အကျိုးကို မရှာတတ်၊ ဒေါသအမျက်မထွက်တတ်၊ အပြစ်ရှိသည်ဟု မထင်တတ်၊ ၆ မတရားသော အမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်၊ သမ္မာတရား၌ ဝမ်းမြောက်တတ်၏။ ၇ ခပ်သိမ်းသောအရာကို ဖုံးအုပ်တတ်၏။ ခပ်သိမ်းသော အရာကို ယုံတတ်၏။ ခပ်သိမ်းသောအရာကို မြော်လင့်တတ်၏။ ခပ်သိမ်းသောအရာ ကို သည်းခံတတ်၏။ ၈ မေတ္တာသည် ဖေါက်ပြန်ခြင်းသဘောနှင့် အစဉ်ကင်းလွတ် ၏။ ပရောဖက်ဉာဏ်သော်ငင်း၊ အမျိုးမျိုးသော ဘာသာစကားကို ပြောနိုင်သောအခွ င့်သော်ငင်း၊ သိပ္ပံအတတ်သော်ငင်း၊ ကွယ်ပျောက်လိမ့်မည်။**

## ၂၀။ မစိုးရိမ်တတ်သောအသက်တာ

စိုးရိမ်တတ်ခြင်းသည် ဘုရားသခင်ကိုအားမကိုးခြင်းဖြစ်သည်။ အဘယ်သို့ စားသောက်ရမည်ဟူ၍ငင်း၊ အသက်အဘို့ငင်း၊ အဝတ်အဘို့သော်ငင်း၊ စိုးရိမ်တတ် ကြသည်။ ထိုအရာများအတွက်ရိမ်ခြင်းသည် ဘုရားသခင်ကို မယုံကြည်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် စိုးရိမ် ခြင်းအမှုများကို ဘုရားသခင်ထံ၌ အပ်နှံဖို့ရန်လိုသည်။

**မဿဲ၊ ၆း၂၅-၃၄ ထို့ကြောင့် ငါဆိုသည်ကား၊ အဘယ်သို့ စားသောက်ရမည်ဟု အသက်အဘို့မစိုးရိမ်ကြနှင့်။ အဘယ်သို့ ဝတ်ရမည်ဟု ကိုယ်အဘို့မစိုးရိမ်ကြနှင့်။ အစာထက် အသက်မြတ်သည်မဟုတ်လော။ အဝတ်ထက် ကိုယ်မြတ် သည်မဟုတ် လော။၂၆ မိုဃ်းကောင်းကင်၌ ကျင်လည်သောငှက်များကို ကြည့်ရှုဆင်ခြင်ကြလော့။ ထိုငှက်တို့သည် မျိုးစေ့ကို မစိုက်မကြဲ၊စပါးကိုမရိတ်၊ ကျီ၌မစုမသွင်း။ သို့သော်လည်း ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် သူတို့ကို ကျွေးမွေးတော်မူ၏။ ထို**

၄က်တို့ထက် သင်တို့သည်အလွန်မြတ်သည်မဟုတ်လော။ ၂၇ အဘယ်သူသည် စိုးရိမ်ခြင်းအားဖြင့် မိမိအသက်တာကို တတောင်ခန့်မျှ တိုးပွားစေနိုင်သနည်း။ ၂၈အဝတ်အတွက်၌အဘယ်ကြောင့်စိုးရိမ်ရသနည်း။ တောနှင်းပင်တို့သည်အဘယ်သို့သောအားဖြင့် ကြီးပွားသည်ကို ဆင်ခြင်အောက်မေ့ကြလော့။ ထိုအပင်တို့သည် အလုပ်လည်းမလုပ်၊ ချည်ဖြစ်စေခြင်းငှါ မငင်မဝင့်။ ၂၉ သို့သော်လည်း ဘုန်းကြီးသော ရှောလမုန်မင်းကြီး၏အဝတ်သည် ထိုအပင်တပင်မျှ၏ အဝတ်ကို မမှီဟု ငါဆို၏။ ၃၀ ယုံကြည်အားနည်းသော သူတို့၊ယနေ့ အသက်ရှင်လျက် နက်ဖြန် မီးဖိုထဲသို့ရောက်သော တောမြက် ပင်ကိုဘုရားသခင်သည် ထိုသို့သောအဝတ်နှင့် ဖုံးလွှမ်းတော်မူလျှင်၊ ထိုမျှမက သင်တို့ကိုအဝတ်နှင့် ဖုံးလွှမ်း တော်မူမည် မဟုတ်လော။ ၃၁ထိုကြောင့် အဘယ်သို့ စားသောက်ရအံ့နည်း။ အဘယ်သို့ ဝတ်ရအံ့နည်းဟူ၍မစိုးရိမ်ကြနှင့်။ ထို အရာများကို သာသနာပလူတို့သည် ရှာဖွေတတ်ကြ၏။ ၃၂ ထိုအရာများကိုသင်တို့သည် အသုံးလိုကြောင်းကို ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည်သိတော်မူ၏။ ၃၃ဘုရားသခင်၏ နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားတော်ကို ရှေ့ဦးစွာရှာကြလော့။ နောက်မှ ထိုအရာ များကို ထပ်၍ပေးတော်မူလတံ့။ ၃၄ ထို့ကြောင့် နက်ဖြန်အဘို့မစိုးရိမ်ကြနှင့်။နက်ဖြန်နေ့သည် မိမိအဘို့စိုးရိမ်လိမ့်မည်။ ယခုနေ့၌ရှိသော မကောင်းမသင့်သောအရာသည် ယခုနေ့အဘို့ လောက်ပေ၏။

## ၂၁။ ကြောက်တတ်သောစိတ်မရှိရ

ကြောက်တတ်ခြင်းသည် စာတန်၏အလဲထိုးခြင်းဖြစ်သည်။ စာတန်သည်

ဘုရား၏နှုတ်ကပတ်တော်ကို မပြော၊ မဟောနိုင်အောင် ကြောက်တတ်သော စိတ်သဘောကိုပေးတတ်သည်။ သို့သော်လည်း ဘုရားသခင်သည် အကျွန်ုပ်တို့အား ကြောက်တတ် သောစိတ်တစ်ဘောကိုပေးသည်မဟုတ်၊ တန်ခိုးပါသောစိတ်၊ ချစ်တတ်သောစိတ်၊ ရှင်းလင်းသောစိတ်သဘောကို ပေးထားသည်။ ထို့ကြောက် နှုတ်ကပတ်တော်ကို ဟောပြောဖို့ရန် ကြောက်စရာမလိုတော့ချေ။ ရဲရဲရင့်ရင့် ဟောပြောရမည်ဖြစ်သည်။

**၂တိ၊ ၁း၇ အကြောင်းမူကား၊ ဘုရားသခင်သည် ကြောက်တတ်သော စိတ်သဘောကို ငါတို့အား ပေးတော်မူ သည်မဟုတ်၊ တန်ခိုးပါသောစိတ်၊ ချစ်တတ်သောစိတ်၊ ရှင်းလင်းသောစိတ်သဘောကို ပေးတော်မူ၏။**

## ၂၂။ သန့်ရှင်းသောဝိညာဥ်တော်ကိုစိတ်နာစေသောသူမဖြစ်ရ

ယုံကြည်သူများသည် မိမိအထဲ၌ရှိသော သန့်ရှင်းသောဝိညာဥ်တော်ကို စိတ်မနာစေဖို့ရန်အရေးကြီးသည်။ မည်သည့်အချိန်၌ သန့်ရှင်းသောဝိညာဥ်တော်သည် စိတ်နာနိုင်သနည်း၊ မုသာစကားပြောခြင်း၊ အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ စိတ်ကောက်ခြင်း၊ အော်ဟစ်ငေါက်ငေါ်ခြင်း၊ သူ့အသရေပျက်အောင်ပြောဆိုခြင်း၊ ခပ်သိမ်းသော မနာလိုခြင်း၊ ကျမ်းစာမဖတ်ခြင်း၊ ဘုရားကျောင်းမတတ်ခြင်း၊ ဆုမတောင်းခြင်းအရာ များတို့သည် သန့်ရှင်းသော ဝိညာဥ်တော်ကိုစိတ်နာစေသည်။

**ဧ၊ ၄း၂၅-၃၂ ထိုကြောင့်မုသားစကားကိုပယ်ရှား၍ မှန်သောစကားကိုသာ အချင်းချင်းတယောက်နှင့် တယောက် ပြောကြလော့။ အကြောင်းမူကား၊ ငါတို့သည်**

အချင်းချင်း အင်္ဂါချင်းဖြစ်ကြ၏။ ၂၆ အမျက်ထွက်ရာတွင် အပြစ်မရှိစေနှင့်။ ၂၇ အမျက်မပြေဘဲ နေမဝင်စေနှင့်။ မာရ်နတ်ကို အခွင့်မပေးကြနှင့်။ ၂၈ ခိုးတတ်သော သူသည် နောက်တဖန်မခိုးဘဲ၊ ဆင်းရဲသောသူအား ပေးကမ်းဝေငရန် ရှိစေခြင်းငှါ၊ မိမိ လက်နှင့် ကောင်းသောအလုပ်ကို လုပ်ဆောင်အားထုတ်စေ။ ၂၉ ညစ်ညူးသော စကားတခွန်းကိုမျှ သင်တို့နှုတ်ထဲက မထွက်စေနှင့်။ ကြားနာသော သူတို့၏အကျိုးကို ပြုစုစေခြင်းငှါ၊ တည်ဆောက်စရာဘို့ ကောင်းသော စကားကိုသာ သုံးဆောင်ကြလော့။ ၃၀ ရွေးနှုတ်ခြင်း နေ့ရက်တိုင်အောင် သင်တို့ကို တံဆိပ်ခတ်တော်မူသော ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်မနာစေကြနှင့်။ ၃၁ ခပ်သိမ်းသော စိတ်တိုခြင်း၊စိတ်ဆိုးခြင်း၊အမျက်ထွက်ခြင်း၊အော်ဟစ်ဝေါက်ဝေါ်ခြင်း၊ သူ့အသရေပျက်အောင်ပြောဆိုခြင်းတို့ကိုရင်း၊ခပ်သိမ်းသောမနာလိုခြင်းကိုရင်း၊သင်တို့မှ ပယ်ရှားကြလော့။ ၃၂ အချင်းချင်းကျေးဇူးပြုခြင်း၊ သနားစုံမက်ခြင်း၊ ဘုရားသခင်သည် ခရစ်တော်ကြောင့် သင်တို့၏အပြစ်ကို လွှတ်တော်မူသကဲ့သို့ အချင်းချင်း အပြစ်လွှတ်ခြင်း ရှိကြလော့။

## ၂၃။ စွန့်ကြဲပေးကမ်းတတ်သောအသက်တာ

ပေးကမ်းစွန့်ကြဲခြင်းကို ဘုရားသခင်ကအစပြုပေးခဲ့သည်။ သူ၌တစ်ပါး တည်းသောသားတော်ကို အပြစ်သားများ အတွက်နှမြောခြင်းမရှိဘဲ ပေးခဲ့သည်။ ထို့နည်းတူဆင်းရဲသောမုတ်ဆိုးမသည်လည်း ရှိသမျှကိုပေးကမ်းသည်။ ကျွန်ုပ်တို့သည်လည်း ရှိသမျှကို စွန့်ကြဲပေးကမ်းတတ်ဖို့ရန်လိုသည်။

**လု၊ ၂၁း၁-၄ထိုနောက် ကိုယ်တော်သည် မျှော်ကြည့်၍၊ ငွေရတတ်သောသူတို့သည် အလှူဒါနကို ဘဏ္ဍာတိုက် ထဲသို့ သွင်းချသည်ကို မြင်တော်မူ၏။ ၂ ဆင်းရဲသောမုတ်ဆိုးမတယောက်သည်လည်း ကြေးနီဒင်္ဂါးနှစ်ပြား သွင်းချသည်ကို မြင်တော်မူလျှင်၊ ၃ ငါအမှန်ဆိုသည်ကား၊ ထိုဆင်းရဲသော မုတ်ဆိုးမသည် အခြားသောသူ အပေါင်းတို့ထက် သာ၍ သွင်း ချပြီ။ ၄ အကြောင်းမူကား၊ ထိုသူအပေါင်းတို့သည် မိမိတို့ကြွယ်ဝသော စည်းစိမ်ထဲကနှုတ်၍ ဘုရားသခင်၏ အလှူတော်စုထဲသို့ သွင်းချကြ၏။ ထိုမိန်းမမူကား၊ အလွန်ဆင်းရဲလျက်ပင် မိမိအသက်မွေးစရာ ဥစ္စာရှိသမျှကို သွင်းချလေပြီဟု မိန့်တော်မူ၏။**

## ၂၄။ ဘုရားကိုကိုးစားတတ်သောအသက်တာ

ခါနာန်အမျိုးဖြစ်သောမိန်းမတစ်ယောက်သည် သူ၏သမီးသည် နတ်ဆိုးနှိပ်စက်ခြင်းကိုခံရသောကြောင့် ခရစ်တော်ထံ၌အသနားခံကြောင်းကိုကျမ်းစာထဲ၌တွေ့ရသည်။ သို့သော်လည်း ခရစ်တော်သည် ထိုမိန်းမကိုစကားတစ်ခွန်းမျှမပြောဘဲ၊ နောက်ဆုံး၌ သား၏အစာကိုယူ၍ခွေးအားမပေးမချအပ်ဟု ပြန်ပြောတော်မူကြောင်းကိုတွေ့ရသည်။ ခါနာန်အမျိုးသမီးသည်လည်း ယုံကြည်ခြင်းနှင့်တိုးဝင်သောကြောင့် သူ၏ယုံကြည်ခြင်းကြောင့် သူ၏သမီးကျန်းမာခြင်းသို့ရောက်ကြောင်းကိုတွေ့ရသည်။ ထို့နည်းတူ ကျွန်ုပ်တို့သည်လည်း ယုံကြည်ခြင်းနှင့် ဘုရားသခင်ထံတော်သို့တိုးဝင်ဖို့ရန်လိုအပ်သည်။

**မဿ၊ ၁၅း၂၁-၂၈ယေရှုသည် ထိုအရပ်မှထွက်၍ တုရုမြို့နှင့် ဇိဒုန်မြို့၏ ကျေး**

လက်သို့ကြွတော်မူလျှင်၊ ၂၂ ခါနာန်အမျိုးဖြစ်သောမိန်းမတယောက်သည် ထိုနယ်စပ်မှထွက်လာ၍၊ ဒါဝိဒ်၏သားတော်ရှင်၊ ကျွန်မ ကို သနားတော်မူပါ။ ကျွန်မ၏သမီးသည် နတ်ဆိုးနှိပ်စက်ခြင်းကို ပြင်းစွာခံရပါသည်ဟု ဟစ်ကြော်သော်လည်း စကားတခွန်းမျှ ပြန်တော်မမူ။ ၂၃ တပည့်တော်တို့သည်ချဉ်းကပ်၍၊ ထိုမိန်းမပြန်သွားရသောအခွင့်ကို ပေးတော်မူပါ။ ငါတို့နောက်သို့ လိုက်၍ ဟစ်ကြော်လျက်နေပါသည်ဟုတောင်းလျှောက်ကြ၏။ ၂၄ကိုယ်တော်ကလည်း၊ ဣသရေလအမျိုးအဝင် ပျောက်လွှင့်သောသိုးများမှတပါး အခြားသောအမျိုးရှိ ရာသို့ ငါ့ကိုမစေလွှတ်ဟု မိန့်တော်မူ၏။ ၂၅ ထိုမိန်းမသည် ချဉ်းကပ်၍ပြပ်ဝပ်လျက် ကျွန်မကို ကယ်တော်မူပါသခင်ဟု လျှောက်ပြန်လျှင်၊ ၂၆ ကိုယ်တော်က၊ သား၏အစာကိုယူ၍ ခွေးအားမပေးမချအပ်ဟု ပြန်ပြောတော်မူ၏။ ၂၇ မိန်းမကလည်းမှန်ပါ ၏သခင်၊ ခွေးမည်သည်ကား မိမိသခင်၏စားပွဲမှကျသောစားနပ်စားပေါက်ကို စားမြဲထုံးစံရှိပါ၏ဟု လျှောက်ပြန်လျှင်၊ ၂၈ အိုမိန်းမ၊ သင်သည်ယုံကြည်အားကြီးလှပြီ။ သင့်အလိုရှိသည်အတိုင်း သင်၌ဖြစ်စေဟုမိန့်တော်မူ၏။ ထိုအချိန်မှစ၍ ထိုမိန်းမ၏သမီးသည် ကျန်းမာပကတိဖြစ်လေ၏။

## ၂၅။ ဘုရားကိုကိုးကွယ်တတ်သောအသက်တာ

ဘုရားသခင်သည် အသက်ရှင်သောကြောင့် ကိုးကွယ်ရန်ထိုက်သော ဘုရားဖြစ်သည်။ ယောရှုက ငါနှင့်ငါ့အိမ်သားမှန်လျှင် ထာဝရဘုရားကိုသာ ကိုးကွယ်ရမည်ဟု ဆိုသကဲ့သို့ ကျွန်ုပ်တို့သည်လည်း မိမိအိမ်သူအိမ်သားများနှင့်အတူ ထာဝရဘုရား

သခင်ကိုသာ ကိုးကွယ်ဖို့ရန်လိုအပ်သည်။ ဘုရားဖက်၌ ပြတ်ပြတ်သားသားရပ်တည် ဖို့လိုသည်။

**ယောရှု၊ ၂၄း၁၄-၁၆ ယခုမှာ ထာဝရဘုရားကို ကြောက်ရွံ့၍ ကြည်ဖြူ ခြင်း၊ သစ္စာစောင့်ခြင်းနှင့်တကွ ဝတ်ပြုကြလော့။ မြစ်ကြီး တဘက်၌ရင်း၊ အဲဂုတ္တုပြည်၌ ရင်း၊ ဘိုးဘေးတို့ဝတ်ပြု သော ဘုရားများကို ပယ်၍ ထာဝရဘုရားကိုသာ ဝတ်ပြု ကြ လော့။ ၁၅ သို့မဟုတ် ထာဝရဘုရားအား ဝတ်မပြုကောင်း ဟု သင်တို့ထင်လျှင်၊ မြစ် ကြီးတဘက်၌ ဘိုးဘေးတို့ဝတ်ပြု သောဘုရား၊ သင် တို့နေရာ အာမောရိပြည်သား တို့၏ ဘုရားများတွင်၊ အဘယ်မည်သော ဘုရားတို့အား ဝတ်ပြု မည်အရာကို ယနေ့ ရွေးကြလော့။ ငါနှင့် ငါ့အိမ်သားဖြစ် လျှင် ထာဝရဘုရားကိုသာ ဝတ်ပြုမည်ဟု ဆိုလေ သော်၊ ၁၆ လူများတို့က အခြားတပါးသောဘုရား တို့ကို ဝတ်ပြုခြင်းငှါ ထာဝရဘုရား ကို စွန့်သောအမှုသည် အကျွန်ုပ်တို့နှင့် ဝေးပါစေသော။**

## ၂၆။ လူရှေ့၌ဘုရားကိုဝန်ခံတတ်သောအသက်တာ

လူများရှေ့မှာ ဘုရားသခင်၏ကောင်းမြတ်ခြင်းအကြောင်းကို ဝန်ခံဖို့ရန်လို သည်။ လူရှေ့မှာမရှက်မကြောက်ဘဲ ဝန်ခံခြင်းသည် သမ္မာတရား၌ရပ်တည်ခြင်း ပင်ဖြစ်သည်။ လူ့မျက်နှာကိုမထောက်ဘဲ၊ဘုရားမျက်နှာကိုထောက်ရှု့ဖို့ရန်သာလျှင် အရေးကြီးသည်။

**မဿဲ၊ ၁၀း၃၂-၃၃ အကြင်သူသည် လူတို့ရှေ့မှာငါ့ကိုဝန်ခံအံ့။ ကောင်းကင်**

ဘုံ၌ရှိသော ငါ၏ခမည်းတော်ရှေ့မှာ ထိုသူကို ငါဝန်ခံမည်။ ၃၃ အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကိုငြင်းပယ်အံ့။ ကောင်းကင်ဘုံ၌ရှိသော ငါ၏ခမည်းတော်ရှေ့မှာ ထိုသူကို ငါငြင်းပယ်မည်။

## ၂၄။ ကိုယ်အပြစ်ကိုဝန်ခံတတ်သောအသက်တာ

လူသားများအားလုံးသည် ပြည့်စုံသောသူ၊ စုံလင်သောသူ တစ်ယောက်မျှမရှိ၊ မြင်နိုင်သောအပြစ်၊ မမြင်နိုင်သော အပြစ်၊ သိနိုင်သောအပြစ် မသိနိုင်သောအပြစ် ရှိကြသောသူများဖြစ်ကြသည်။ ထို့ကြောင့် မိမိ၏အပြစ်များကို ဝန်ခံတတ်သောသူဖြစ်ဖို့ရန်လိုသည်။ အချို့သောသူများသည် မိမိ၏အပြစ်ကိုမမြင်ဘဲ သူတစ်ပါး၏အပြစ်ကိုသာမြင်တတ်ကြသည်။မိမိ၌အပြစ်မရှိဟုထင်တတ်ကြသည်။ ထို့ကြောင့်ကျမ်းစာ၌ဤသို့ရေးထားသည်။

**၁ယော၊ ၁း၈-၁၀ကိုယ်အပြစ်မရှိဟု ငါတို့သည်ဆိုလျှင်၊ ကိုယ်ကိုကိုယ်လှည့်ဖြားကြ၏။ ငါတို့၌သစ္စာတရားမရှိ။ ၉ ကိုယ်အပြစ်တို့ကို ဘော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်ရင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်ရင်း ပြည့်စုံတော်မူ၏။ ၁၀ ဒုစရိုက်ကို မပြုပြီဟု ငါတို့သည်ဆိုလျှင်၊ ဘုရားသခင်ကို မုသာအပြစ်တင်ကြ၏။ နှုတ်ကပတ်တော် လည်း ငါတို့၌မရှိ။**

## ၂၈။ လောကကိုချစ်သောသူမဖြစ်ရ

လောက၏အရာများသည် လောကနှင့်သာဆိုင်သည်၊၊ ကောင်းကင်နိုင်ငံ၏အရာများသည် ကောင်းကင်နှင့်သာဆိုင်သည်။ လောကအရာများသည် ထာဝရမတည်မြဲသောအရာများဖြစ်ကြသည်။ ထို့ကြောင့် ဤလောကကိုမချစ်သင့်ချေ။

**၁ယော၊ ၂း၁၅-၁၇လောကကိုရင်း၊ လောက၌ရှိသောအရာတို့ကိုရင်း၊ မချစ်ကြနှင့်။ လောကကိုချစ်သောသူမည်သည်ကား၊ ခမည်းတော်ကို ချစ်ခြင်းမေတ္တာမရှိ။ ၁၆ လောက၌ရှိသမျှသော အရာတည်းဟူသော ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကီ စည်းစိမ်၌ဝါကြွားခြင်းတို့သည် ခမည်းတော်နှင့်မစပ်ဆိုင်၊ လောကနှင့်သာစပ်ဆိုင်ကြ၏။ ၁၇ လောကနှင့်လောကီတပ်မက်ခြင်းသည် ရွေ့သွားကွယ်ပျောက်တတ်၏။ ဘုရားသခင်၏ အလိုတော်နှင့် အညီ ကျင့်သောသူမူကား၊ နိစ္စထာဝရတည်၏။**

## ၂၉။ ငွေကိုတပ်မက်သောသူမဖြစ်ရ

ငွေကိုတပ်မက်ခြင်းသည် ကြောက်ဖို့ကောင်းသည် လူအများစုသည် ငွေနောက်ကိုလိုက်ကြသောကြောင့် ဘုရားသခင်နှင့်ဝေးသွားကြသည်။ ထို့ကြောင့် စားရန်ဝတ်ရန်နှင့် ကျေနပ်၍ ဘုရားသခင်နှင့် အမြဲတမ်းမိတ်ဿဟာယဖွဲ့ဖို့ရန်သာ အရေးကြီးသည်။

၁တိ၊ ၆း၆-၁၀ရောင့်ရဲသောစိတ်ပါလျှင်၊ ဘုရားဝတ်၌ မွေ့လျော်ခြင်းသည် ကြီးစွာသော အကျိုးစီးပွါးမှန်၏။ ၇ အကြောင်းမူကား၊ ငါတို့သည် ဤလောကထဲသို့ အဘယ်အရာမျှမပါဘဲ လာသည်ဖြစ်၍၊ ထွက်သွားလျှင်လည်း၊ အဘယ်အရာကိုမျှ ယူ၍ မသွားနိုင်ဟု ထင်ရှားလျက်ရှိ၏။ ၈ သို့ဖြစ်၍၊ စားရန်၊ ဝတ်ရန်ရှိသမျှနှင့် ရောင့်ရဲလျက်နေကြကုန်အံ့။ ၉ ငွေရတတ်ခြင်းငါအလိုရှိသောသူတို့သည် အပြစ်သွေးဆောင်ခြင်း၊ ဘမ်းမိခြင်း၊ မိုက်မဲဖျက်ဆီး တတ်သော တပ်မက်ခြင်းများထဲသို့ ကျရောက်တတ်ကြ၏။ ထိုသို့သောအားဖြင့် လူတို့သည် အကျိုးနည်းခြင်း၊ ပျက်စီးခြင်း၌ နစ်မွန်းတတ်ကြ၏။ ၁၀ အကြောင်းမူကား၊ ငွေကိုတပ်မက်ခြင်းသည် မကောင်းသော အမှုအပေါင်းတို့တွင် မူလအမြစ်ဖြစ် သတည်း။ လူအချို့တို့သည်ငွေကို တပ်မက်သောကြောင့် ယုံကြည်ခြင်းတရားလမ်းမှလွဲသွား၍၊ ပူပန်ခြင်းဝေဒနာများနှင့် ကိုယ်ကိုကိုယ်ထုတ်ချင်းခပ်အောင်ထိုးကြပြီ။

## ၃၀။ ဆယ်ဘို့တစ်ဘို့မှန်မှန်ပေးသောအသက်တာ

ဆယ်ဘို့တစ်ဘို့သည် ဘုရား၏ဥစ္စာဖြစ်သောကြောင့် ဘုရားသခင်ကိုမှန်မှန်ပေးသင့်သည်။ အချို့သောသူများတို့သည် ဘုရားသခင်၏ဥစ္စာကိုမပေးပဲနေကြသည်။ ပေးဖို့ရန်လည်းမလိုဟုဆိုကြသည်။ ထိုသို့မဟုတ်ဘဲ ပေးဖို့ရန်လိုအပ်သည် ။ ထိုအရာများကိုဘုရားသခင်၏နိုင်ငံတော်ကျယ်ပြန့်ဖို့ရန်အတွက်အသုံးပြုရမည့်အရာဖြစ်သည်။ ဆယ်ဖို့တစ်ဖို့ကို ကိုယ်ပါဝင်နေသောအသင်းတော်၌သာပေးရမည်။

အခြားသောနေရာ၌မပေးရ။ ထိုကြောင်းအရာများကိုအောက်ပါကျမ်းစာထဲ၌ဤသို့တွေ့ရသည်။

**မာလခိ၊ ၃း၈-၁၀ လူသည် ဘုရားသခင်၏ဥစ္စာတော်ကို လုယူရ မည်လော။ သို့သော်လည်း၊ သင်တို့သည် ငါ့ဥစ္စာကို လုယူ ကြပြီ။ အကျွန်ုပ်တို့သည် အဘယ်သို့လုယူပါသနည်းဟု သင်တို့မေးလျှင်၊ ဆယ်ဘို့တဘို့ကိုရင်း၊ ပူဇော်သက္ကာတို့ ကိုရင်း လုယူကြပြီ။၉သင်တို့သည် ကျိန်ခြင်းအမင်္ဂလာကို ခံရကြ၏။ အကြောင်းမူကား၊ ပြည်သူပြည်သားအပေါင်းတို့သည် ငါ့ ဥစ္စာကို လုယူကြပြီ။ ၁၀ ဆယ်ဘို့တဘို့ ရှိသမျှကို ဘဏ္ဍာတိုက်ထဲသို့ သွင်း ၍၊ ငါ့အိမ်တော်၌ စားစရာရှိစေခြင်းငှါ ပြုကြလော့။ ငါသည် မိုဃ်းကောင်းကင်ပြတင်းပေါက်တို့ကို ဖွင့်၍ ကောင်းကြီးမင်္ဂလာကို အကုန်အစင်သွန်းလောင်းမည် မသွန်းလောင်းမည်ကို ထိုသို့ စုံစမ်းကြလော့ဟု ကောင်း ကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။** ( ဟဂ္ဂဲ၊ ၁း၁-၁၁ ဆက်လက်လေ့လာနိုင်သည်)။

## ၃၁။ ဧည့်သည်ကိုကြိုဆိုတတ်သောအသက်တာ

ယုံကြည်သူများ ဧည့်သည်ကို ဧည့်ခံတတ်ဖို့ရန်လိုအပ်သည်။ အချို့သောသူများသည် ဧည့်သည်ကို ဧည့်ခံချင်ကြသော်လည်း၊ အချို့သောသူများသည် ဧည့်သည်ကိုမကြိုက်၊ လက်မခံချင်ကြ၊ သို့သော် ဧည့်သည်၌ကောင်းကြီးရှိသည်။

**ဟေဗြဲ၊ ၁၃း၁-၂ ညီအစ်ကိုချင်းချစ်ခြင်းမေတ္တာ၌တည်ကြလော့။ ဧည့်သည်**

ဝတ်ပြုခြင်းအမှုကို မမေ့မလျော့ကြနှင့်။ ၂အချို့သောသူတို့သည် ဧည့်သည်ဝတ်ကို ပြုသည်တွင်၊ ကောင်းကင်တမန်တို့ကို အမှတ်တမဲ့ ဧည့်ခံကြပြီ။

## ၃၂။ ပျင်းရိတတ်သောသူမဖြစ်ရ

အချို့ယုံကြည်သူများသည် ပျင်းရိတတ်ကြသည်။ ကျမ်းစာဖတ်ဖို့ပျင်း၊ ဆုတောင်းဖို့ပျင်း၊ သက်သေခံဖို့ပျင်း၊ ဘုရားကျောင်းတတ်ဖို့ပျင်း၊ အပျင်းထူကြသည် ထိုသို့သောသူများသည် ပရွက်ဆိတ်ထံသို့သွား၍၊ သူ၏ အပြုအမူတို့ကို ဆင်ခြင်၍ ပညာသင်ဖို့ရန်လိုကြောင်းကိုကျမ်းစာထဲ၌ ဤသို့တွေ့ရသည်။

**သု၊ ၆း၆-၁၁ အချင်းလူပျင်း၊ ပုရွက်ဆိတ်ထံသို့သွား၍၊ သူ၏ အပြုအမူတို့ကို ဆင်ခြင်သဖြင့် ပညာရှိစေလော့။ ၇ ပရွတ်ဆိတ်သည်ဆရာမရှိ၊ပဲ့ပြင်သောသူမရှိ၊ မင်းမရှိဘဲလျက်၊ ၈ နွေကာလနှင့် စပါးရိတ်ရာကာလ၌ မိမိ စားစရာအစာကို ရှာဖွေသိုထားတတ်၏။ ၉ အိုလူပျင်း၊ သင်သည် အဘယ်မျှကာလပတ်လုံး အိပ်လျက်နေလိမ့်မည်နည်း။ အဘယ်သော အခါနိုးလိမ့်မည် နည်း။ ၁၀ ခဏအိပ်လျက်၊ ခဏပျော်လျက်၊ အိပ်ပျော် အံ့သောငှါ ခဏလက်ချင်းပိုက်လျက် နေစဉ်တွင်၊ ၁၁ ဆင်းရဲခြင်းသည် ခရီးသွားသော သူကဲ့သို့၎င်း၊ ဥစ္စာပြုန်းတီးခြင်းသည် သူရဲကဲ့သို့၎င်း ရောက်လာ လိမ့်မည်။**

## ၃၃။ ကောင်းကင်၌ဘဏ္ဍာဆည်းဖူးသောအသက်တာ

လူအများစုသည်ဘဏ္ဍာကိုဤလောက၌သာစုဆောင်းကြသည်။ သို့သော်

ဘုရားသခင်မှာထားသောအရာသည်ကောင်းကင်၌သာ ဘဏ္ဍာများကိုစုဆောင်းထား ဖို့မှာထားသည်။ ကောင်းကင်၌သာ ဘဏ္ဍာကို ဆည်းဖူးကြပါစို့။

**မဿဲ၊ ၆း၁၉-၂၃ သံချေး၊ ပိုး၍ဖျက်ဆီး၍ သူခိုးထွင်းဖောက်ခိုးယူရာ မြေကြီး ပေါ်မှာ ဘဏ္ဍာကို မဆည်းဖူးကြနှင့်။ ၂၀ သံချေး၊ ပိုး၍ မဖျက်ဆီး၍ သူခိုးမထွင်းမ ဖောက် မခိုးမယူရာ ကောင်းကင်ဘုံ၌ ဘဏ္ဍာကိုဆည်းဖူး ကြလော့။ ၂၁အကြောင်း မူကား၊ အကြင်အရပ်၌ သင်တို့၏ဘဏ္ဍာရှိ၏။ ထိုအရပ်သို့ သင်တို့၏ စိတ်နှလုံး ရောက် တတ်၏။ ၂၂ မျက်စိကား ကိုယ်၏ ဆီမီးဖြစ်၏။ ထိုကြောင့် မျက်စိ ကြည်လင်လျှင် တကိုယ်လုံးလင်းလိမ့်မည်။ ၂၃ မျက်စိမြွေးရှက်လျှင် တကိုယ်လုံး မိုက်လိမ့်မည်။ သင်၏ အလင်းသော်ကား၊ မှောင်မိုက်ဖြစ်လျှင် ထို အမိုက်သည် အလွန်မိုက်စွတကား။**

## ၃၄။ ဇာတိပကတိနှင့်အသက်ရှင်သောသူမဖြစ်ရ

ဇာတိပကတိစိတ်သဘောသည် ဘုရားသခင်နှင့် ဆန့်ကျင်ဘက်ဖြစ်သော ကြောင့် ဘုရားသခင်၏ အလိုတော်သို့မလိုက်တတ်၊ ဘုရား၏စိတ်တော်နှင့်လည်း မတွေ့နိုင်၊ ဇာတိပကတိစိတ်သဘောသည် သေခြင်းအကြောင်းဖြစ်သည်ဟုဆို ထားသည်။ ဝိညာဉ်ပကတိစိတ်သဘောသည် အသက်ရှင်ခြင်းအကြောင်းနှင့်ငြိမ် သက်ခြင်းအကြောင်း ဖြစ်သည်ဟုဆိုထားသည်။ ထို့ကြောင့်ဇာတိပကတိ စိတ်သဘောကို ပယ်ရှား၍၊ ဝိညာဉ်ပကတိနှင့် အသက်ရှင်ဖို့ရန်လိုသည်။

ရောမ၊ ၈း၅-၈ ဇာတိပကတိရှိသောသူတို့သည် ဇာတိပကတိ နှင့်စပ်ဆိုင်သော အရာတို့ကိုစွဲလမ်းသောစိတ်သဘော ရှိကြ၏။ ဝိညာဉ်ပကတိရှိသော သူတို့မူကား၊ ဝိညာဉ် ပကတိနှင့်စပ်ဆိုင်သောအရာတို့ကို စွဲလမ်းသော စိတ်သဘောရှိကြ၏။ ၆ ဇာတိပကတိစိတ်သဘောသည် သေခြင်းအကြောင်းဖြစ်၏။ ဝိညာဉ်ပကတိစိတ်သဘောသည် အသက်ရှင်ခြင်းအကြောင်းနှင့် ငြိမ်သက်ခြင်းအကြောင်း ဖြစ်၏။ ၇ အဘယ်ကြောင့်နည်းဟူမူကား၊ ဇာတိပကတိ စိတ်သဘောသည် ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်၏။ ဘုရားသခင်၏တရားတော်အလို သို့မလိုက်တတ်။ ထိုမျှမကမလိုက်နိုင်။ ၈ထိုကြောင့် ဇာတိပကတိ၌ ကျင်လည်သော သူတို့သည် ဘုရားသခင်၏ စိတ်တော်နှင့်မတွေ့နိုင်ကြ။

## ၃၅။ အချိန်ကိုရွေးနှုတ်တတ်သောအသက်တာ

ယခုနေ့ရက်ကာလတို့သည် ဆိုးယုတ်သောကြောင့် အချိန်များကိုရွေးနှုတ်၍ မိမိ၏ဝိညာဉ်အတွက် အချိန်ကိုအသုံးပြုဖို့ရန်လိုသည်။ လောကအတွက်ပဲ အချိန်များကိုမကုန်စေဘဲ၊ ဝိညာဉ်ပိုင်းအကျိုးအတွက်လဲ အချိန်များကိုအသုံးပြုဖို့ရန်လိုအပ်သည်။

**ဧ၊ ၅း၁၅-၁၈ ထိုကြောင့် ပညာမဲ့ကဲ့သို့မဟုတ်၊ ပညာရှိကဲ့သို့ စေ့စေ့မြှော်မြှော်ကျင့်ဆောင်မည်အကြောင်း သတိပြုကြ လော့။ ၁၆ယခု နေ့ရက်ကာလတို့သည် ဆိုးယုတ်သောကြောင့် ကာလအချိန်ကို ရွေးနှုတ်ကြလော့။ ၁၇ ထိုကြောင့် သတိမရှိသောသူမ**

**ဖြစ်၊သခင်ဘုရား၏ အလိုတော်ရှိရာကို ပိုင်းခြင်း၍ သိသောသူ ဖြစ်ကြ လော့။ ၁၈ လွန်ကျူးစေတတ်သော စပျစ်ရည်နှင့်ယစ်မူးခြင်းကိုရှောင်၍ ဝိညာဉ်တော်နှင့်ပြည့်စုံ လျက်ရှိကြလော့။ ၁၉ဆာလံသီချင်းမှစသောဓမ္မသီချင်း အမျိုးမျိုးတို့ကို အချင်းချင်း ပြောဆိုဘတ်ရွတ်၍၊ နူးညွတ်သော စိတ်နှလုံးနှင့် သခင်ဘုရားရှေ့တော်၌ ကျူး ရင့်သီချင်း ဆိုကြလော့။**

## ၃၆။ မာရ်နတ်ကိုဆီးတားသောအသက်တာ

မာရ်နတ်သည် အသွေးအသားမရှိသောရန်သူဖြစ်သည်။ မာရ်နတ်ကို မည် ကဲ့သို့ဆီးတားနိုင်မည်နည်း၊ ဘုရား၏အလိုတော်နှင့်အညီ အသက်ရှင်၍၊ ဘုရား၏စကားကိုနားထောင်သောအားဖြင့် မာရ်နတ်ကိုဆီးတားနိုင်သည်။ မိမိပညာ၊ မိမိ၏အစွမ်းအားဖြင့် မဆီးတားနိုင်။ မာရ်၏အဆီးတားခြင်းကိုကိုယ်ကိုတိုင် မခံမိ စေဖို့ရန်အရေးကြီးသည်။

**ယာ၊ ၄း၇-၈ ထို့ကြောင့်၊ ဘုရားသခင်၏အလိုတော်သို့ လိုက်ကြလော့။ မာရ်နတ်ကို ဆီးတားကြလော့။ သို့ပြုလျှင်၊ သူသည် သင်တို့ထံက ပြေးသွားလိမ့်မည်။ ၈ ဘုရားသခင်၌ချဉ်းကပ်ကြလော့။ သို့ပြုလျှင်၊ သင်တို့၌ချဉ်းကပ်တော်မူလိမ့်မည်။ အပြစ်ရှိသောသူတို့၊ သင်တို့လက်ကို စင်ကြယ်စေကြလော့။ စိတ်နှစ်ခွရှိသာသူတို့၊ သင်တို့စိတ်နှလုံးကို သန့်ရှင်းစေကြလော့။**

အသင်းတော်စာအုပ်ကိုလေ့လာသူများ အရောက်တိုင်းအပေါ်ဘုရားသခင်က ခန္ဓာပိုင်းကောင်းကြီး၊ စိတ်ပိုင်းဆိုင်ရာ ငြိမ်သက်ဝမ်းမြောက်ခြင်း ကောင်းကြီး၊ ဝိညာဉ်ပိုင်းကောင်းကြီးများကိုပေးပါစေ။ အာမင်။